ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

## ပိုင်ဆိုင်ခွင့်လေးပေးစေချင်

အချစ်
လုံးချင်းဝတ္ထုသစ်



## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၄၊ ဇန်နဝါရီ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | - | ၁၆၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

မမသဒ္ဒါမောင် ၈၉၅.၈၃

ပိုင်ဆိုင်ခွင့်လေး ပေးစေချင် /မမသဒ္ဒါမောင်။ - ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၄ ။

၂၉၁ - စာ ၊ ၁၂.၃ × ၁၈ စင်တီ ။

(၁) ပိုင်ဆိုင်ခွင့်လေး ပေးစေချင်

# မမသဒ္ဒါမောင်

# ပိုင်ဆိုင်ခွင့်လေး ပေးစေချင်

## အပိုင်း(၁)

လောကမှာ ကိုယ်ကသိုယ်လိုမှကြည့်လို့ရတဲ့ လူတစ်ယောက်နဲ့ အဖြူတမေမြင်တွေ့နေရပြီး ကိုယ်ကြောနေချင်တဲ့ လူ့အထံကို အစဥ်အမြဲကြားနေရလိမ့်မယ်လို့ ဘယ်သူက ထင်ထားပါ့မလဲ ....

ကျွန်မက တကယ်ကို ကြုံခဲ့ရတာပါ။ သူ့ကို နည်းနည်းကလေးမှ စိတ်မဝင်စား ရင်မခုန်ပါလျက်နဲ့ ဘယ်လိုဖြစ်ပြီး ကျွန်မရဲ့အနီးဆုံးကို သူ ရောက်လာခဲ့တာပါလိမ့်....

ခင်းကို ဘယ်လိုမှ မေ့ကွာမထားနိုင်တဲ့ ရှက်စုန်းကျူးနေ ပါတယ်ဆိုမှ ကျွန်မအပေါ်မှာ သူက တစ်ဖက်သတ် ကြင်နာခြင်းတွေနဲ့ ချစ်ခြင်းတွေ တစ်ပြုံကြီး လာပုံပေးနေရတယ်လို့....

ခက်လည်းခက်ပါရဲ့....

နှင်းစက်ချို



# အခန်း (၁)

ကားက လမ်းကြားထဲကိုဝင်ပြီး ရပ်လိုက်ပါ၏။ ကန်ထရိုက်တိုက်တွဲရှေ့မှာမို့ Platform ပေါ်မှာ ရှင်းလင်းနေလေသည်။ မည်သည့်ပစ္စည်း၊ မည်သို့သောအပင်မျိုးမှမရှိ၊ လမ်းဘေးမှာ ထီးထီးကြီးရှိနေပါသည်။ ကုက္ကိုလ်ပင်ကြီးဘေးမှာကဖြင့် မြို့တော်စည်ပင်က လာချထားသည့် အမှိုက်ပုံးစိမ်းစိမ်းကြီး ရှိနေလေသည်။

နာခေါင်းကို ရှုံ့လိုက်မိ၏။ အမှိုက်ပုံးကြီး ဒီနား လာထားမှတော့ ပတ်ဝန်းကျင် နံစော်ကုန်ပေမပေါ့။ ခေတ်မီ လှလှပပတိုက်တွဲကြီးက ခမ်းနားပါလျက်နဲ့ ရှေ့နားမှာ ဒီလို ပဿဒကို ဖျက်ဆီးနေသည့် အမှိုက်ပုံးလေးထောင့်ကြီး ရှိနေစရာလား။ နေ

ပါဦး. . . စာတမ်းဖြူဖြူလေး ရှိနေပါလား။

**အမှိုက်များကို သေချာထုပ်ပိုးပြီးမှ ပစ်ပါ။**

အင်း. . . ဆိုးတော့မဆိုးပါဘူး။ သေချာထုပ်ပိုးပါဆိုတော့ စွန့်ပစ်အမှိုက်တွေက မကျန်ဘဲ အနံ့ဆိုးတွေ မထွက်တော့ဘူးလေ။ တော်ပါသေးရဲ့။

''အစ်မ. . . ပစ္စည်းတွေ အကုန်ချပြီးပါပြီ။ ဘယ်အထပ်ကို ပို့ပေးရမှာပါလဲ''

''ဪ! အင်း. . . လေးလွှာက အခန်း(၁၆) ကိုပါ''

''ဒါဖြင့် စသယ်တော့မယ်နော်''

''အေးအေး. . . နေဦး။ အခန်းသော့ ဖွင့်ရဦးမှာ''

အလုပ်သမားတွေရှေ့မှ ခပ်သုတ်သုတ်လျှောက်၍ လှေကားထစ်တွေကို နင်းတက်ခဲ့ပါ၏။ နဂိုက ဒီနေရာက ဘိုးဘွားပိုင်မြေကြီးပါ။ လမ်းထဲမှာ သူဌေးတွေက ခြံကျယ်ကျယ် မြေကျယ်ကျယ်တွေ ဝယ်ကြပြီး၊ နောက်ဆုံးပေါ်တိုက်တွေက ဟောတစ်လုံး ဟောတစ်လုံးဖြင့် နှစ်ထပ်တွေ သုံးထပ်တွေ ဟီးနေအောင်ဆောက်ကြတော့တာလေ။





ဒီတော့ ချုံရိုင်းတွေဖြင့် တောလိုဖြစ်နေသည့် ဒီမြေကို မျက်စောင်းထိုးလာကြတော့တာပါပဲ။ မေမေတို့က မောင်နှမလည်း များတာမို့ ဒီမြေကိုရောင်းပြီး အမွေခွဲရင် ငွေက နည်းနည်းလေးသာ ရတော့မှာလေ။ နောက်ဆုံးတော့ ကန်ထရိုက်လက်ထဲအပ်ပြီး တိုက်ခန်းခွဲယူ၊ ငွေလည်းပြန်ရစနစ်ဖြင့် ခွဲဖြစ်ကြတာပင်။

မောင်နှမလေးဦးကို တိုက်ခန်း(၄)ခန်းနှင့် ငွေက သိန်း(၄၀၀)ရလေ၏။ ကျန်တဲ့ဆွေမျိုးတွေက တိုက်ခန်းမှာ ကျဉ်းကျဉ်းကျပ်ကျပ် မနေချင်တာကြောင့် ဒီအခန်းကိုပြန်ရောင်းကြပြီး ငွေသားချည်း ယူသွားကြပါသည်။ ကျွန်မကတော့ တိုက်ခန်းကို မရောင်းဘဲ ငှားချင်ငှား၊ နေချင်နေမယ်ဆိုပြီး ငွေကို ပွားစားဖို့ ရည်ရွယ်ခဲ့ပါ၏။

ဖေဖေနှင့်မေမေက သားသမီးသုံးဦးထွန်းကားပြီး အကြီးဆုံးသားက 'ဝါဆိုဦး။ အလတ်သမီးက ကျွန်မ 'နှင်းစက်ချို'၊ အငယ်ဆုံးသမီးက 'နွေနှောင်းမြူ'ပါ။ ကိုကိုက အင်ဂျင်နီယာရာထူးဖြင့် သင်္ဘောတက်သွားပါ၏။ ညီမလေးကတော့ ကျောင်းလည်းအပြီး အိမ်ထောင်လည်းကျကာ အခု သားလေး 'နွေဦးမောင်'ပင် တစ်နှစ်ရှိနေချေပြီ။

ဖေဖေက ဝန်ထမ်းပင်စင်စားမို့ ခပ်အေးအေး။ မေမေ

ကလည်း ကျောင်းဆရာအငြိမ်းစားမို့ မလည်မဝယ်၊ လက်ထဲမှာ ဘာမှ စုစုဆောင်းဆောင်းမရှိ။ သားအကြီးကို ကျောင်းထားပေးခဲ့ရတဲ့ငွေက ကုန်လိုက်တာမှ သောက်သောက်လဲ။ ကျောင်းပြီးသွားတော့လည်း သင်္ဘောတက်သွားပြန်တာမို့ ငွေက တစ်ပုံကြီး ကုန်ပြန်ရောလေ။

အမှန်ဆို ကျွန်မက ဆေးကျောင်းတက်ပြီး ဆရာဝန်ဖြစ်ချင်သည့်သူပါ။ ရုပ်ရှင်တွေကြည့်ရတိုင်း လမ်းမှာ မတော်တဆကြုံရတိုင်း Duty coat ဖြူဖြူလေးနှင့် နားကျပ်လေး ကိုင်ထားသည့်ဒေါက်တာတွေကို အားကျလိုက်တာ မပြောပါနှင့်။ မိဘနှစ်ပါးကို သနားတာမို့ ကိုယ်အမှတ်မီပေမယ့် အဲဒီဆေးကျောင်းကို မတက်ဖြစ်ခဲ့ပါ။

ကံဆိုတာ လူကလုပ်တယ်ဆိုပေမယ့် ကျွန်မကံကိုက ငွေရှာဖို့ ဇာတာပါလာတာမဟုတ်ပါလား။ စာဖတ်တာ ဝါသနာပါပေမယ့် လက်ကဖြင့် Calculator နှိပ်ပြီး ငွေရှာတဲ့ဝါသနာက ပိုကြီးနေပါ၏။ အရင်ကတော့ မေမေထုတ်ပေးသည့်အရင်းအနှီးလေးနှင့် ဈေးထဲမှအထည်တွေကိုယူ၊ ငွေတစ်ဝက် ကြိုရှင်းထားပြီး ရပ်ကွက်ထဲမှာ တစ်လဆိုင်း နှစ်လဆိုင်းနဲ့ရောင်းတာ ပြိုက်ခနဲကုန်ပါရောလား။





ဟိုလူက ခြင်ထောင်၊ ဒီလူက စောင်၊ တခြားလူက ကလေးအနှီးပိတ်စ၊ တချို့လူက ထီးလှလှလေးဆိုပြီး၊ အိမ်ရှင်မတွေကတော့ဖြင့် Steel အိုး Set လိုချင်တယ်ဆိုတာနဲ့ မင်္ဂလာဈေးတွေ၊ သိမ်ကြီးဈေးတွေမှာ လှည့်ပတ်ဝယ်ပြီး ပြန်ရောင်းခဲ့တာ အမြတ်က တစ်ပုံကြီးရခဲ့တာပါ။ အင်္ကျီ၊ လုံချည်၊ စကတ်တွေက ဆယ်ကျော်သက်လူငယ်တွေ လှပချင်စိတ်မို့ မိဘတွေက ဝယ်ပေးကြတာလေ။

ဒီတော့ 'နှင်းစက်ချို'ရဲ့ဘဏ်စာအုပ်ထဲမှာ ငွေကအပြည့်ပါပဲ။ ဘာပဲလိုလို 'မချိုရေ'ဆိုပြီးရောက်လာလို့ အိမ်ခန်းရှာပေးရတာမျိုး။ ဈေးသက်သက်သာသာ မြေကွက်လေး လိုချင်သည်ဆို၍ Phone တစ်လုံးနဲ့ ပွဲစားဖြစ်ချင်မှန်းမသိ ဖြစ်ခဲ့ပါ၏။ မိဘတွေက ပြောမနိုင်ဘဲ သွက်လွန်းတဲ့သမီးလတ်ကို ဒီတိုင်း ထိုင်ကြည့်နေရတာပါလေ။

"ရပြီ၊ နေရာသေချာချပေးခဲ့နော်။ ပစ္စည်းအလေးကြီးတွေကို ကျွန်မတို့ ပြန်မရွှေ့နိုင်ဘူး"

"ဟုတ်ကဲ့ပါ အစ်မရဲ့"

အပြောနဲ့ စိတ်ချရတာမဟုတ်တာမို့ ကိုယ်တိုင်ပင် လက်ညှိုးညွှန်လျက် ဒီနေရာမှာ အဝတ်ဗီရို၊ ဒီမှာ စားပွဲ၊ ဒီမှာ မှန်တင်

ခုံ၊ ဒီမှာ ရေခဲသေတ္တာ စသဖြင့် ပြောရတာ မောလိုက်တာမပြော ပါနှင့်။ လုပ်တဲ့လူထက် ပြောရတဲ့လူက ပိုမောပြီး ပိုပင်ပန်းတယ် ဆိုတာ အမှန်ပါပဲ။

"အစ်မ၊ ဒီပုံးတွေက ဘယ်မှာထားမှာလဲ"

"အဲဒါ ဒီမှာပဲချခဲ့လေ၊ ကွဲမယ်နော်. . . ကွဲမယ်။ ဒါက ပန်းကန်သေတ္တာဟဲ့။ ဟိုဟာက စာအုပ်ပုံး။ အဲဒါ အဲဒီနားမှာပဲ ချခဲ့။ နောက်မှ ငါဖြည်းဖြည်းချင်း သိမ်းတော့မယ်"

လူတစ်ဦးစာဆိုပေမယ့် ဖေဖေနဲ့မေမေ တစ်လှည့်စီ လာနေကြမှာမို့ အိမ်ထောင်ပစ္စည်းတွေက မရှိမဖြစ်ပါလေ။ ကျွန်မက ဈေးလည်းရောင်း၊ ဈေးလည်းကောင်းကောင်းဝယ်တတ်တာမို့ အိမ်တွင်းပစ္စည်းတွေအကုန် Special တွေချည်း မဟုတ်လား။ ဘယ်ဈေးသည်ကို ဘယ်လိုဖြတ်ဆစ်ရင် ရနိုင်တယ်ဆိုပြီး အပြော လည်း ရဲတာမို့ အငယ်မ Slimbag ပဲဝယ်ဝယ်၊ မေမေ ရွှေပဲ ဝယ်ဝယ်၊ ကျွန်မကိုပဲ ခေါ်တတ်လေ့ရှိကြပါ၏။

ရွှေကို တန်ဖိုးကြီးမို့ ဆစ်လို့မရဘူးမထင်ပါနှင့်။ အလျှော့ တွက်လက်ခ အကုန်ပေါင်းပြီး နှုတ်ပြီးနေရင် 'ငါးထောင်လောက် တော့ လျှော့ပါရှင်' ဆိုပြီး ခပ်တိုးတိုးသာသာလေး ပြောလိုက်၊ သောင်းဂဏန်းအောက်ထစ်ငွေက လျှော့ပြီးယူကြလေတော့၏။





မပိုင်ဘူးလား။ 'နှင်းစက်ချို' က အဲဒီလိုအပြောလေးချိုချိုနဲ့ လုပ် စားလာတာ (၂၈)နှစ်ရှိနေပြီရှင့်။

"ကုန်ပြီလား"

"ကားပေါ်မှာ ကျန်သေးတယ်အစ်မရဲ့"

"ဘာတွေကျန်သေးလို့တုန်း"

"ပန်းအိုးတွေလေ"

နှာခေါင်းရှုံ့လိုက်မိပြန်ချေပြီ။ ကျစ်! မေမေနဲ့တော့ ခက် ပါရဲ့။ ဘယ်မှာပဲနေနေ မျက်စိရှေ့မှာ ပန်းတွေ့မှ စိတ်ချမ်းသာ သတဲ့။ ကျွန်မက မိန်းကလေးဖြစ်ပေမယ့် မိန်းမသိပ်မဆန်လှပါ။ အထက်မှာလည်း အစ်ကိုဖြစ်နေတာမို့ ဖြစ်မည်ထင်ပါရဲ့။ မိန္ဒွ ကတော့ အငယ်ဖြစ်ပြီး မေမေနှင့်လည်း ပိုတူကာ မိန်းမပီသလွန်း ပါ၏။ ဒါကြောင့်လည်း ခပ်စောစော အိမ်ထောင်ကျသွားတာဖြစ် မှာပင်။

"ယူခဲ့လေ"

"အောက်မှာပဲ ထားမှာမဟုတ်ဘူးလား"

"ဟဲ့! ဘယ်ဖြစ်ပါ့မလဲ၊ လမ်းဘေးချထားရင် သူများ ယူရင်ယူ၊ မယူရင် နင်တို့တကြီး စည်ပင်က အကုန်ကောက်သိမ်း သွားမှာပေါ့။ တစ်အိုးကို ဘယ်လောက်ပေးရတယ် ထင်သလဲ။

အနည်းဆုံး လေးငါးထောင်ရှိတာဟဲ့။ နင်တို့ကြီးဒေါ် ကျိမ်းတာ ခံချင်လို့လား''

ကောင်လေးတွေ နှာခေါင်းရှုံ့ ပခုံးတွန့်သွားကြလေ၏။ ကြီးဒေါ်ဆူတာက နောက်၊ လောလောဆယ် ဒီကြီးဒေါ်အသေးစား အပျိုကြီးပေါက်စ ဟောက်တာကမှာ နားကျိမ်းနေရတာ မဟုတ်လား။ အဲဒီလို ပစ်ပစ်များတတ် အသန့်ကြိုက်တတ်လွန်းလို့လည်း ကျွန်မ အိမ်ထောင်မပြုတာပင်။

သိတယ်မဟုတ်လား။ ယောကျ်ားယူမိရင် ဒင်းတို့ဝေယျာဝစ္စတွေ အကုန်လိုက်လုပ်ပေးနေရတော့မှာလေ။ မိုးလင်းက မိုးချုပ်တစ်နေကုန် ဖယ်ဆက်အောင် လုပ်ရဦးမှာ။ ထမင်းဟင်းချက်ပြုတ်ပြီး ပြင်ဆင်ကျွေးဦး။ ချွတ်တဲ့အဝတ်တွေ လျှော်ဖွပ် မီးပူတိုက်ဦး၊ အိမ်ရှင်းလင်းဦး။ ညကျရင် ခြေဆုပ်လက်နယ်က နှင်းပေးနှိပ်ပေးရဦးမှာ။

ဒီကြားထဲ 'မျိုးဆက်' ဆိုပြီး ခပ်ကြီးကြီးခေါင်းစဉ်နဲ့ သားသမီးက မွေးခိုင်းဦးမှာမဟုတ်လား။ ကလေးတစ်ဖက်နဲ့ ဘိုသီဘတ်သီလိုက်ပြီး အခုလိုလှလှလေး ပြင်ဆင်ချိန်တောင် ရှိတော့မယ် မထင်ပါချေ။ အမယ်လေးနော်. . . တွေးလိုက်ရုံနဲ့ ကြက်သီးထပြီး အလိုလိုစိတ်ကုန်မိပါရဲ့။





ကိုယ်နေမကောင်းရင် 'ဘာဖြစ်လဲ' ဆိုပြီး နဖူးမှ လာစမ်းပါ့မလား။ ကြင်ကြင်နာနာနဲ့ ဆေးရော တိုက်မှာလား။ မထင်ပါနဲ့ရှင်၊ သူတို့နေမကောင်းဖြစ်ရင်သာ နဖူးထက် ရေပတ်တင်ပေးရတာနဲ့၊ ရေပတ်တိုက်ပေး၊ အကျီလဲပေး၊ ဆန်ပြုတ်ချက်ပေးနဲ့ ပိုမောရတာ။ အငယ်မက ကျွန်မရှေ့မှာ မျက်မြင်သက်သေနဲ့ လက်တွေ့သင်ခန်းစာပါပဲ။

လကုန်ရက်လေး 'မိန်းမဖို့' ဆိုပြီး ပိတ်စလေး ဝယ်ပေးရုံ၊ လခပေးရုံ၊ 'သားဖို့' ဆိုပြီး မုန့်လေး အရုပ်လေး ဝယ်လာရုံနဲ့ အိမ်ဦးနတ်ကြီးကို အချစ်တွေပိုပြီး ထိုင်ကန်တော့ချင်ပုံနဲ့ ပီတိဖြစ်နေတဲ့မိန်းမတွေကိုကြည့်ပြီး ကျွန်မပဲ ဒေါသတွေဖြစ်ရတာလေ။

ငွေကြေးက လုံလုံလောက်လောက်များ ရှာပေးနိုင်လို့လား။ တစ်လစာ လောက်လောက် မလောက်လောက်၊ 'ရော့! အင့်' ဆိုတာနဲ့ ပြီးပြီ၊ တာဝန်ကျေပြီ ထင်နေတာလေ။ နောက်ဖေးထွက်ပေါက်က အကြီးကြီးဆိုတာ ဒင်းတို့က ဘယ်သိပါ့မလဲ။ ဒီတော့ ဆန်အိုးထဲ ဆန်လျော့ရင် မေမေ၊ ဆီ ဆား အချိုမှုန့် မရှိတာနဲ့ မေမေဆိုပြီး မေမေ့ကိုသာ ဦးတည်တော့တာပါ။

ကိုယ်မွေးထားတဲ့သမီးမို့ မေမေကလည်း ဖြည့်ဆည်းပေးရှာပါ၏။ သို့သော် ငွေကြေးကြွယ်ဝသူမဟုတ်လေတော့ 'သမီး

ကြီးရေ'ဆိုပြီး သံသရာက လည်တော့တာပါပဲ။ မေမေပြောပြတာမို့ အစ်မဖြစ်တဲ့သူကလည်း မနေသာဘဲ 'ရော့ ရော့'ဆိုပြီး ထုတ်ပေးရပြန်ပါရော။

ဒီတော့ ကျွန်မဘဝက ဘာများထူးလို့လဲ။ အိမ်ထောင်မရှိပေမယ့် အိမ်ထောင်ဦးစီးလို ရှာကျွေးနေရတာပေါ့။ အိမ်ထောင်ခွဲသားသမီးတွေကို မခွဲနိုင်ဘဲ အတူခေါ်နေတဲ့မိဘနှစ်ပါးက ကိစ္စမရှိ။ ကျွန်မက သည်းမခံနိုင်တော့ပါ။ အထူးသဖြင့် ပင်စင်စားဖေဖေနဲ့မေမေ့ကို အေးအေးလူလူနဲ့ ဘုရားအလုပ် တရားအလုပ်လေး လုပ်စေချင်တာလေ။

သို့ပါသော်ငြား ဆရာတော်တွေ ဟောကြားမြွက်ဟသလို အမှန်တရားပါပဲ။ ပုထုဇဉ်တို့သဘာဝအတိုင်း မေမေတို့မှာဖြင့် သားအချစ်မြေးအနှစ်ဆိုပြီး အဲဒီပိစိညှောင့်တောင့်လေးနဲ့ ကလေးရယ်ရင် လိုက်ရယ်၊ ကလေးငိုရင် ချော့မြူပြီး နီစွရွှဝ ပျော်နေကြလေရဲ့။

နားအေးပါးအေးနေချင်တဲ့ကျွန်မက မေမေရတဲ့အမွေဖြစ်တဲ့ ဒီတိုက်ခန်းကိုယူပြီး မေမေတို့အတွက် တိုက်ခန်းတန်ဖိုးငွေကို ဘဏ်ထဲ အရစ်ကျထည့်ပေးဖို့ စီစဉ်ခဲ့တာပါ။ လက်ရှိနေနေတဲ့တိုက်ခွဲခြံကို မိဇွေရမှာဖြစ်ပြီး ကိုကို့အတွက်ကတော့ မြို့နဲ့





တိုက်ဝယ်ဖို့ ကျွန်မပဲ ကိုကိုပို့ပေးသမျှငွေကို စုဆောင်းပေးရမှာလေ။

"အားလုံးပြီးပါပြီ"

"နေဦးလေ၊ လုပ်ခရှင်းပေးရဦးမှာ။ မောနေကြမှာပေါ့၊ တစ်ခုခုစားပြီးသောက်ပြီးမှ ပြန်ကြလေ။ နှစ်ယောက်လောက်ကအောက်ခဏဆင်းပြီး ဝယ်လာပါလား. . . ထမင်းပေါင်းဖြစ်ဖြစ် ခေါက်ဆွဲကြော်ဖြစ်ဖြစ်၊ အအေးတစ်ကတ်နဲ့ ရေသန့်တစ်ကတ် ဝယ်ခဲ့ပေးပါ"

"ဟုတ်ကဲ့ အစ်မ"

မေမေ့အပြောမှာ ကျွန်မက တင်းတိတ်တာဖြစ်နေပေမယ့် ကိုယ်နဲ့ပတ်သက်ရာပတ်သက်ကြောင်း ရှိတဲ့သူတွေအပေါ် သဒ္ဒါစိတ်တော့ အပြည့်ရှိပါ၏။ နှုတ်ချိုလက်တိုလိုအစားမျိုးမဟုတ်ဘဲ၊ နှုတ်ကြမ်းလက်ဖွာ မိန်းမတစ်ဦးပါလေ။



# အခန်း (၂)

အလုပ်သမားတွေ ပြန်သွားကြပြီဖြစ်ပေမယ့် လုပ်စရာတွေက တစ်ပုံကြီးပါပဲ။ တိုက်ခန်းထဲမှာ ရှင်းစရာတွေကိုရှင်းပြီး သံပတလင်းထက် ခင်းထားသည့် Plastic ကော်ဇောအပေါ် ရေပတ်တိုက်တံမြက်စည်း လှဲလိုက်ပါ၏။ အရင်ဆုံး ဧည့်ခန်းကို လှမြင်ကောင်းစေရန် ပြင်ဆင်လိုက်ပါသည်။

မေမေရှိနေရင် အလှပန်းအိုးတွေဘာတွေ ပြင်ဆင်တတ်ပေမယ့် ကျွန်မကာဖြင့် ဘာမှမလုပ်တတ်ပါ။ လောလောဆယ်မှာ စားပွဲထက် ပြောင်သလင်းကြီးဖြစ်နေတာ မြင်လို့မတင့်တယ်တာမှီ ဝရုံတာထက် ပို့ထားသည့်ပန်းအိုးများထဲမှ အရွက်ဖားဖားလေးထွက်နေသည့် ပန်းအိုးသေးသေးလေးကိုယူကာ Plastic စားပွဲ

ခင်းထက် တင်ထားလိုက်ပါသည်။

စက္ကူပုံးထဲ သေချာထည့်ပေးလိုက်သည့် မေမေ့လက်ရာ ပြတင်းလိုက်ကာထုပ်ကို ထုတ်ယူလိုက်၏။ ရော်! လိုက်ကာကြိုး အရင်ဆုံးတပ်ရဦးမှာပါပဲ။ ကိုလီမုတ်စတွေ စုထည့်ထားသည့် လက်သမားသံပုံးထဲမှ သံသေးသေးလေးတွေကို အရင်ဆုံးရွေးလိုက်ပါ၏။ ပြီးမှ ပြတင်းဘောင်အတွင်းမှာ ခပ်မြင့်မြင့်လေး နှစ်ချောင်းစီ ရိုက်လိုက်ပါသည်။ ပြီးတော့ နိုင်လွန်ကြိုးခွေကို လိုသလိုဖြတ်ကာ တပ်လိုက်၏။

အခန်းအတွင်းရောင် အပြာနုနုထက်မှာ လိုက်ကာအဝါနုလေးတွေက အခန်းကို ပန်းရလှပြီး မျက်စိအေးသွားစေသည့်နှယ်ပါ။ ဧည့်ခန်းကိုလှည့်ပတ်ကြည့်ကာ စိတ်ချလေမှ မီးဖိုခန်းထဲ ဝင်ခဲ့ပါ၏။ အရင်ဆုံး သန့်ရှင်းရေးလုပ်ပြီးမှ ပစ္စည်းတွေကို နေရာချလိုက်ပါသည်။ အိုးတွေက အိုးနေရာ၊ ပန်းကန်တွေ ဇွန်းတွေ ဓားတွေ ဂေါ်တွေ ယောက်ချက်တွေကို ချိတ်တန်ချိတ် ခွက်နဲ့ထည့်တန်တာ ထည့်လိုက်၏။

ပြင်သာပြင်ရတာပါ။ ကျွန်မက မီးဖိုချောင်ဝင်ပြီး ချက်ပြုတ်ရတာကိုလည်း ဝါသနာမပါလှပါ။ စားမြိန်အောင် တယ်တပန်း ချက်ပြုတ်ရတာထက် အပြင်မှာ စားချင်တာတစ်ခုခုကို





ထွက်ဝယ်စားလိုက်တာက အချိန်ကုန် လူသက်သာတာ မဟုတ်လား။ အရသာခံတာထက် ဗိုက်ပြည့်ရင်ပြီးရောသဘောဖြင့် ဗိုက်ထဲ မျိုချကျင့်ရှိတာကြောင့် ကျွန်မကို မေမေစိတ်မချဖြစ်ရတာပင်။

တစ်ခါတစ်ခါ အချိန်ကို ငွေနဲ့ချိန်စက်ပြီး သုံးတတ်လွန်း၍ ကျွန်မကို မိန်းမမှဟုတ်ရဲ့လားဟု မေမေ မေးတတ်မြဲ။ ကျွန်မ မမှန်ဘူးလား။ ဒီခရီးအကွာအဝေးကို လမ်းလျှောက်ရင် (၄၅) မိနစ် (၁)နာရီခန့် အချိန်ကြာနိုင်ရင် Taxi ဆိုပြီး လှမ်းတားစီးတော့ ငွေက (၁၅၀၀)နဲ့ အလွန်ဆုံး (၂၀၀၀)လောက်ပဲ ကုန်တာပါ။

(၁၅)မိနစ်၊ မိနစ်(၂၀)လောက် သုံးဖြစ်လိုက်ရင် အချိန်တာ သက်သာသွားရတာမဟုတ်လား။ Taxi မဟုတ်ရင် ဆိုက္ကားပေါ့။ စျေးသွားရရင် နီးရင်ပေါ့လေ။ အဲဒီလို ဘယ်သွားသွား ပိုက်ဆံအိတ်ဖွင့်ကာ ငွေသုံးတတ်တာမို့ ကျွန်မကို 'သူဌေးပေါက်စ' ဆိုပြီး မေမေခေါ်တတ်လေ၏။

ဒါကိုပဲ လမ်းလျှောက်ရမှာ ပျင်းသူဟု မထင်လိုက်လေနဲ့။ ဘယ်ပဲသွားသွား ကားဖြင့်သွားဖြစ်တာ ထားပါတော့။ ညနေ နာရီကနေ ခြောက်နာရီအထိ Health Exercise အဖြစ် လမ်းထဲမှာတော့ လမ်းလျှောက်ကျင့်ရှိပါသည်။ အဲဒီအချိန်

မျိုးမှာတော့ အလုပ်ကိစ္စမှန်သမျှ မေ့ထားပြီး Phone ကိုပိတ်ကာ ခေါင်းရှင်းရှင်းထားလေ့ရှိပါသည်။

သူများတကာ မိန်းမလှလေးတွေလို ခန္ဓာကိုယ် အလှ အပကာယလေ့ကျင့်တဲ့ AROBIT တို့၊ Body Beauty တို့၊ Jim ကစားတာတို့ကိုလုပ်ဖို့ ကျွန်မ ဝါသနာမပါလှပါ။ ဒီလိုပဲ မျက်နှာပြင်တာကိုလည်း မလုပ်တတ်။ Foundation Cream, Lotion, Day-Cream, Night-Cream, Toner, Make-up, Lip-stick, Lip-Gloss, Eye-Brush, Mascara တို့ မျက်တောင်ကော့တာမျိုး၊ လက်သည်းအလှဆင်တာတို့ကိုလည်း အချိန်ယူ မလုပ်တတ်ပါချေ။

ဆံပင်ကိုအရှည်ထားပြီး ကလစ်တွေ ခေါင်းစည်းကြိုး လှလှလေးတွေနဲ့လည်း အလှမပြင်တတ်။ ခပ်တိုတိုညှပ်ထားသည့် ဆံပင်ကို အပြင်ထွက်ခါနီးမှ ဖြစ်သလိုဖြီးတတ်တာမို့ ဆံပင်ပုံစံက သိပ်မကျလှ။ မျက်နှာကို အမြဲပြောင်သလင်းထားလေ့ရှိပြီး စိတ်လိုမှသာ သနပ်ခါးရေကျဲကို တဘတ်ဘတ်လူးကာ ညီညာအောင်ပင် မလူးဘဲ ကွက်တိကွက်ကြား။

ဝတ်ပြန်ရင်လည်း ကိုယ့်ခန္ဓာကိုယ်အလှကို ပေါ်လွင်အောင် မဝတ်တတ် မပြင်တတ်။ ဒါနဲ့ ဒါကို လိုက်ဖက် မလိုက်ဖက်





ဝေခွဲမနေဘဲ အေးပြီး လုံရင်ပြီးရောသဘောဖြင့် ကောက်စွပ်ပြီး ထွက်လာတတ်တာမို့ မိခွေဆို နှာခေါင်းရှုံ့တော့တာလေ။ မျက်စိရှေ့ အမြင်မတော်လို့ ပြောမိတိုင်း အားလုံးရဲ့နှုတ်ဖျားက ပြိုင်တူ ထွက်လာသည်က စကားတစ်ခွန်း။

'ဒါကြောင့် အပျိုကြီးဖြစ်နေတာ' တဲ့လေ။ တဆိတ်ရှိ ဒီဂုဏ်ပုဒ်ကိုပဲ ခလုတ်တိုက်တတ်ကြတာမို့ ခပ်စွာစွာ ကျွန်မနဲ့ ပြဿနာဖြစ်ရတော့တာပါ။ အပျိုကြီးဖြစ်တော့ရော သူတို့အတွက် ဘာများထိခိုက်စရာရှိလို့လဲ။ အဲဒီအပျိုကြီးရှိနေလို့သာ ဟိုနိုင်ငံခြားက အစ်ကိုက ဘာစားစရာလေး ပို့ပေးပါဦးဆိုရင်လည်း နှင်းစက်ချို၊ ဒီကညီမကလည်း ဘာလေးညာလေးလိုချင်လို့ဆိုလည်း မနှင်းစက်ချို၊ မိဘတွေလိုသမျှ ဖြည့်ဆည်းပေးရပြန်တော့လည်း မရှိမဖြစ် နှင်းစက်ချိုပါပဲ။

သို့သော် ဘယ်လောက်လုပ်ပေးပေး အကောင်းပြောခံရသည်မရှိ။ ကျွန်မကလည်းကျွန်မ၊ ကြက်ခေါင်းဆိတ်မခံစိတ်မျိုးရှိတာမို့ အိမ်မှာ ပူညံပူညံဖြစ်ရတာပင်။ ဖေဖေကတော့ သမီးကြီးကို လေပြည်နဲ့သာ ဆုံးမလေ့ရှိပါ၏။ 'ငါမရှိရင် မဖြစ်ဘူးဆိုတဲ့အတွေးမျိုးကို ပုံသေမထားနဲ့' တဲ့လေ။

အဲဒီအခါမျိုးမှာ အဖေဖြစ်သူကို ဘာမှပြန်မပြောဘဲ ငြိမ်

နေလိုက်ရတာပင်။ အိမ်မှာ ကျွန်မမရှိလို့မဖြစ်ဘူးဆိုတာ ကျွန်မကိုယ်တိုင်ပင် အသိဆုံးမဟုတ်ပါလား။ ဘာပဲလိုလိုဆိုတဲ့စကားလုံးကို လက်ကိုင်သုံးပြီး လိုသမျှဖြည့်ပေးလေ့ရှိတဲ့ကျွန်မကို ဘာမှသုံးမရဘူးဟု အဘယ်ကြောင့် မြင်နေရပါသလဲ။

ကိုယ့်ကိုယ်ကိုယ် အားကိုးပြီး ကိုယ့်ခြေထောက်ပေါ်မတ်မတ်ရပ်တည်နိုင်တဲ့မိန်းမတွေ ဒီကမ္ဘာပေါ်မှာ လက်ချိုးရေတွက်လို့ရအောင် အမြောက်အများရှိနေတာပါလေ။ အရွယ်ရောက်နေပါလျက်နဲ့ အလုပ်မလုပ်ဘဲ မိဘငွေထိုင်ဖြုန်းပြီး မိဘဆီ လက်ဖြန့်တောင်းနေတဲ့သားသမီးမျိုးကို ကျွန်မက အထင်သေး ရှုံ့ချတတ်လေ့ရှိပါ၏။ တကယ့်ကို ညံ့ဖျင်းတဲ့လူစားမျိုးတွေပဲမဟုတ်ပါလား။

ဖေဖေကတော့ စိတ်ဓာတ်မာလွန်းတဲ့သမီးကို အစွန်းမရောက်စေရန် ထိန်းမတ်ပေးတာဖြစ်ပြီး မေမေကဖြင့် ဒီသမီးကြီးကို ဒီနှစ်ထဲ အိမ်ထောင်မကျရင်ဖြင့် တစ်သက်လုံး အပျိုကြီးဘဝနဲ့ အရိုးထုတ်သွားတော့မလို စိုးရိမ်ကြောင့်ကျမှု အပြည့်ရှိသူပါပင်။

အလုပ်လုပ်ရင်၊ လမ်းသွားရင်၊ အပေါင်းအသင်းကြားသွားရရင် 'မျက်စိဖွင့် နားစွင့်နေ' ဆိုပြီး ကျိတ်မှာခံရတိုင်း ဒေါသ





တွေ ကျိတ်ထွက်ရတာပါလေ။ ဘယ်လိုလဲ၊ ဒီတိုင်းနေသွားတော့ ဘာဖြစ်သေးလဲ။ အချစ်ဆိုတာ မီးပဲမဟုတ်လား။ အပူမရှာချင်တဲ့ ဒီသမီးကို ဘယ်လိုဖြစ်ပြီး မီးပုံထဲ တွန်းချချင်နေရပြန်တာပါလိမ့်။

"ဟော!"

အိမ်ခန်းရှင်းကာ နံရံကပ်ဗီရိုထဲသို့ အဝတ်တွေချိတ်နေစဉ် Hand Phone မြည်သံထွက်လာပါ၏။ ကုတင်ထက် တင်ထားသည့် ပိုက်ဆံအိတ်ပြားလေးထဲမှ Phone ကိုဖွင့်ယူလိုက်တော့ ထင်ထားသည့်အတိုင်း အိမ်မှ Phone နံပါတ်ဖြစ်နေတာပင်။ မေမေပဲ ဖြစ်မှာပါလေ။

"ဟဲလို"

"သမီးကြီး . . . မေမေပါ"

"ဟုတ်"

"ပစ္စည်းတွေအားလုံး နေရာချပြီးပြီလား သမီး"

"ဟုတ်ကဲ့မေမေ၊ အားလုံးပြီးနေပါပြီ။ အခု အဝတ်တွေ စီသိမ်းနေတာ"

"အေးအေး . . . အိမ်ပြန်အိပ်မှာပဲမဟုတ်လား"

"မအိပ်ပါဘူးမေမေရဲ့၊ ဒီမှာပဲ အိပ်မှာပေါ့"

"ဟဲ့! ဘယ်ဖြစ်ပါ့မလဲ၊ တိုက်ခန်းထဲမှာ မိန်းကလေး တစ်ယောက်တည်း အိပ်စရာလား။ မဖြစ်ဘူးနော် မိချို"

တွေ့လား. . . အဲဒီလို ကျွန်မရဲ့မေမေက လူကိုမျက်စိ ဒေါက်ထောက်ကြည့်ပြီး ပူပန်တတ်သူပါလေ။ အခုလည်း ဒီမှာ အိပ်မည်ဆိုကာမှ ဒီသမီးကို စိတ်မချလက်မချဖြစ်ရပြန်တယ်လို့။

"ဘာဖြစ်လဲ မေမေရာ၊ ချို အိပ်ရဲပါတယ်။ မကြောက် ပါဘူး"

"ညော် . . . ခက်တော့တာပဲ၊ သမီးမကြောက်တတ် မှန်း မေမေသိပါတယ်"

"ကလေးမှမဟုတ်ဘဲ မေမေရာ၊ စိတ်မပူပါနဲ့"

"ကလေးမဟုတ်လို့ ပြောနေရတာပေါ့ မိချိုရယ်။ ပြော ရ ခက်လိုက်တာ"

မျက်နှာကို ရှုံ့တွမိလိုက်ပြန်ပါ၏။ ပြောတော့ဖြင့် အပူ အပင်ကင်းတယ်ဆိုပြီး ဒီကြီးကောင်ကြီးမားသမီးကို ပူနေရပြန် တယ်လို့။ မေမေနဲ့တော့ ခက်ပါရဲ့နော်။

"မခက်ပါဘူးမေမေရယ်၊ ချို တံခါးတွေ သေချာ Lock ချပြီး အိပ်မှာပါ။ ဘေးခန်းတွေမှာ လူတွေရှိနေတာပဲကို"

"နင့်အဖေတော့ ငါ့ကိုပြောတော့မှာပဲ"





"မပြောပါဘူးမေမေရာ၊ ချို ဒီမှာအိပ်မှာ ဖေဖေသိပြီး သားကို"

"အဲဒီဖအေကလည်း ဘယ်လိုဖအေမှန်းလည်း မသိ။ သမီးအပျိုလေးကို တစ်ယောက်တည်း စိတ်ချလက်ချ လွှတ်ရ တယ်လို့။ အပူအပင်ကင်းပေါ့"

မေမေကတော့ ပြောမနိုင်ပုံဖြင့် ပွစိပွစိရေရွတ်နေလေ ပြီ။ အဟုတ်ကိုပြောတာပါ။ ကျွန်မက မမြင်ရသည့် သရဲတစ္ဆေ မျိုးတွေလည်း မကြောက်တတ်ပါ။ ဒါဖြင့် လူတွေကိုရော၊ သေချာ ကို မကြောက်တတ်ပါလေ။ တခြားမိန်းကလေးတွေများ သူစိမ်း ယောကျ်ားမျိုးကို ရဲရဲမကြည့်ဝံ့တတ်ပေမယ့် ကျွန်မကဖြင့် ကိုယ့် ရှေ့လာရပ်တဲ့လူတိုင်းရဲ့မျက်ဝန်းကို စူးစိုက်ကြည့်ပြီး အတွင်းစိတ် အထိ ထိုးထွင်းမြင်တတ်ပါ၏။

ယောကျ်ားနဲ့မိန်းမ ကွားခြားတော့ရော ဘာများထူးမှာ မို့လို့လဲ။ တကယ်ဆို သူတို့လိုယောကျ်ားလေးတွေမှာမှ ဟာကွက် ပျောကွက်မျိုး ရှိနေတာပါလေ။ ကိုယ့်ကို စော်ကားမော်ကား အကြည့်မျိုး အပြောမျိုး လုပ်လာလို့ကဖြင့် ကျွန်မက ခြေမြန် လက်မြန်ဖြင့် အပေါ်တစ်ချက် အောက်တစ်ချက် Kick ပြီး ပွဲသိမ်း တတ်သူပါ။

ဒါကြောင့်လည်း ဒီသမီးကို ဖေဖေ စိတ်ချလက်ချရှိတာပါ။ အဲဒီလို ကိုယ်လုံပညာလည်း မတောက်တခေါက်တတ်သူမို့ ဘာကိုမှမကြောက်တတ်တဲ့မိန်းမတစ်ယောက် ဖြစ်နေရတာပေါ့။

"မေမေမှာထားတဲ့ကောင်မလေးက မနက်ဖြန်မှလား၊ သဘက်ခါမှလားမသိ. . . လာမှာ သမီးရဲ့"

"ရပါတယ်မေမေရဲ့၊ လာမှပဲ ချို့ဆီ လွှတ်လိုက်ပေါ့"

"အခုရော တစ်ယောက်တည်း ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် မေမေရဲ့၊ ဘာကြောက်စရာရှိလို့လဲ"

"ပြောပြန်ပြီ၊ နင့်ကိုယ်နင် မိန်းကလေးဆိုတာ မေ့နေပြီလား မိချို့ရဲ့"

"မမေ့ပါဘူး မေမေရယ်၊ မေမေပဲပြောတော့ အပျိုကြီးဆို"

"အေး. . . အဲဒီလိုအပျိုကြီးမို့ စိုးရိမ်ရတာပေါ့၊ နင့်ကိုယ်နင် ဘာထင်နေလဲ။ ဒီလိုအရွယ်မျိုးကို ကြီးကြီးငယ်ငယ်မှန်သမျှ တို့ချင်ဆိတ်ချင်နေကြတာပေါ့"

"တို့ချင်ဆိတ်ချင်ရအောင် ချိုက ဟင်းရွက်ကန်စွန်းမှ မဟုတ်တာ။ ဒါပဲမေမေရာ. . . ဒီမှာ လုပ်စရာတွေ ရှိသေးတယ်"

"ဟဲ့"





Phone ကိုပိတ်လိုက်ပါ၏။ မေမေပြောနေရင် တော်ရုံနဲ့ပြီးတော့မှာမှ မဟုတ်တာလေ။ လုပ်စရာတွေရှိတာမို့ စကားကို မြန်မြန်ဖြတ်လိုက်ရပါ၏။ ဒီနေ့ကတော့ အလုပ်တွေ ရှုပ်နေတာမို့ ညနေပိုင်း လမ်းလျှောက်ရမှာကို ပယ်ရတော့မှာပါလေ။ စိတ်ရောလူပါ မောနေတာမို့ ဒီညမှာတော့ အနားယူ အိပ်စက်ရတော့မှာပါပဲ။



## အခန်း (၁)

မှန်ပြတင်းပေါက်မှ နေရောင်ဝင်လာတာမို့ မိုးစင်စင်လင်းနေပြီမှန်း သိလိုက်ပါ၏။ လက်ကို အပေါ်ဘက်ဆန့်တန်းကာ တစ်ချက်မျှ သန်းဝေလိုက်မိသည်။ အားရပါးရပါပဲ။ ဇိမ်ရှိလိုက်ပါဘိ။

အကယ်၍သာ ကျွန်မက အိမ်ထောင်ပြုမိရင် ဒီလို အိပ်ရာထဲမှာ ဒီအချိန်ထိ ဇိမ်နဲ့နှပ်နေလို့ရပါ့မလား။ မနက်စောစောထပြီး အိမ်အလုပ်တွေ လုပ်ရမှာ။ ကလေးအိပ်ရာနိုးလာရင် ကလေးကိစ္စဝိစ္စလုပ်ဦး၊ ယောကျ်ားနိုးလာပြန်ရင်လည်း မနက်စာစားသွားဖို့ပြင်ဆင်၊ လင်အလုပ်သွားပြန်ရင်လည်း မျက်စိထဲမြင်ရသမျှ တစ်နေကုန်လုပ်ပေဦးတော့။

နေ့လယ်နေ့ခင်းလေး ကျောခင်းမယ် မပြင်လေနှင့်၊ လျှော်ဖွပ် လှန်းပြုပေတော့။ ညနေစောင်းကျ ခြောက်တာတွေ ရုပ်ဦး။ ညဘက်မှာ TV ရှေ့ နားမည်မကြံနှင့်၊ အဝတ်မီးပူတိုး နေရင်းမှ TV ကလာတဲ့ Korea ကားကို ဆန့်တငံ့ငံ့နဲ့ ကြည့် ရမှာလေ။

တစ်နေ့တစ်နေ့ သူတို့တွေ စားဖို့သောက်ဖို့ ဝယ်ခြမ်း ချက်ပြုတ်ကျွေးမွေးရ၊ တစ်ရက်ဝတ်သမျှ မလျှော်ဖြစ်ရင် အဝတ် တွေ ပုံကုန်မှာစိုးပြီး တစ်နေ့တာ လျှော်စမ်း။ အလုပ်သွားတဲ့အခါ မီးပူကျကျလေး ဝတ်နိုင်မှ အိမ်ကအိမ်ရှင်မ ဘယ်လောက်တော် လဲဆိုတာကို လူတွေကသာသိပြီး ကာယကံရှင်ဖြစ်တဲ့ လင်တော် မောင်ကဖြင့် အသိအမှတ်မပြု၊ ဘာသိဘာသာ။

'စားကောင်းလိုက်တာ' လို့ပြောရန် ဝန်လေးလေ့ရှိပေ မယ့် 'ငံလိုက်တာ' 'ပေါ့ရွှတ်နေတာပဲ' 'ငရုတ်သီးလျှော့ဦးမှပေါ့' 'ဆနွင်းနဲ့ နံတယ်'ဆိုတဲ့ ကဲ့ရဲ့စကားကိုဖြင့် နှုတ်မှ ပေါ့ပေါ့လေး ထွက်သမျှ သည်းခံပေဦးတော့။ 'အိမ်ရှင်မ'ဆိုတဲ့ရာထူးကနေ 'အိမ်စေ၊ ထမင်းချက်'နေရာကို အလိုလိုလျှောကျပြီး အိမ်ထဲ ချောင်ထိုးခံရတော့တာ အမှန်ပါလေ။

ဒါမျှမကသေး။ အိမ်ထဲ အမြဲကုပ်နေရပြီး ဘယ်ကိုမှ





မထွက်ရတဲ့အိမ်ရှင်မက သားသမီးတွေမွေးပြီး ပုံပျက်ပန်းပျက် ကြီးဖြစ်လို့ကတော့ သွားလေရော့ပဲ။ အပြင်မှာ KTV တွေ၊ Massage တွေ၊ Day Club တွေ၊ Night Club တွေ ပေါမှ ပေါဆိုတော့ အပြင်မှာပဲ ကဲပြီပေါ့။ အိမ်ကမိန်းမကို ရာထူးတိုး ပေးချင်ပြီမဟုတ်လား။

ထားပါတော့လေ။ ညီမလေးရဲ့ယောက်ျားကတော့ ခပ် အေးအေးမို့ တော်ပါသေးရဲ့။ အပြင်မှာတော့ ဘာဘာညာညာ အသံမထွက်ရဲ၊ အိမ်မှာ အငယ်ဆုံးမိန်းကလေးကို ယူထားရသလို ယောက္ခမတွေနဲ့အတူနေရတာမို့ မလှုပ်ရဲတာလည်းပါမှာပင်။ ပြီး တော့ မိနွေ့ရဲ့အစ်မဖြစ်တဲ့ ကျွန်မကလည်း ခပ်ထက်ထက်မဟုတ် လား။

အပြင်ကို နေ့စဉ် တကျောင်းကျောင်းထွက်တတ်သူမို့ ဒင်း ခြေတစ်လှမ်းမှားရုံနဲ့ ကျွန်မအရင်ဆုံးသိတော့မှာလေ။ ဒါကြောင့် လည်း ဒင်း နားရွက်မလှုပ်ရဲဘဲ ကုပ်နေတာဖြစ်မှာပင်။ မေမေတို့ ကတော့ သားမက်ကို သားအရင်းလို ချစ်ပြီးအလိုလိုက်ကြတာ ပါပဲ။

နေ့စဉ်နေ့တိုင်း ဘာဟင်းချက်ရမလဲမေးရင် 'သား မောင် ကိုဦး (ကိုကိုဦး)ကြိုက်တဲ့ ငါးရံ့အူလေး။ ကြက်အသည်းအမြစ်

လေး။ ငါးသလောက်ဥလေး ချက်လေ'ဆိုတဲ့လေသံကို အမြဲကြားရတတ်ပါ၏။

အသားမပါရင် မျိုမကျဘူးဆိုတာကိုဖြင့် မြင်ပြင်းကပ်လှပါ၏။ ဒါကြောင့်လည်း ဘယ်လောက်စားစား အသားမဖြစ်ဘဲ ဒင်း ငါးခြောက်ပြားပုံ ဖြစ်နေတာပင်။

တစ်ခါတလေ 'ငါကြိုက်တဲ့ မျှစ်နဲ့ချဉ်ပေါင်ကြော်ပေးဦး'၊ 'ကြက်ဟင်းခါးသီးစပ်စပ်လေး'၊ 'ခရမ်းသီးနဲ့ ပုစွန်ခြောက်လေးနှပ်ပေး'ဆိုတာမျိုးကို ခပ်တင်းတင်းပြောလေမှ အလိုက်သိပြီး ချက်ကျွေးတာပါ။ မျက်စောင်းခဲနိုင်မှ အစ်မ ဘာလိုသလဲဆိုတာကို မြင်တဲ့ညီမ။

နောက်ဆုံးမှာ သိလိုက်ရတာက အိမ်မှာ ဘယ်လောက်ပဲ အရေးပါပါ၊ ဘယ်လိုပဲ ဦးဆောင်ပြီး စီးပွားရှာရှာ၊ ဘယ်နေရာ ကွက်လပ်ပဲဖြည့်ဖြည့်၊ ကျွန်မက လူရာမဝင်တာပါပဲ။ နေရာတကာ ဒီမျက်စိကမြင်ပြီး နှုတ်က ထိန်းချုပ်မရဘဲ ပြောမိလိုက်တိုင်း 'အပျိုကြီးတွေများ နေရာတကာပါတယ်'ဆိုပြီး အလုံးကြီးကြီးနဲ့ အထုခံရပါလေရော။

တခြားစကားသုံးတာ ပြဿနာမရှိ၊ ကျွန်မအသက်လေး (၃၀)နား နီးလာတာနှင့်အမျှ လူကို အပျိုကြီးစာရင်းသွင်းပြီး ကြည့်





မရတော့တာ ဘာကြောင့်များပါလိမ့်။ နေရင်းထိုင်ရင်း အပြစ်လုပ်ထားတဲ့လူလိုပဲ မြင်နေကြတော့တာပါပဲ။ မေမေ့မိတ်ဆွေတွေနဲ့ တိုးတိုင်း 'သမီးကြီး မစုံသေးဘူးလား'ဆိုတဲ့စကားက အရှိုက်ကို တည့်တည့်ထိတော့တာပါလေ။

အိမ်ထောင်မပြုတာနဲ့ပဲ လောကကြီးမှာ လူပိုဖြစ်ပြီး လူ့တာဝန်မကျေဖြစ်ရရောလား။ အိမ်ထောင်သားမွေးပြုပြီး တာဝန်ယူနေတဲ့မိန်းမတွေက ဒီကမ္ဘာပေါ်မှာ အများကြီးရှိနေတာလေ။ တစ်နှစ်တစ်နှစ် မွေးလိုက်တဲ့ကလေးတွေက တစ်ခါမွေး တစ်ယောက်တောင်မဟုတ်။ နှစ်မြွှာပူး သုံးမြွှာပူး လေးမြွှာပူးတွေ မွေးလိုက်ကြတာမှ သောက်သောက်လဲ။

ဒီလောက် ကုန်ဈေးနှုန်းတက်နေရဲ့ စီးပွားရေးထဲမှာ လူဦးရေက ဒီရေလို တိုးနေရင် ဘယ်နှယ်လုပ်ကြမှာလဲ။ အိမ်ထောင်ဦးစီးက လျှာထွက်အောင်ရှာနိုင်မှ တော်ရုံရှိမှာပါ။ မဟုတ်လို့ကဖြင့် အဲဒီလိုမိသားစုမျိုးကို မျက်စိရှေ့မြင်ရရင် ရင်ထဲမှာပါ အပူတွေကူးစက်တော့မလို ခံစားရတာအမှန်ပါပဲ။

ရင်မောစရာတွေအပြည့်မို့ အိမ်ထောင်ပြုရမှာကို ကျွန်မကြိုတွေးပြီး အလိုလိုလန့်နေမိတာပါ။ ကလေးနေမကောင်းတိုင်း မအေဖြစ်သူကသာ အိပ်ရေးပျက်ခံ ပြုစုရတာမဟုတ်ပါလား။ အဲဒီ

ရွှေပဒေသာစာပေ

ကလေးကို ပြုစုပျိုးထောင်ပြီး ကြီးအောင် ဂရုစိုက်ဦး၊ အရွယ်ရောက်လာရင် ကျောင်းကိုကြိုပို့ စာပြသင်ပေးဦး၊ ကျောင်းပြီး ဘွဲ့ရတာနဲ့ မိန်းမယူ အိမ်ထောင်ပြုပြီး မိဘကိုကျောခိုင်းတာနဲ့ ရင်ကျိုးရပြီပဲ။

လိမ္မာတဲ့သားသမီးမျိုး ဘယ်နှယောက်များ ရှိပါသလဲ။ ကျွန်မညည်းညူပြောမိတိုင်း မိနွေ့ရဲ့အပြုံးက ခပ်မဲ့မဲ့အဓိပ္ပာယ်နဲ့ ပါလေ။ ''မမ မချစ်တတ်သေးလို့ပါ'တဲ့။ ကျွန်မ ဆတ်ဆတ်ထိ မခံအော်တော့ 'အချစ်နဲ့တွေ့လာရင် မမရဲ့မာနအလံကြီး ကျိုးမှာ သေချာပါတယ်၊ စောင့်ကြည့်ပါ'တဲ့လေ။

ကိုယ့်ထက် အသက်(၃)နှစ် ငယ်ပေမယ့် အိမ်ထောင် အရင်ပြုသွားတာမို့ ဝါက အလိုလိုကြီးသွားပြီး Power ပြချင် နေတာကို သိသိကြီးဖြစ်ပါလျက် အခံရခက်တာတော့အမှန်ပါပဲ။ 'အမြဲ အဲဒီလိုအပျက်ကိုပဲမြင်နေလို့ မမ အပျိုကြီးဖြစ်နေတာ'ဆို သည့်စကားက အသည်းကို ဆူးနဲ့ထိုးခံရသလို အနာဆုံးဆိုတာ ကိုယ်တိုင်ပဲ သိနိုင်တာပါလေ။

ပြတင်းတံခါးကိုဖွင့်လိုက်ပြီး အောက်ကိုငုံ့ကြည့်လိုက် ပါ၏။ လမ်းမထက်မှာ လူတွေ ဥဒဟိုသွားလာနေကြပြီပဲ။ မနွေ့ က ပင်ပန်းထားသမျှ ကောင်းကောင်းကြီး Rest ယူတာ တော်





လောက်ပြီလေ။ အိပ်ခန်းမှထွက်ကာ Bathroom ထဲ ဝင်လိုက် ပါ၏။

Breakfast စားဖို့နဲ့ ဟင်းချက်စရာတွေ နည်းနည်းပါး ပါး ဝယ်ထားဦးမှပါပဲ။ တော်ကြာ မာတာမိခင် ပေါက်ချလာမှ ရေခဲသေတ္တာထဲ ဘာမှရှိမနေရင် ပွစိပွစိပြောတော့မှာလေ။ ရေမိုး ချိုးပြီး ထွက်လာမှ မနွေ့က သယ်လာသည့်ရေခဲသေတ္တာကို Power ဖွင့်လိုက်၏။ ကားပေါ် လှဲပြုသယ်လာရင် Gas အိုးလှုပ် တာမို့ တစ်ရက်လုံးလုံး မီးမဖွင့်ရမှန်း သိလို့ပါပဲ။

အဝတ်အစားလဲပြီး အခန်းထဲမှထွက်လိုက်ပါ၏။ လေး လွှာလှေကားထစ်ကို တညောင်းကြီးနင်းရဦးမှာကို။ အောက်ခန်း ကိုယူရင် ငွေက နည်းနည်းလေးပဲရမှာမို့ အပေါ်ဆုံးထပ်ကိုပဲ ယူဖြစ်ခဲ့တာပင်။ ဒါမှလည်း ပိုငွေနဲ့ စီးပွားရေးလုပ်လို့ရမှာလေ။ လောလောဆယ် အထိုင်ကျပြီးတာနဲ့ ရွှေဆိုင်လေးပဲဖြစ်ဖြစ် ဖွင့် ပြီး ကူ့ခြွေရရနေနိုင်ဖို့ စဉ်းစားထားပါ၏။

မေမေကတော့ ဆိုင်မှာ ကျွန်မ ငြိမ်ငြိမ်လေးထိုင်မှာကို အားပေးကာ သဘောကျနေလေသည်။ ရောင်းကောင်းရင်တော့ တစ်မျိုးပေါ့။ အေးစက်စက်ကြီးဖြစ်နေရင်တော့ ဆိုင်မှာ အလုပ် သမားနဲ့လွှဲထားပြီး အပြင်ကို ရွက်လွှင့်ဖြစ်တော့မှာ အမှန်ပါပဲ။

ကျွန်မက တစ်နေရာတည်းမှာ ငြိမ်နေရတာကို သေလုမတတ် ပျင်းရိသည့်လူမျိုးပါလေ။

ဈေးက ရပ်ကွက်နှင့်ခပ်လှမ်းလှမ်းနေရာမှာရှိပြီး သွားလာရတာ အဆင်ပြေပါ၏။ ပိတ်စတန်း အဝတ်တန်းဆိုင်ခန်းများက သီးသန့်။ အိုးခွက်ပန်းကန်ဆိုင်များက သပ်သပ်။ Plastic ခုံတွေ စားပွဲတွေ သေတ္တာတွေ ရောင်းတာကလည်း သပ်သပ်စီ။ ဟင်းရွက်က တစ်တန်း။ သစ်သီးဝလံက တစ်တန်း။ အသားငါးက တစ်တန်း သီးသန့်စီမို့ ဈေးက သန့်ပြန့်နေလေသည်။

"ဟော!"

ရွှေဆိုင်တန်းတွေက သင်္ကန်းပရိက္ခရာတို့ အလှကုန်၊ ဇာထိုးပန်းထိုး သိုးမွှေးစသည့် Assessary ပစ္စည်းတို့ တွဲရောင်း အတန်းမှာ တစ်ဆက်တည်းရှိနေလေ၏။ နှစ်ထပ်အဆောက်အဦမို့ အပေါ်ထပ်မှာ အလှပြင်ဆိုင် ဆံပင်ညှပ်ဆိုင် Spa တွေက ဖွင့်ပင်ဖွင့်နေလေပြီ။

တစ်ဖက်ခြမ်းမှာ ဆောက်လက်စဆိုင်ခန်းတွေ ရှိနေတာမို့ ပြုံးပြီး ခေါင်းညိတ်လိုက်မိပါ၏။ အခန်းမပြီးသေးတာမို့ ရောင်းတာဖြစ်ဖြစ် ငှားတာဖြစ်ဖြစ် ကြိုစုံစမ်းနိုင်သည်လေ။ တစ်ခန်းလောက်ရလျှင်တော့ OK ပြီပဲ။ မဆိုးပါဘူး. . . ကျွန်မအတွက်





ဈေးကွက်စီးပွားရေး (မိန္ဒွအခေါ် ဗီးကွက်စီးပွားရေး) ကတော့ သိပ်ကြီးမခက်ခဲလှပါလေ။

"အစ်မလေး. . . ဘုရားပန်းလေးတွေ လန်းတယ်လေ၊ ဝယ်သွားပါဦး"

မျက်လုံးက အပေါ်ချည်း လိုက်ငေးနေတာမို့ အောက်မှာရောင်းနေသည့်ဈေးသည်ကို မမြင်လိုက်မိ။ ဟုတ်သားပဲ ဘုရားဝင်မှာ ဘုရားညောင်ရေအိုးနှင့် ပန်းအိုးတို့ ကပ်ရပ်မှာလေ။ ဈေးသည်ကလည်း ပြောသည့်အတိုင်း ပန်းကို အဖူးလေးတွေချည်း ရောင်းနေတာပင်။ ကျွန်မက နှင်းဆီပန်းကို အကြိုက်ဆုံးမဟုတ်ပါလား။

"ဘယ်လိုရောင်းလဲ"

"ဆယ်ပွင့် ခြောက်ရာပါ အစ်မ၊ ဘယ်နှစီး ယူမှာလဲ"

"မလျှော့တော့ဘူးလား။ ကျစ်! အောင်သပြေပါ ယူမှာမို့ပါ"

ဘုရားပန်းဝယ်တာကို နှုတ်က အလိုလိုလွှတ်ခနဲ ဆစ်မိသွားတာမို့ အမြန်ဘရိတ်အုပ်လိုက်ရပါ၏။ မေမေက မဆစ်ကောင်းဘူးဟု သတိပေးထားသောကြောင့်ပါလေ။

"အောင်သပြေအညွှန့်လေးတွေက နှစ်မျိုးရှိတယ် အစ်မ

ရဲ့၊ ရိုးရိုးက တစ်စီးနှစ်ရာပါ၊ ဒီအတုံးကိုင်းလေးနဲ့ ရောင်းတာက တစ်ခိုင် ငါးရာပါ"

"များလိုက်တာ"

"ဒါက ပိုအထားခံတယ်လေ အစ်မရဲ့"

"နှင်းဆီက နှစ်စီးယူမယ်လေ၊ သပြေလည်း ဒီထဲက တစ်ခက်ပဲ လျှော့ပေးလေ"

"ရပါတယ်အစ်မ၊ နှစ်မျိုးကို (၁၅၀၀)တော့ ပေးပါနော်၊ ဈေးဦးပေါက်မို့ပါ"

"အေးပါ၊ နှင်းဆီက အနီရဲရဲလေးနော်"

"ဟုတ်ကဲ့၊ အားလုံး နှစ်ပွင့်တည့် စည်းပေးလိုက်မယ်"

"ကျေးဇူး"

မြင်တယ်မဟုတ်လား။ ဝယ်တတ်ရင် ရပါတယ်လို့၊ ပန်းသည်က သေသေချာချာစုစည်းပေးသလို အင်ဖက်ဖြင့် အပြင်မှပါ လုံအောင်ပတ်ပေးလိုက်ပါ၏။ စေတနာပါပါနဲ့ လုပ်ပေးတာပါလား။

"ဒီမှာ ငါးရာပါ အစ်မ"

ပြန်အမ်းငွေကို တရိုတသေကမ်းပေးလေ၏။ အသားငါးရောင်းတဲ့ဈေးသည်တွေထက် ပိုများနူတ်ချိုနေသလိုပါပဲလား။





ရွှေဆိုင်က စာရေးမလေးတွေဆို ဒီ့ထက်ပင် ပိုနူတ်ချိုကြတာလေ။ 'မဝယ်လည်း ဝင်ကြည့်လို့ရပါတယ်ရှင်'ဆိုတဲ့လေသံချိုချိုကို မြို့ထဲက ရွှေဆိုင်တိုင်းမှာ မကြာခဏကြားရတတ်တာပါလေ။

"ဒီနောက်က ဆိုင်ခန်းတွေ ရောင်းပြီးကုန်ပြီလား"

"ဩော်. . . အဲဒါလား. . . ကျွန်မတော့ သိပ်မသိဘူး အစ်မရဲ့။ ဈေးခေါင်းလူကြီးကိုမေးမှ သိနိုင်မှာ။ အစ်မက ပွဲစားလား"

"မဟုတ်ပါဘူး။ ကျွန်မလည်း တစ်ဆိုင်လောက် ယူမလားလို့ပါ။ ရွှေဆိုင်ဖွင့်မလို့"

"ဒါဖြင့် ကျွန်မ မေးပေးထားမယ်လေ။ အစ်မ နောက်နေ့ ဈေးလာရင် ပြောပါ့မယ်။ ကျွန်မ ဒီနေရာမှာပဲ မနက်ရောညနေပါ ရှိပါတယ်အစ်မ"

ခေါင်းညိတ်ပြလိုက်မိပါ၏။ တွေ့လား. . . စကားလေးနည်းနည်းပြောလိုက်ရုံနဲ့ အလုပ်က အဆင်ကို ချောလို့ပါပဲ။



## အခန်း (၄)

"တင်းတောင် !. . ."

တံခါး Bell သံကြောင့် မီးဖိုခန်းထဲ လုပ်နေတာကိုရပ်ပြီး အိမ်ရှေ့သို့ထွက်လိုက်ရပါ၏။ ထင်တဲ့အတိုင်းပါပဲ။ မာတာမိခင်ကတော့ စောစောစီးစီးကို ပေါက်ချလာတော့တာလေ။

"စောလိုက်တာ မေမေရယ်"

"စောရမှာပေါ့. . . နေမြင့်အောင် အိပ်ကျင့်ရှိတဲ့မမက ဘုရားဆွမ်းတော်မီအောင် ချက်ပါ့မလား လာကြည့်တာ"

တိုက်ခန်းထဲဝင်သည်နှင့် ပူပန်ပြစ်တင်သံက ထွက်တော့တာပါပဲ။ ဒီလေ့ကားထစ်တွေကို တက်လာတာ မောတယ်လို့ မညည်းပါလား။ ရေခဲသေတ္တာထဲမှ ရေသန့်ဘူးကို ယူလိုက်တာ

မို့ ရေသောက်ရန် ဖန်ခွက်ယူပေးလိုက်ရပါ၏။

"ဘာချက်ပြီးပြီလဲ"

"ဘာမှမချက်ရသေးဘူး။ ထမင်းပဲချက်ပြီး အခုပဲ ဘုရားပန်းကပ်ဖို့ပြင်နေတာ"

"သိတယ်. . . သိတယ်၊ ထုံးစံအတိုင်း ပန်းအိုးတွေထဲ ထိုးထိုးထောင်ထောင်ထည့်တော့မှာ မဟုတ်လား။ ဈေး ဘယ်အချိန်သွားလိုက်တာလဲ"

"ညနေကတည်းက"

"ချက်စရာရော ဝယ်လာရဲ့လား"

"အင်း"

သိတယ်လေ. . . သိတယ်၊ စေ့စေ့ပေါက်ပေါက်ကို စစ်တော့တာပဲကိုး။ ရေခဲသေတ္တာထဲမှာက ပစ္စည်းနည်းနည်းလေးပဲ ဝယ်ထည့်ထားတာပါ။ မေမေက ခပ်သွက်သွက်ဖြင့် ပန်းတွေကို အရွက်ချွေတန်တာချွေ၊ အရိုးဖြတ်တန်တာဖြတ်ပြီး ဘုရားပန်းအိုးတို့က မျက်စိပသာဒကို ဖြစ်လို့။

ကျွန်မကဖြင့် ကြည့်လို့အဆင်ပြေရင် ပြီးရောသဘောမျိုးဖြင့်သာ ပန်းအိုးထိုးတတ်တာပါလေ။ အလှအပကိုမကြိုက်ဘဲ မပြင်တတ်တာက ကျွန်မတစ်ဦးသာ ရှိတာလေ။ မိန္ဒွေကဖြင့်





မေမေ့မျက်စိအတိုင်း အံ့ဝင်ခွင်ကျဖြစ်ပြီး ဘာမဆို လှတပတလေး ဝတ်စားဆင်ယင်တတ် ပြင်တတ်ဆင်တတ်ပါ၏။ ကျွန်မကိုဖြင့် ဒီကမ္ဘာမှာ ရှားမှရှားတဲ့မိန်းမတဲ့လေ။

"ချက်စရာက ဒါပဲလား"

"အင်းလေ၊ ချိုကြိုက်တာပဲ ချိုချက်မှာပေါ့ မေမေရ။ ဘယ်သူ လာစားမှာမို့လို့လဲ"

မေမေ့မျက်စောင်းက ကျွန်မထံ ဒိုင်းခနဲရောက်လာပါ၏။ အဲဒီလိုပဲ ကျွန်မက စကားပြောရင် လူရိုက်ပေါက်မျိုး တုတ်ထိုးအိုးပေါက်ပါပဲ။ ဒီလိုအပြောမကောင်းတဲ့မိန်းမက ဘယ်လိုဖြစ်ပြီး ပွဲစားဈေးသည်ဘဝရောက်လာခဲ့သလဲ ကိုယ့်ကိုယ်ကိုယ်ပင် မသိလိုက်ပါချေ။

"ဟွန်း! လာတော့မယ် ကြက်ဥ ဘဲဥ၊ အသားငါးမစားချင်ဘူးဆိုပြီး အရွက်တွေချည်း ဝယ်ထားတော့တာကိုး။ ဒီထဲမှာ ဘာရှိသေးလဲ"

မေမေက နံရံကပ်ဗီရိုလေးကို ဖျတ်ခနဲဖွင့်လိုက်လေ၏။ အထဲမှာရှိတာက ကော်ဖီ၊ လက်ဖက်ရည်၊ ကွေကာ Packing ထုပ် အတွဲလိုက်တို့နှင့် ရေနွေးဖျော အသင့်စား ခေါက်ဆွဲကြာဆံထုပ်တွေလေ။ သွားပါပြီ၊ အဆူက ထပ်တိုးဦးတော့မှာပါပဲလား။

"ကြည့်စမ်း! ဒီအသင့်စားအထုပ်တွေ တစ်ပုံကြီးဝယ်ထားပြန်ပြီ။ အဲဒါတွေက အမြဲစားလို့ကောင်းတာမဟုတ်မှန်း သိရဲ့သားနဲ့"

"ချိုသိပါတယ် မေမေရယ်၊ မပူပါနဲ့။ ချိုပြုတ်ရင် ခေါက်ဆွဲကို အရင်ပြုတ်ဆယ်ပြီးမှ နောက်ရေအသစ်နဲ့ ထပ်ပြုတ်စားတာပါ။ ဘာမှမဖြစ်စေရပါဘူး"

"မဖြစ်ရင် ကောင်းတာပေါ့။ အဲဒီထဲမှာပါတဲ့ Chemical တွေက Cancer ဟဲ့ Cancer... ကုရာနတ္ထိနဲ့ အိပ်ရာထဲ ဘုံးဘုံးလဲ လူမမာနဲ့ အသက်ထွက်ရမယ့်ရောဂါမျိုး။ ဒီအရွယ်ကြီးရောက်နေပြီ၊ အစစသင်ပေးနေရတုန်းပဲ"

"မေမေက ကျောင်းဆရာမ မလုပ်ဘဲ Nurse လုပ်ဖို့ကောင်းတယ်။ အဟုတ်ပဲ"

"ရှည်ပြန်ပြီ . . . ကဲ!"

"ဒေါက်!"

"အ !"

လက်မြန်သူပီပီ ကျွန်မခေါင်းထက် မုန့်ခေါက်တစ်ချက်ကျလာလေ၏။ ဟုတ်တယ်လေ၊ ကျွန်မကသာ ဘယ်တော့မဆို ဘာသိဘာသာနဲ့နေတတ်လေ့ရှိပေမယ့် မေမေကဖြင့် ပူတဲ့ရာသီ





ဆို ဘာဝတ် ဘာစား၊ ဘာသောက် စသဖြင့်၊ အေးတဲ့အခါလည်း အအေးမိ နှာစေးချောင်းဆိုးမဖြစ်ရအောင် ဂရုစိုက်တတ်ပါဘိသနဲ့။ မိခင်ပီသပါပေ့။

"ဒီမနက် ဘာချက်ပေးခဲ့ရမလဲ"

"အာ . . . ချို့ဘာသာချို ချက်ပါ့မယ်မေမေရာ"

"ဘာချက်မှာလဲ"

"ဒီလိုပဲ ရှိတာလေးပေါ့"

"နင်ချက်ရင် ချဉ်ငံစပ်ခါးပဲ မဟုတ်လား။ အစာအိမ်ကို ဒုက္ခပေးမယ့်အစားတွေ၊ အသားငါးကို သင့်တင့်မျှတအောင် စားပါပြောလည်းမရ။ ခေါင်းမာတဲ့ဟာလေး"

"ချိုကြိုက်တာကို လုပ်မှမလုပ်တတ်တာကိုး မေမေရဲ့။ ငါးပိစိလေး အိုးကပ်စားချင်ပေမယ့် မလုပ်တတ်လို့ မဝယ်ခဲ့ရဘူး"

"ဒါဖြင့်လည်း လုပ်ပြီးသားလေး ရွေးဝယ်ပေါ့"

"ဟင်! ဈေးသည်တွေလုပ်တာ မစင်ရင် ဘယ်နှယ်လုပ်မလဲ။ စိတ်ထဲမသန့်ပါဘူး။ လက်ကိုစူးမှာလည်း ကြောက်တာနဲ့ ငါးကိုရှောင်ရရော"

"အေး . . . အဲဒီလို ဇီဇာကြောင်နေလို့ ညည်း အပျို

ကြီးဖြစ်နေရတာပဲ။ ငါမပြောလိုက်ချင်ဘူး။ တကယ်ပါပဲ''

ကြည့်! ပြောပြန်ပြီ။ တဆိတ်ရှိ ဒီဘူတာကိုပဲ လာဆိုက်ရတယ်လို့။ ကိုယ့်ဘာသာကိုယ် အပျိုကြီးဖြစ်ချင်လို့ နေတာကို ဘာလို့များ မျက်စိနောက်နေရတာပါလိမ့်နော်။ အဲဒီလို တစ်ခွန်းအပြောခံရတိုင်း ရင်ထဲမှာ စူးခနဲအောင့်သက်သွားရတာကို ကိုယ်ချင်းမစာနာတတ်ရတယ်လို့။

''မေမေကလည်း တဆိတ်ရှိ ချို့ကိုပဲပြောနေတော့တာပဲ။ အပူအပင်ကင်းကင်းနဲ့ အပျိုကြီးဖြစ်ချင်တာ ဘာဖြစ်လဲ''

''ကြည့်! ပြောပြန်ပါပြီ၊ တစ်ကိုယ်တည်းအပျိုကြီးဖြစ်တာနဲ့ အပူအပင်ကင်းတယ် မထင်လေနဲ့ မိချို''

''ကင်းတာပေါ့မေမေရဲ့၊ လင်ပူသားပူကင်းပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေတာ။ ကိုယ်ရှာတာ ကိုယ်သုံးဖို့ ကိုယ်လှူဖို့ပဲ၊ သေရင်တောင် ငိုယိုမယ့်လူတောင် ဘာမှမလိုဘူး။ အေးဆေး''

''ကျစ်! အေး. . . နင်ရှာနိုင်သေးတော့ ပြောအားရှိမှာပေါ့။ မရှာဖွေနိုင်တဲ့အိုကြီးအိုမအချိန် နာမကျန်းနဲ့ အိပ်ရာထဲလဲတဲ့အခါ ဘယ်သူက လာပြုစုမှာလဲ''

''အဲဒါက''





''Day Night Nurse ငှားနိုင်တယ်ပြောဦးမှာပဲ မဟုတ်လား။ နင်ပါးစပ်ဟာရုံနဲ့ ဘာပြောမယ်ဆိုတာ ငါသိပြီးသား။ ပြောမနေနဲ့၊ တူတူမတွေဆိုတာ အရွယ်ရောက်လာရင် အဒေါ်ကိုပြုစုမှာထက် အမွေဘယ်လိုတောင်းရမလဲပဲ တွေးကြမှာ။ ငါတို့မိဘတွေက နင့်ကို အချိန်အကြာကြီးစောင့်ကြည့်မနေနိုင်ဘူး။ လူ့သက်တမ်းကာလက တိုပါဘိသနဲ့''

မျက်နှာကို ရှုပ်ထားလိုက်မိသလို ရင်ထဲမှာပါ မကောင်းဖြစ်သွားရပါ၏။ ကျွန်မရှာဖွေကျေးဇူးဆပ်ခွင့်လေး ရှိနေစဉ်မှာတော့ မိဘတွေနဲ့ သေကွဲမခွဲချင်သေးပါ။ နေပါရစေဦး၊ ဖေဖေနဲ့ မေမေ့ကို ရဟန်းဒါယိကာ ရဟန်းဒါယိကာမ၊ ကျောင်းဒါယိကာ ကျောင်းဒါယိကာမကနေ စေတီတုရားတည်နိုင်သည့် ဒါယိကာ ဒါယိကာမအဆင့်အထိ ဒီဘဝမှာ ကုသိုလ်တွေ တစ်ပွေ့တစ်ပိုက်ကြီး ရရှိသွားစေချင်တာပါလေ။

''အစ်ကိုဖြစ်သူက နောက်နှစ်ဆို မင်္ဂလာဆောင်တော့မယ်။ နင်က ကြားထဲမှာ လပ်နေပြီး ကိုးယို့ကားယားနဲ့ ကျန်ရစ်ရင် မိဘနှစ်ပါးက ဘယ်လိုမျက်စိစုံမှိတ်ပြီး နောက်ကြောင်းအေးပါ့မလဲ''

''အဲလိုတော့ မပြောပါနဲ့မေမေရယ်၊ ချို့ရှေ့မှာ သေ

စကားပြောပြီး စိတ်မကောင်းဖြစ်ရအောင်''

''ဟဲ့! မျက်စိတစ်မှိတ်ဆိုတာကို နင်မကြားဖူးဘူးလား။ နေ့မြင်ညပျောက်တဲ့၊ ကွေးသောလက်မဆန့်ခင် ဆန့်သောလက် မကွေးခင်မှာ လူ့ဘဝက ဖျိုးခနဲဖျတ်ခနဲ ဖြစ်ပျက်ကြရတာ သဘာဝကို''

တော်သေးတာပေါ့။ တစ်နေ့တစ်နေ့ မြေးကိစ္စနဲ့ပဲ လုံးပမ်းနေတယ်ထင်တာ၊ ဘာသာရေးကိုတော့ လုပ်နိုင်သားပါပဲလား။ မေမေ တရားထိုင်တာ မေမေပုတီးစိပ်တာကိုတော့ မြင်နေရတတ်ပါ၏။ ဪ. . . တရားရှာတယ်ဆိုတာ ဘုရားကျောင်းကန် နေ့စဉ်မသွားနိုင်ပေမယ့် အိမ်မှာလုပ်ရင်းကိုင်ရင်းနဲ့လည်း ရှာတတ်ရင် ရနိုင်တာပဲကို။

'တံခွန်မရှိတဲ့ဘုရား၊ အလံမရှိတဲ့ရထား၊ လင်မရှိတဲ့ မယားဆိုတာ မတင့်တယ်ဘူး သမီးရဲ့။ ကိုယ့်မှာ အားကိုးအားထား လင်ယောကျ်ားမျိုး သားမျိုး မရှိရင် ပတ်ဝန်းကျင်က အထင်သေးအမြင်သေးရှိကြတာ။ မေမေ့သမီးကို ဒီလောကအလယ်မှာ မျက်စိသူငယ်နားသူငယ်နဲ့ လူ လက်ညှိုးထိုးခံရအောင် ချန်ရစ်ခဲ့ရမှာ စိတ်မချပါဘူး။ အိမ်ထောင်ကို ချပေးမှကိုဖြစ်မှာပါ''

''မေမေကလည်း မြေးချီချင်တယ်ဆိုလို့ မိနွေ့ မွေးပေး





ထားပြီးပြီမဟုတ်လား''

''အဲဒီမျောက်လောင်းလေးမျိုးက ဘာများအသုံးကျမှာ ရှိလို့လဲ။ မေမေက မအေအားကိုးဖော်ရမယ့် မြေးမိန်းကလေးမျိုး ဲ လိုချင်တာ။ အငယ်မက ကျန်းမာရေးမကောင်းပုံနဲ့ နောက် ထပ်ကလေးက ယူလို့ရမယ်မထင်ဘူး''

''ဒါဆိုလည်း ကိုကိုယူမယ့်မိန်းမ မွေးပေးမှာပေါ့''

''သားကမွေးလို့ မြေးက စစ်မှာတဲ့လား။ သမီးက မွေး မှ မြေးစစ်စစ်ရတာဟဲ့။ ကျစ်! ပြောရတာ ခက်လိုက်တာနော်။ ယောကျ်ားလေးက အသက်ဘယ်လောက်ကြီးကြီး ယူမယ့်မိန်းမ ရှိတယ်။ နင်တို့လိုမိန်းကလေးတွေသာ အရွယ်လွန်သွားရင် လွယ်တော့ဘူး။ မိန်းမမှန်ရင် အသက်အစိတ်က အိမ်ထောင် ပြုဖို့အကောင်းဆုံးပဲ''

''ချိုက (၂၉)ထဲပဲ ဝင်နေပြီကို''

''အဲဒါကြောင့် မြန်မြန်အိမ်ထောင်ပြုဖို့ ပြောနေရတာ ပေါ့။ အငယ်မက စိတ်အေးနေရပြီ၊ သားကြီးလည်း ယူမယ့်သူ တာ အဆင်သင့်ပဲ။ ညည်းမှာ မူးလို့ရူးစရာ ရည်းစားကော ရှိလို့ ား မိချိုရဲ့။ ရှိရင် ခေါ်လာပြစမ်း။ ဒီနှစ်ထဲ ပေးစားပစ်မယ်''

မျက်နှာကို ရှုံ့တွလိုက်မိပြန်၏။ ဒီပုံမျိုးနဲ့ ရုပ်တော့ ပို

ဆိုးတော့မှာပါပဲ။ သမီးဖြစ်သူကို အနှမျှောမရှိ ယောကျ်ားပေ
စားချင်နေရတယ်လို့။ ဒီကြားထဲ ကလေးတောင်မှ သမီးမိန်
ကလေးပဲ ယူခိုင်းနေတာလေ။ ကျွန်မသတို့သားသာ (အကယ်
၍) ကြားရင် အော်ရယ်လိုက်မယ့်ဖြစ်ခြင်း။

"မရှိပါဘူး။ ရှုပ်ရှုပ်ယှက်ယှက် အပူမရှာချင်ပါဘူး
နေမှ"

"အေး . . . ညည်းရှာမရရင် ငါပဲရှာပေးမယ်။ ပြီးတော့
မှ အရိုးများ ချေးခါး မလုပ်လေနဲ့"

"ကျစ်! . . . ခက်လိုက်တာမေမေရာ"

"ဘာများခက်လို့လဲ၊ နင့်အဖေမှာရော ငါ့မှာပါ မိတ်ဆွေ
တွေ တစ်ပုံကြီးရှိတဲ့ဟာ။ အဲဒီထဲက ဇကာနဲ့စစ်ပြီး ရွေးပါ့ေ

"ချိုက"

"ဘာလဲ၊ ပိန်တာ ဝတာ ဖြူတာ မည်းတာမျိုး
ပြောဦးမှာမဟုတ်လား။ ဒီလောက်တော့ ငါသိပါတယ်။ ကို
သမီးနဲ့လိုက်ဖက် မလိုက်ဖက်တော့ ရွေးတတ်ပါတယ်ဟဲ့။ ညည်
သာ ခေါင်းညိတ်လက်ခံဖို့ စဉ်းစားထား . . . ဒါပဲ"

သေစမ်း! နေရင်းထိုင်ရင်းနဲ့ကို ပြဿနာက အိမ်ထဲ
ရောက်လာရတာလေ။ ဒုက္ခပါပဲ၊ ကိုယ့်သမီးကို ဒုက္ခတွင်





ချဖို့ပြောတဲ့မိဘ ဒီကမ္ဘာပေါ်မှာ ဘယ်နှဦးများ ရှိနေပြီလဲ။
ကိုယ်တည်း အပျိုကြီးဘဝနဲ့ အရိုးထုတ်ပါ့မယ်ဆိုနေမှ
သနာ အစရှာနေတာလေ။

မေမေပို့ချင်တဲ့အိမ်ထောင်က ချို့အတွက် တစ်သက်
ကျွန်းထောင်ဆိုတာ သိပါရဲ့လား။ ငါနော်. . . သေသာသေ
ချင်တော့တာပါပဲ။



## အခန်း (၅)

ဟိုပန်းသည်လေး မှာထားတာမို့ ညနေဘက် လမ်းလျှောက်ရင်း ဈေးထဲကိုပဲ ထွက်လာပါ၏။ နေရောင်မပျောက်သေးတာမို့ ညနေဘက်နေက နွေးနွေးလေးပါပဲ။ မေမေခေါ်လာမယ့် ကောင်မလေးက မနက်ဖြန်ဆို နယ်က ရောက်လာမှာတဲ့။

ဇီဇာကြောင်တဲ့ ကျွန်မနဲ့ ရေလိုက်ငါးလိုက်သာ မနေတတ်ရင် ရန်ကုန်မှာ ဘယ်ပျော်ပါ့မလဲ။ ကျွန်မက မျက်စိဒေါက်ထောက်ကြည့်ပြီး ဆူတဲ့လူတော့ မဟုတ်ပါ။ သို့သော် အသန့်ကြိုက်တတ်၊ စိတ်ရှုပ်တတ်၊ မျက်စိနောက်တတ်၊ နားမဆူတာကြိုက်တတ်တဲ့ အပျိုကြီးမမနဲ့ အဲဒီကလေးမက ပုလဲနံ့ပ မသင့်ရင်ဖြင့် ပြဿနာအကြီးကြီးတက်တော့မှာပါလေ။

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိ၏။ ဒီပုံနဲ့တော့ ကျွန်မ အသက်တိုတော့မှာပါပဲ။ နှလုံးသားက ယခုအချိန်ထိ မခုန်တတ် သေးတော့ ဘယ်လိုလုပ်မလဲ၊ အချစ်ဆိုတာ ချိုသလားခါးသလား ပူသလားအေးသလားဆိုတဲ့ အရသာကော မမြည်းစမ်းဖူးသေး တာမို့ အလတ်ကြီးရှိနေတုန်းပါပဲ။ ဒဏ်ရာဒဏ်ချက်တွေ အပြည့် နဲ့ ဝေဒနာဆိုးမျိုးကို မခံစားချင်တာမို့ ဆန့်ကျင်ဘက်ယောကျ်ား တွေရဲ့စိတ်ဝင်စားခြင်းကို နှစ်အတော်ကြာ ရှောင်ရှားနိုင်ခဲ့တာပါ။

'ချစ်တယ်'ဆိုတဲ့စကားက ယောကျ်ားသားတွေရဲ့နှုတ် က ခပ်ပေါ့ပေါ့ထွက်လာတာမဟုတ်လား။ 'ချို့ကိုမှမပိုင်ဆိုင်ရရင် ကိုယ်သေရပါတော့မယ်'ဆိုပြီး အလေးအနက်ထား အရှုံးအမှုး ချစ်ပြတဲ့လူမျိုး ကျွန်မဘဝမှာ တစ်ကြိမ်တစ်ခါမှ မကြုံဖူးခဲ့ပါချေ။

ကျောင်းတက်စဉ်က သူငယ်ချင်းတွေဆို အချင်းချင်းပဲ ဖြစ်ဖြစ် အပြင်ကပဲဖြစ်ဖြစ် တွဲလိုက်ကြတာမှ ဟောတစ်ယောက် ဟောတစ်ယောက်နဲ့ မျက်စိရှေ့မှာ မမြင်ချင်မှအဆုံးပါပဲ။ 'ချစ် လား' 'အင်း'ဆိုပြီး လွယ်လိုက်ကြတာလေ။ ကျွန်မနောက်မှာ ဘယ်လောက်ပဲ ကပ်ပါပါ 'ငါ့မှာ ရှိပြီးသား' 'စိတ်ရှုပ်လို့ နားစမ်း ပါ' 'ငါက ငါ့ကိုယ်ငါ အချစ်ဆုံးမို့ ဘယ်သူ့ကိုမှ ငါ့လောက် မချစ်နိုင်လို့ Sorry!'ဆိုပြီး စကားမထပ်ရလေအောင် ပြောတတ်





လို့ ခုချိန်ထိ အထီးကျန် ကျန်ရှိနေတာပါလေ။

နေဦး. . . ကျောင်းအတူပြီးခဲ့တဲ့သူငယ်ချင်းမက တစ် ဦးတည်းသောအပျိုကြီး ရှိသေးတာပဲ။ အခု နာမည်စကြီးနေပြီ ဖြစ်တဲ့ စာရေးဆရာမ 'မေသစ္စာမောင်'လေ။ မိမောင်ကို ထုတ် ဝေသူက မွေးနေ့လက်ဆောင် Phone ဝယ်ပေးထားပေမယ့် အင်းက သူ့ Boss နဲ့သာ Phone ဆက်ပြီး Phone ကိုပိတ် ထားပါရော။ အင်းပေါ့လေ၊ နာမည်ကြီးနေတော့လည်း ကိန်းက ကြီးပြီပေါ့။

သူကိုယ်တိုင် ရည်းစားမထားဘဲ ဘယ်ကနေ ကုန်ကြမ်း တွေရှာပြီး အဲဒီလိုအချစ်ဝတ္ထုတွေ ရေးတတ်လာတာလဲမသိ။ သူ့ စာအုပ်တွေထဲမှာ မင်းသားမင်းသမီးလေးတွေက အလန်းစားလေး နဲ့ ရင်ခုန်အောင် ပြုစားနိုင်လို့ ဆယ်ကျော်သက်တွေ အသည်းစွဲ ဖြစ်နေကြတာလေ။ ယုတ်စွအဆုံး မေမေတို့လို (၄၀)ကျော် (၅၀) လူကြီးတွေအကြိုက်ပါ ရေးတတ်တာမို့ ဒီနေ့ ရေပန်းစားနေတာ ပါ။

အချစ်သက်သက်ကြီး ပျင်းရိအောင် ရေးထားတာမျိုး မဟုတ်ဘဲ၊ စာအုပ်ထဲမှာ ယနေ့ခေတ် Fashion လေးတွေ၊ Fancy ပစ္စည်းပုံစံလေးတွေ၊ ရင်သိမ့်တုန်ကဗျာလေးတွေ၊ အရှိုက်

ထိစေမယ့် English စာလုံးလေးတွေ ထည့်လဲသုံးတတ်တာမျိုး၊ ပြီးတော့ မေမေတို့လို လူကြီးတွေအကြိုက် ဟင်းချက်တာမျိုး၊ ပန်းစိုက်တာ၊ ပန်းအလှပြင်တာတို့ကိုလည်း မရိုးအောင် ရေးတတ်တာပါ။

တစ်ခါတလေ သူ့စာအုပ်နောက်ကျောဘက်မှာပါတဲ့ ဝေဖန်စာတွေထဲမှာ 'သီချင်းရေးရင် အပြည့်ရေးပေးပါ' 'ကဗျာလေးတွေ ထည့်ပေးပါဦး' 'ပျော်စရာရယ်ရတဲ့ ဇာတ်လမ်းလေး ထွင်ပေးပါ' ဆိုပြီး တောင်းဆိုထားတဲ့ပရိသတ်တွေမှ အများကြီးရှိနေတာပါလေ။ တချို့ဆို 'ဆရာမစာအုပ်ဖတ်ရင် ဗိုက်ပါ အလိုလို ဆာလာတယ်' ဆိုလို့ ကျွန်မပင် ပြုံးမိတာအမှန်ပါ။

အင်း. . . မိမောင်နဲ့ တိုင်ပင်ရဦးမှာပါပဲ။ သူနဲ့ဆို ဘာမဆို တိုင်ပင်လို့ရတယ်လေ။ ကိုယ့်အချင်းချင်းလည်းဖြစ်တာမို့ ပွင့်ပွင့်လင်းလင်းပြောလို့ရမယ် ထင်တာပဲ။ ပြောမယ့်သာ ပြောတာပါ၊ မိမောင်က ရည်းစား အတည်မထားဖူးတာ မှန်ပေမယ့် သူ့ရင်ထဲမှာ ယောကျ်ားတွေနဲ့ပတ်သက်ပြီး ဒဏ်ရာအကြီးကြီး ရှိခဲ့တာကို နှုတ်က ဖွင့်မပြောပေမယ့် ကျွန်မ ရိပ်မိနေတာလေ။

ကျွန်မကသာ ဘွင်းဘွင်းရှင်းရှင်း အကုန်ဖွင့်ချတတ်ပေမယ့် သူကဖြင့် ထိမ်ချန်လျှို့ဝှက်ပြီး မျိုသိပ်ထားတတ်တဲ့မိန်းမ





ပါပဲ။

အသည်းယားပြီး ပြောမိရင် 'လျှို့ဝှက်သင့်တဲ့ကိစ္စကို လျှို့ ဝှက်ထားရတယ် ချိုရဲ့' ဆိုပြီး စာရေးဆရာမရဲ့လေသံနဲ့ ဆရာလည်း လုပ်တတ်လေရဲ့။

ဒင်း Heart မှာ အရာလေးရှိနေလို့လည်း ဒီလို Heart ထိစေမယ့်စကားလုံးတွေ ဖန်တီးနိုင်တာဖြစ်မှာပေါ့။ သူကတော့ အခန်းထဲငြိမ်ငြိမ်လေးနေ၊ အတွေးနယ်ချဲ့ပြီး အေးအေးဆေးဆေး စာလေးရေး၊ ငွေရှာနိုင်ပေမယ့် ကျွန်မမှာဖြင့် အပူတပြင်းနဲ့ ငွေလိုက်ရှာနေရတာပါ။

"အမေ့!"

Slimbag အသေးလေးဝယ်ပြီး လွယ်ထားတာမို့ အိတ်ထဲမှာပါလာသည့် Phone သံကြောင့် ရုတ်တရက် လန့်သွားပါ၏။ Handset ကိုနှိုက်လိုက်ပြီး ကြည့်လိုက်စဉ် ကျွန်မ ပြုံးလိုက်မိပါသည်။ သေခဲဦးမှာပါလား မိမောင်၊ အခုပဲ တွေးမိနေတုန်း မိမောင်က Phone ဆက်ရတယ်လို့၊ နင် အသက်အရှည်ကြီး ရှင်သန်ဦးမှာပါလား မေသစ္စာမောင်။

"ဟဲလို"

"ချိုလား. . . ငါ မိမောင်ပါ"

"အေး . . . အခုပဲ နင့်အကြောင်းတွေးမိတုန်း နင် Phone ဆက်လာတာပဲ"

"မိန်းမ . . . ဘာလုပ်နေလဲ"

"ဈေးကို Walking ရိုက်နေတာဟ"

"ဘာလဲ၊ ပြူးတူးပြဲတဲ့နဲ့ ဇီးကွက်စီးပွားရေး လုပ်နေပြန်ပြီလား"

"ဒါပေါ့၊ ငါက နင့်လို Ball paint pan လေး ကိုင်ရုံ၊ အရိပ်ထဲနေရုံနဲ့ ငွေဝင်နေတာမဟုတ်ဘူးဟဲ့။ ခြေတိုအောင် လျှောက် အာပေါက်အောင်ပြောနိုင်မှ တန်ရုံပဲရတာ"

"အမယ်လေး Coculator မမရယ်၊ ချွဲသံပါအောင် ညည်းလိုက်တာများ ခိုက ကြီးဒေါ်ခေါ်နေရပါ့မယ်။ ငါ့ကို မနာလိုဖြစ်နေပြန်ပါပြီ။ တကတည်းမှ"

နှစ်ဦးသား ပြောပြီး၊ ပေါ့ပေါ့ပါးပါး ရယ်မိကြလေ၏။ အဟုတ်ကိုပဲ အပူအပင်ကင်းတဲ့ သူငယ်ချင်းမဟုတ်လား။ သူနဲ့ တွေ့ရင် ငယ်ငယ်တုန်းကအချိန်ကို အလိုလိုရောက်သွားပြီး လူက ဆယ်နှစ်စာလောက် ငယ်သွားသလိုခံစားရတာပါလေ။ မိမောင်က မိဘတွေမရှိတော့ဘဲ သူ့ထက် ခြောက်နှစ်ငယ်သည့် မောင်လေး 'လင်းနေဝန်း'နှင့် ယခုတိုင် အတူနေနေတာပါ။





အစ်မဖြစ်သူက ရိုးရိုးအေးအေးနဲ့ တည်ငြိမ်ပြီး မောင်ဖြစ်သူကဖြင့် ယနေ့ခေတ် ဖလန်းဖလန်းကောင်မလေးတွေနှင့် ထည်လဲတွဲပြီး ကဲနေတာပါလေ။ အလုပ်ကို မယ်မယ်ရရမလုပ် လက်ကြောမတင်းချင်ဘဲ "မမ မုန့်ဖိုးပေး"ဆိုကာ လက်ဖျစ်တီး ငွေတောင်းလေ့ရှိသူ။

မိမောင်ကလည်း ဒီမောင်လေးကို အမေလို အစ်မလို စောင့်ရှောက်နေတာမို့ လိုသမျှဖြည့်ဆည်းပေးပြီး အလိုစွတ်လိုက် ထားတာပါ။ သုံးချင်ဖြုန်းချင်သလောက် ထုတ်ပေးတိုင်း နှုတ်ပိတ်ထားပေမယ့် အဲဒီချာတိတ် Beer တွေ Jin တွေ မော့လာတဲ့နေ့ကတော့ ပွဲကြီးပွဲကောင်းဖြစ်ပြီပဲ။

ကျွန်မလိုပင် မိမောင်လည်း အဲဒီလို အရက်နံ့၊ ဘီယာနံ့၊ စီးကရက်နံ့တွေ မခံနိုင်ဘဲ အသက်ရှူကျပ်တတ်တာကိုး။ 'ကောင်မလေးတွေနဲ့ ဘယ်လောက်တွဲတွဲ အပြင်မှာပဲထားခဲ့၊ အိမ်ကိုခေါ်မလာနဲ့'တဲ့။ 'မိန်းမယူရင်တော့ အိမ်ပေါ်က ခေါင်းနဲ့ဆင်းပေတော့'တဲ့လေ။ အဲဒီလို Power ပြနိုင်သည့်အစ်မမျိုးပါပဲ။

"ဒါသတိရနေတာ မိမောင်ရဲ့"

"အေး . . . ငါလည်းသတိရပါတယ်ချိုရဲ့။ အခုမှ စာမှု လက်စသတ်လိုက်ရလို့ပါ"

“ငါသိပါတယ်၊ နင့်ဆီ Phone ဆက်ရင် အနှောင့်အယှက်ဖြစ်မှာစိုးလို့ Phone ပိတ်ထားမှန်း”

“ဟုတ်တယ်၊ အရေးတကြီး Phone မျိုးမဟုတ်ဘဲ သာမန် သာကြောင်းမာကြောင်းပြောသမျှကို ငါမှုပြန်မဖြေနိုင်တာကိုး။ စိတ်ရှုပ်တယ် ချိုရဲ့”

“နင်စိတ်ရှုပ်တာက တော်တော်ပါဟယ်၊ ငါစိတ်ရှုပ်ရတာကမှ အကြီးကြီးဟဲ့”

“ဆိုပါဦး။ ဘာလဲ”

“ဘာဖြစ်ရမလဲ၊ ငါ့အမေပေါ့။ ငါ့ကို ဒီနှစ်ထဲ လင်ပေးစားမလို့တဲ့လေ”

“ဘာ! ဟားဟား . . . ဟားဟား . . .”

ကြည့်စမ်း! လူကိုလှောင်ပြီး ရယ်နေပြန်ပါပြီ။ မိမောင်ရောက်ချိန်မပါ တခြားမိန်းကလေးတွေလို အီစီကလီမလုပ်တတ်၊ ပဲပေးပြီး မရယ်တတ်ဘဲ ဝါးလုံးကွဲရယ်တတ်တဲ့အကျင့်က တူနေတာမို့ နှစ်ယောက်သား တွဲလို့ရတာလေ။

“အေး . . . ရယ်ပါ ရယ်ပါ၊ နင်ကတော့ ရယ်အားရှိမှာပေါ့။ မိန်းမကိုက . . . ဟွန်း”

“Sorry . . . ပါ ချိုရယ်၊ နင့်ကိုလှောင်တာမဟုတ်ပါ





ဘူး။ သဘောကျသွားမိလို့ပါ။ ကျိတ်လိုက်စမ်းပါ သူငယ်ချင်းရဲ့၊ ဒါမှ ငါနောက်တစ်အုပ် ကုန်ကြမ်းရမှာ”

“အံမယ်! မပြောချင်ပါဘူး။ နင့်ကိုပြောသမျှ အကုန်လုံးချင်းဘဝရောက်သွားမှာကို”

“လျှိုထားချင်တယ်ပေါ့လေ၊ ရပါတယ်၊ နင်မပြောချင်လည်း ငါ အန်တီနွယ့်ဆီ Phone နဲ့ တစ်ချက် Talk လိုက်ရုံနဲ့ ပွဲပြီးပါတယ်”

“မိန်းမ၊ ကြားထဲက ပွဲစားမလုပ်ချင်နဲ့”

“လုပ်ရင် ဘာဖြစ်မှာမို့လဲ”

“ကြားပွဲစားနဲ့ ညားတတ်တယ်ဟဲ့၊ သိရဲ့လား”

“ဟာဟ! ခုကတည်းက ၂ သံတွေ အတိုင်းသား ကြားနေရပါလား။ ဘယ်လိုလဲ ချိုရဲ့၊ နင့်လူက ငါကြိုက်တဲ့နိုင်ငံခြားမင်းသားတွေလောက် Style မိနေလို့လား။ ငါက လုမှာမဟုတ်ပါဘူး။ မသကာ နင့်ဘဲဘဲကြီး စာမျက်နှာပေါ် လဲသွားရုံပါပဲ”

“ကြည့်! မိန်းမကိုက၊ အမြင်ကပ်အောင်ကို ပြောတတ်တယ်။ ဒင်း ဖြူလားမည်းလားတောင် ငါသိသေးတာမှမဟုတ်တာကို”

“ဩော် . . . ဟုတ်လား။ ဒါဖြင့် မကြာမီ လာမည် မျှော်

ပေါ့လေ။ လုပ်စမ်းပါ၊ ဒါမှ နှင်းစက်ချိုရဲ့ လတ်လတ်ဆတ်ဆတ် ရင်ခုန်သံလေး နားဆင်ရအောင်''

စိတ်ထဲမှ အသံတိတ် ဆဲမိချေပြီ။ ဒင်းကတော့ သူမယူရတိုင်း လူကိုအရောက်ပို့နေတော့တာလေ။ မိမောင်ရဲ့မောင်က သူသာ ကောင်မလေးတွေ ထည်လဲတွဲချင်တွဲမည်၊ အစ်မကို လာပိုးရင်တော့ ဓားခွဲတုတ်ခွဲပါပဲ။ အစ်မယောကျ်ားယူသွားမှာကို သေမတတ်ကြောက်ပြီး အူပုပ်သည်းပုပ်စိတ်ပုပ်ရှိတဲ့ ချာတိတ်ပါလေ။ အစ်မဖြစ်သူ ဘယ်သွားသွား တစ်ယောက်တည်းမလွှတ်ဘဲ အနောက်က ဘေးကနေ Super glue လို တကပ်ကပ်နှင့်ပါတတ်လေရဲ့။

''အမှူးချင်းတူတူ တစ်လုံးပိုမရှုချင်စမ်းပါနဲ့ဟယ်''

''အေးပါ အေးပါ. . . ဈေးကိုဘာသွားလုပ်တာတုန်း''

''ဆိုင်သွားကြည့်မလို့''

''ဘာဆိုင်လဲ''

''ဈေးထဲမှာ ရွှေဆိုင်ဖွင့်မလို့လေ''

''လုပ်လေ၊ ငါလာအားပေးမှာပေါ့''

''ငါအခု အိမ်ပြောင်းနေနေပြီ မိန်းမရဲ့။ တိုက်ခန်းမှာနေတာ''





''ဟုတ်လား''

''အေး. . . နင်လာလည်ချင်ရင် လာလည်လေ၊ ပြောသာပြောတာပါ၊ နင်က အိမ်လည်တာမှ ဝါသနာမပါတာကို''

အိမ်လိပ်စာကိုပြောပြလိုက်ပြီး နံပတ်ဆက်ကာ Phone ပိတ်လိုက်ပါ၏။ ဈေးထဲမှာ ပန်းသည်နှင့်တွေ့ပြီး ဈေးခေါင်းလူကြီးအိမ် ညွှန်ပေးလိုက်တာမို့ ရပ်ကွက်ဘက် သွားရပြန်လေသည်။ ကိုယ်ပိုင်စီးပွားဖြစ်ဖို့အရေး အရင်းအနှီးကတော့ ရင်မောရတာမဟုတ်ပါလား။

လူကြီးဖြစ်သူနှင့် ဈေးစကားပြောဆိုကာ ခြောက်လ စာချုပ် ချုပ်မည့်ရက်ကို စပေါ်ငွေနှင့်ဈေးကြိုညှိပြီးမှ အိမ်ပြန်ခဲ့ပါ၏။ ရွှေဆိုင်ဖွင့်မှာဆိုပေမယ့် သူများတွေလို သိန်းရာထောင်ချီပြီး အကြီးကြီးမလုပ်နိုင်ပါ။ သေးသေးမွှားမွှား Fancy ပုံစံလေးတွေပဲ တင်ဖြစ်မှာလေ။ ပြီးတော့ ဈေးရောင်းတဲ့လူတန်းစားတွေ နေ့သွင်းငွေပေးပြီး၊ ရွှေဝယ်စုနိုင်အောင် စေတနာအပြည့်ဖြင့် ရောင်းချင်လို့ပါပဲ။



# အခန်း (၆)

တိုက်ခန်းတံခါးကိုပိတ်နေစဥ် Phone မြည်သံကြောင့် စိတ်ရှုပ်ရပြန်ပါ၏။ နေ့တိုင်း Phone နဲ့ပဲအလုပ်လုပ်နေရသူမို့ ဒီ Phone ကို မိမောင်လိုပိတ်ထား၍လည်း မဖြစ်ပါချေ။

"ဟဲလို"

"လေသံတွေကြားနေရတယ် . . . ဘယ်ထွက်ပြန်ပြီလဲ သမီး"

"အခန်းငှားထားတာ စာချုပ်သွားချုပ်မလို့ပါ မေမေ။ ပြီးရင် လိုအပ်တာတွေ ပြင်ရဆင်ရဦးမှာပေါ့"

"ဘာရောင်းဦးမလို့လဲ"

"ရွှေ"

"ဘယ်လို. . . ဘာတစ်ခုမှနားမလည်ပါးမလည်နဲ့ အဲ ဒါရောင်းလို့ဖြစ်ပါ့မလား မိချို့ရဲ့။ အရှုံးတော့ ပေါ်တော့မှာပဲ"

"ဘာမှမဖြစ်ပါဘူးမေမေရာ၊ ချိုက ပစ္စည်းတွေ တစ်ပုံ ကြီးတင်ပြီး ဘန်းပြရောင်းမှာမဟုတ်ပါဘူး။ Catalouge သုံးလေး ခုထားပြီး Design ဆန်းဆန်းပစ္စည်းသေးသေးလေးတွေ Order အပ်ရောင်းမှာပါ။ အကြီးကြီးတွေဝတ်ချင်မှတော့ ရွှေနန်း တော်တို့ ပါဝါတို့ပဲ သွားကြမှာပေါ့"

"ဘယ်မှာရောင်းမှာလဲ"

"ဒီဈေးတင်ပဲ"

"မေမေပြောထားတာရော စဉ်းစားထားရဲ့လား"

"ဘာကိုလဲ"

"တွေ့လား. . . မအေစကားဆို ဘယ်တော့မှ အလေး မထားဘူး"

"အလုပ်များနေလို့ပါ မေမေရယ်၊ ချိုမေ့လွယ်တာ သိ ရဲ့သားနဲ့။ ဘာလုပ်လုပ် ကြိုလုပ်ရမှာကို Note Pad နဲ့ မှတ်ထား ရတာကို"

"နင်နဲ့ပေးစားမယ့်လူကို တွေ့ရမယ်ဆိုတာလေ"

နှာခေါင်းရှုံ့လိုက်မိပြန်ပါ၏။ လာပြန်ပြီ စောစောစီး





ိတ်ရှုပ်ရအောင်။ တကယ်ပါပဲ၊ မေမေ့အတွက် ဒီကိစ္စက သေရေး ှင်ရေးတမျှ အရေးကြီးနေလေသလား။ ကိုယ့်သမီးကြီး အေးအေး ူလူနဲ့ ပျော်ပျော်နေခွင့်ရနေတာကို မမြင်ချင်ရတယ်လို့။ ခက် ျားခက်ပါရဲ့။

"အင်း"

"တော်သေးတာပေါ့၊ မမေ့လို့"

လောလောဆယ် 'အင်း'လိုက်တာပဲ ကောင်းမှာလေ။ နောက်ကိစ္စက နောင်ခါလာနောင်ခါဈေးနဲ့ပဲ ရှင်းရုံပေါ့။ ကျွန်မ ခေါင်းထဲမှာ အမှိုက်တွေထည့်တတ်တဲ့လူမှ မဟုတ်တာကို။

"မေမေ့ကောင်မလေး ဒီနေ့ရောက်မှာဆို"

"အေး. . . ညနေရောက်တာနဲ့ မေမေခေါ်လာခဲ့မယ်"

"ဘယ်နနာရီလောက် ရောက်မှာလဲ"

"ဟဲ. . . ရောက်တဲ့အချိန် ပို့ပေးမှာပေါ့၊ ဘယ်လိုဖြစ် ေတာလဲ။ အဝတ်တွေ ပုံထားပြန်ပြီလား"

"မဟုတ်ပါဘူး။ ချိုပြန်မရောက်ခင် မေမေတို့ရောက် ာရင် ခုကျကုန်မှာပေါ့။ တိုက်ခန်းက ပိတ်ထားတာကို"

"အဲဒါကြောင့် မေမေ့ကို သော့တစ်ချောင်းပေးထားဖို့ ြောတယ်လေ"

''အင်းလေ. . . ညနေမှပဲ ယူတော့မေမေရဲ့''

''မနက်စာ ဘာချက်ပြီးပြီလဲ''

''ဘာမှမချက်ဘူး။ ဒီနေ့ အပြင်ကပဲ မှာစားတော့မှာ''

''ငါသိတယ်၊ ညည်းအပျင်းကြီးမှန်းကို''

ဆူတာမဟုတ်ပေမယ့် ဒီလောက်ပြောတာပဲ တော်ပါသေး၏။ နို့မို့ မေမေ ပွစိပွစိရေရွတ်သမျှ နားပူအောင် ခံရတော့မှာလေ။ ဖေဖေကဖြင့် ယောကျ်ားသားမို့ ဒီလိုစကားများများစားစားမပြောတတ်ပါချေ။ သို့သော် ပြောတဲ့အခါမှာဖြင့် အနှစ်သာရတစ်တုံးတစ်ခဲနဲ့ ရင်ထဲနာရအောင် ဆိုဆုံးမတတ်သည့် ဖေဖေမျိုးပါပဲ။

''နွေဦး နေကောင်းရဲ့လား''

''အေး. . . မနေ့က ရေချိုးနောက်ကျလို့ နာတော့ နည်းနည်းစေးနေလေရဲ့''

''ဆေးခန်းသွားပြလေ မေမေရဲ့''

''တဆိတ်ရှိ ဆေးခန်းပြစရာမလိုပါဘူးအေ၊ သိပ်အဆိုးကြီးမှ မဟုတ်တာကို။ ကဲကဲ! နင်အလုပ်ပျက်ပါ့မယ်၊ ဒါပဲ''

အလိုက်တသိ Phone ချသွားတာပဲ တော်ပါသေးရဲ့။ ဈေးနားက ရပ်ကွက်ထဲရှိ လူကြီးအိမ်သို့ အရင်သွားရပါ၏၊ ဆိုင်





ခန်းပိုင်ရှင်မဟုတ်ပေမယ့် တာဝန်ယူထားတဲ့သူမို့ စာချုပ်ချုပ်ရတာ အဆင်ပြေသွားပါသည်။

''သမီးက ဘာဆိုင်ဖွင့်မှာလဲ''

''ရွှေဆိုင်ပါ ဦးလေး''

''ဟော! ဈေးထဲမှာ ဒီလောက်ဆိုင်တွေ လေးငါးဆိုင်ရှိနေတာကို၊ တိုးလို့လွယ်ပါ့မလားကွယ့်''

''ဖြစ်ပါတယ် ဦးလေးရဲ့၊ ကျွန်မက အဆင်သင့်လုပ်ထားပြီးသားပစ္စည်းတွေ တင်ရောင်းမယ့်လူမဟုတ်ပါဘူး။ ဆိုင်မှာ နည်းနည်းပါးပါးပဲတင်ပြီး Order လက်ခံလုပ်ပေးမယ့်သူပါ''

''ဟုတ်လား''

''အထူးသဖြင့် လူလတ်တန်းစားတွေ ဈေးသည်တွေ ရွှေဝယ်စုနိုင်အောင်လို့ နေ့သွင်းငွေပေးသွားပြီး ငွေအကျေချေနိုင်အောင် လုပ်ပေးမှာမျိုးပါ''

''ကောင်းလိုက်တဲ့အကြံကွယ်၊ စေတနာဖြူစင်ပါဘိ''

''လောလောဆယ်တော့ အစိမ်းသက်သက်ကြီးမို့ လူတိုင်းကိုယုံပြီး ရောင်းလို့မဖြစ်ဘူး ဦးလေးရဲ့''

''သြော်. . . ဒါများ မခက်ပါဘူး သမီးရယ်။ ဦးလေးသိဘဲနဲ့ ဒီဈေးမှာ ဘယ်သူမှဈေးလာရောင်းလို့မရပါဘူး။ အဲဒီ

လိုအရစ်ကျပေးဝယ်မယ့်ဈေးသည်ကို ဦးလေးပဲကြည့်ပြီး အာမခံပေးပါ့မယ်''

''ကျေးဇူးပါပဲ ဦးလေး''

''ကဲ! ဆိုင်ခန်းသွားကြည့်ရအောင်''

''ဟုတ်ကဲ့''

ရပ်ကွက်လူကြီးနှင့်ပင် ဆိုင်ခန်းများရှိရာဈေးဘက်သို့ အတူလျှောက်လာခဲ့ကြ၏။ နေ့ခင်းဘက်မို့ လမ်းဘေးဈေးသည်များမရှိတော့ဘဲ ဆိုင်ခုံနှင့်ရောင်းကြသည့်ဈေးသည်တို့သာ ရှိနေလေသည်။ ကျွန်မယူထားသည့်ဆိုင်ခန်းက နှစ်ထပ်နှင့် လေးခန်းစီမို့ စုစုပေါင်းရှစ်ခန်းရှိပြီး အောက်ထပ်ထောင့်စွန်းခန်းလေးမို့ အဆင်ပြေပါ၏။

''သမီးကိုငှားလိုက်တဲ့ဆိုင်ခန်းပိုင်ရှင်က အတော့်ကို ချမ်းသာတာကွယ့်''

''ဩော်''

''ရွှေဆိုင်ချည်း သုံးဆိုင်တောင်ဖွင့်ထားတာ၊ ပန်းထိမ်ဖိုလည်း ရှိတယ်''

''ဟုတ်လား''

''အေး. . . ဒီမျက်စောင်းထိုးဆိုင်ခန်းက သူဖွင့်ထားတာ





ပေါ့။ ဒီနေ့နားရက်မို့ ပိတ်ထားတာပဲ''

''ဩော်''

ရွှေဆိုင်ကြီးနှင့် မျက်စောင်းထိုးမှာ ပြိုင်ရောင်းရမှာတော့ အားငယ်စရာပါပဲ။ ဒါပေမဲ့ ဘာဖြစ်သေးလဲ၊ ကိုယ်က ပိစိညှောင့်တောင့်လေးမျိုးပဲရောင်းမှာဆိုတော့ ပြဿနာမရှိပါလေ။ ပြီးတော့ ဒီလိုဆိုင်ကြီးမျိုးက ရွှေသာရောင်းပြီး ပြန်ဝယ်တာပဲလုပ်မှာကိုး။ ကျွန်မက ဝယ်သူအဆင်မပြေတဲ့အခါမျိုးမှာ အတိုးနည်းနည်းပါးပါးလေးနဲ့ အပေါင်ခံပေးမှာမို့ ရောင်းဝယ်စနစ်က တူမှာမှမဟုတ်တာလေ။

''ဘာများလိုဦးမလဲ''

''ဟုတ်ကဲ့၊ Aluminium မှန်ပုံးတစ်ခုနဲ့ ကောင်တာစားပွဲတစ်လုံးရှိရင် အဆင်ပြေပါပြီ ဦးလေးရဲ့''

''ဒါပဲလား''

''အင်းပေါ့၊ ပစ္စည်းတွေအများကြီးသယ်လာစရာမှ မလိုတာ ဦးလေးရဲ့။ မနက်ကို ဘူးနဲ့သယ်လာပြီး ညနေပြန်ရင် သယ်သွားရုံပဲကို''

''ဟုတ်သားပဲ၊ ဒါဖြင့် ဦးလေး လက်သမားကိုပဲ ပရိဘောဂလုပ်ခိုင်းပြီး၊ ဆေးသုတ်သမားအပ်ပြီး၊ အခန်းကို ကြည့်

ကောင်းအောင် လုပ်ပေးပါ့မယ်''

''ကျေးဇူးပါပဲ ဦးလေးရယ်''

ဆိုင်ခန်းက ကျဉ်းကျဉ်းလေးပဲမို့ အထဲမှာ သိပ်မကျယ်လှပါချေ။ အုတ်နှင့်ပဲ ဆောက်ထားတာမို့ ပူမနေဘဲ အေးစိမ့်စိမ့်လေးဖြစ်နေလေ၏။ အချောကိုင်ထားသည့် ဘိလပ်မြေတို့က သွေ့ခြောက်ခါစပဲမို့ အစိုမပျောက်သေးပါချေ။ ဆေးသုတ်ဖို့ ပရိဘောဂလုပ်ဖို့ ငွေကုန်ဦးမှာပါပဲလား။

''သမီးမှာ ပန်းထိမ်အသိရှိလို့လား''

''ရှင်. . . ဟင်! ဦးလေး ဘာပြောလိုက်တာလဲ''

ဆိုင်ခန်းလေးကို လှည့်ပတ်ကြည့်ရင်း အတွေးလွန်သွားတာမို့ ဦးလေးကြီးပြောတာကို ရုတ်တရက်မကြားလိုက်မိပါလေ။ ကျွန်မတော့ လူကြီးကို မရိုမသေများ ဖြစ်နေပြီလား။

''သြော်. . . ရွှေရောင်းမှာဆိုတော့ ပန်းထိမ်ဖို အသိရှိရဲ့လားလို့ မေးလိုက်တာပါ''

''အဲဒါတော့ စုံစမ်းရဦးမှာ ဦးလေးရဲ့၊ မေမေ့အသိတွေထဲမှာတော့ ရှိတယ်ပြောတာပဲ''

''သိပ်အဝေးကြီးမသွားချင်ရင် ဒီဆိုင်ခန်းပိုင်ရှင်နဲ့ပဲ ဦးလေး ချိတ်ပေးရမလား''





''အို! ရပါတယ်ဦးလေးရဲ့၊ ဒီလောက်ကူညီပေးတာပဲလွန်လှပါပြီ''

''ကိုယ့်ဈေးသူဈေးသားဖြစ်မှာကိုပဲ၊ ကူညီရမှာပေါ့ကွယ်''

''ကျွန်မက အားနာလို့ပါ ဦးလေးရဲ့''

ဦးလေးကြီးက သဘောကျပုံဖြင့် ပြုံးလေ၏။ လူကြီးဆိုပြီး ကိန်းခန်းခပ်ကြီးကြီးနဲ့နေတဲ့လူကြီးမဟုတ်လို့ တော်ပါသေးရဲ့။ ဖော်ရွေပြီး သဘောကောင်းတဲ့ပုံက မျက်နှာထက် ပေါ်လွင်နေတာ အသိသာကြီးပါပဲ။

''ဟိုသူဌေးလေးကလည်း ကူညီတတ်ပါတယ် သမီးရဲ့။ ဈေးထဲမှာ ဘာပဲလိုလို သူပဲဖြည့်ပေးတာ။ သီတင်းကျွတ်တို့ တန်ဆောင်တိုင်တို့ ကထိန်လှည့်ကြရင်လည်း သူ့နာမည်က ထိပ်ဆုံးက ပါတာမျိုး။ လူသာငယ်တာ အလှူက သိပ်ရက်ရောတာကွယ့်''

''သြော်''

''ပြီးတော့ သူက ခုထိ အိမ်ထောင်မပြုသေးတဲ့ လူပျိုကြီးလေ''

''ဟင်!''

ကျွန်မ တွန့်ခနဲဖြစ်သွားရပါ၏။ ဘာသဘောနဲ့ ပြောလိုက်တာပါလဲ။ ဦးလေးကြီးကတော့ ဘာသဘောမျိုးနဲ့မှ မဟုတ်

ဘဲ ဒီလိုပဲ စကားရှိအောင်ပြောလိုက်ပုံပါပဲ။ ကျွန်မမှာဖြင့် ပေမေ ပြောထားတဲ့စကားအခံက ရှိနေတာမို့ ကိုယ့်လိပ်ပြာ ကိုယ်မလုံ သလို ဖြစ်သွားရတာပါ။

လူပျိုကြီးတဲ့။ အမယ်လေးနော်၊ ဒီလိုလူမျိုးဆိုမှာ ကျွန်မ က ဘယ်လိုလုပ်ပြီး အကူအညီတောင်းလို့ဖြစ်ပါ့မလဲ။ မိမောင် အမြဲသတိပေးတတ်တဲ့ 'အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုပ်၊ အပြောမတော် တစ်ခွန်း' ဆိုတဲ့စကားနဲ့ အမြဲသတိချပ် နေရတာပါလေ။

ယောကျ်ားတွေကိုကြည့်ရင် မျက်လုံးထဲ စိုက်ကြည့်တတ် လေ့ရှိလို့ 'နင် အဲဒီသွားမကြည့်နဲ့၊ တော်ကြာ အထာပေးတယ် ထင်သွားဦးမယ်၊ သိတယ်မဟုတ်လား။ ယောကျ်ားတွေက အထာ ပေးရင် ဆရာလေးတောင် ချမ်းသာပေးမှာမဟုတ်ဘူး' တဲ့။ ကျော ချမ်းစရာပါပဲ။

ကျွန်မရော မိမောင်ပါ လူတွေကိုကြည့်ရင် ခေါင်းဖျား ခြေဆုံး မကြည့်တတ်ပါ။ ဒီမိန်းမ ဘာနားကပ်ပန်ထားလဲ၊ ဆွဲ ကြိုးက ဘယ်နှကျပ်သားရှိသလဲ၊ လက်စွပ်က ဘယ်နှသိန်းတန် လဲ၊ အဝတ်အစားက ဘာ Made လဲ၊ ဖိနပ်ကရော သောင်း ကျော်တန်လားဆိုပြီး မသုံးသပ်တတ်ပါချေ။





လူတွေကို မျက်စိထဲ စိုက်ကြည့်လိုက်ရုံနဲ့ အဲဒီလူရဲ့ အတွင်းစိတ်ကိုဖတ်မိပြီး သိနိုင်တာလေ။ ဒါကြောင့်လည်း ကိုယ့် အပေါ်ဖြူစင်လား၊ ဒါမှမဟုတ် ကောက်ကျစ်လားဆိုပြီး ကြိုမြင် လို့ ရှောင်ရှားနိုင်တာမဟုတ်ပါလား။ ချွင်းချက်အနေနဲ့ကတော့ ကိုယ်နဲ့ရွယ်တူလူလွတ်တွေကိုဖြင့် မကြည့်မိဖို့ မိမောင် သတိပေး ထားတာ အမှန်ပါပဲ။



## အခန်း (၇)

Phone မြည်လာတာမို့ ရေချိုးခန်းထဲက ထွက်လာပြီး စားပွဲထက်တင်ထားသည့် Phone ကို အမြန်ယူလိုက်ပါ၏။ ထင်တဲ့အတိုင်း မေမေ့ Phone နံပါတ်ပါပဲ။

''ဟဲလို . . . မေမေပြောလေ''

''သမီးပြန်ရောက်နေပြီလား''

''ရောက်နေပြီ မေမေ''

''အေးအေး . . . မေမေတို့ Taxi နဲ့လာနေပြီ၊ ဒါပဲနော်''

ခေါင်းလျှော်ထားတာကိုသုတ်ရင်း ရေချောက်အောင်လုပ်ကာ အဝတ်အစားအမြန်ဝတ်လိုက်ပါ၏။ အလုပ်ကို အဲဒီလေးဒဲ့ပြီး မလုပ်တတ်တာမို့ ဘာမဆို မြန်မြန်လုပ်တတ်ကျင့်ရှိပါသည်။

တိုက်ရှေ့ Corridor ကိုထွက်ပြီး အောက်ကိုငုံ့ကြည့်မိစဉ် Taxi တစ်စီးက Platform ဘေးမှာ ရပ်သွားလေ၏။ ကားပေါ်မှ မေမေ ဆင်းလာတာကိုမြင်မှ အထဲကိုပြန်ဝင်လိုက်ပါသည်။ တစ်ပတ် လုံးလုံး ဝယ်ထားတဲ့ဟင်းရံတွေ စားလို့ကုန်ပြီမို့ မနက်ဖြန် ဈေး သွားရဦးမှာပါ။ ကလေးမ ရောက်ရောက်ချင်း ဟင်းဝယ်စားရ တာကတော့ သိပ်မမိုက်ဘူးထင်ပါရဲ့။

"ဟယ်! တံခါးကြီး ဘာလို့ဖွင့်ထားရတာလဲ"

သစ်သားတံခါးရော သံဆွဲတံခါးကိုပါ ဟင်းလင်းဖွင့်ထား တာမို့ မေမေ့အသံ ထွက်လာပါ၏။ ရောက်တာနဲ့ စိုးရိမ်သံက အရင်ပါပဲလား။ မေမေ့နောက်မှာ ပါလာသည့်ကောင်မလေးက အသက် (၁၃)နှစ်လောက်သာ ရှိဦးမည့် ကလေးသာသာအရွယ် လေးပါပဲ။ အရွယ်မရောက်သေးတဲ့ကလေးတွေကို မိဘတွေက ဒီလိုပဲ သူများအိမ်လွှတ်ပြီး ခိုင်းစားနေကြပြီလား။

"လာ. . . သမီးလေး"

ကလေးမလေးက ခပ်ကုပ်ကုပ်ဝင်လာပြီး ကျွန်မကို မရဲ တရဲလေး ခိုးကြည့်လေ၏။ တောသူဆိုပေမယ့် အသားလေးက ဖြူဝင်းနေပြီး ချစ်စနိုးဟန်လေးကို မြင်နေရပါသည်။

"မေမေတို့တက်လာတာမြင်မှ ဖွင့်လိုက်တာပါ"





"တစ်ယောက်တည်းနေရတာ သတိရှိမှပေါ့ မိချိုရဲ့။ အဲဒါကြောင့် နင့်ကို ငါစိတ်မချရတာ"

ပြန်မချေပချင်တော့ပါလေ။ ကလေးမရှေ့မှာ သားအမိ တွေ စကားများနေရင် တော်ကြာ စိတ်ပျက်ပြီး ပြန်ပြေးမှ ဒုက္ခ။ ကျွန်မလည်း တစ်ယောက်တည်းနေရတာ မကြောက်ပေမယ့် စကားပြောဖော်လေးရှိတော့ တော်သေးတယ် မှတ်ယူထားတာ ပါလေ။

"ဒါ သမီးနေရမယ့်အိမ်ပဲ၊ ဒါက ကြီးကြီးရဲ့သမီးကြီး လေ၊ နင်းစက်ချုပ်တဲ့၊ မမလို့ပဲခေါ်ပေါ့။ ကြီးကြီးအိမ်က သမီးငယ် ကိုတော့ မငယ်လို့ပဲခေါ်"

"ဟုတ်ကဲ့ပါ ကြီးကြီး"

"ဝါဝါတဲ့"

မေမေမိတ်ဆက်ပေးတာမို့ ကလေးမကို အသိအမှတ် ပြုဟန်ဖြင့် ပြုံးပြလိုက်ရပါသည်။ ကျွန်မက မျက်နှာတည်ကြီး ပြင်သာ အမြဲနေတတ်သူမို့ အခုအရောင်းအဝယ်လုပ်ရင်တော့ မျက်နှာကြောကို အတော်လေးလျှော့ရမှာလေ။

"မေမေ့တူမက ဒီလောက်ငယ်ငယ်လေးလား။ ကြည့် ရဦးမယ်မေမေရယ်။ တော်ကြာ အရွယ်မရောက်သေးတဲ့ကလေး

ကို နိုင်းစေမှုနဲ့ အလုပ်သမားဥပဒေ ငြိနေပါဦးမယ်''

''ဩော်. . . ကလေးကို အိမ်ဖော်လုပ်ခိုင်းဖို့ ခေါ်လာတာမှမဟုတ်တာသမီးရဲ့။ ကလေးက (၁၅)နှစ်ရှိနေပါပြီ။ အရွယ်ညွှက်နေလို့ ငယ်တယ်ထင်ရတာ။ သူ့အိမ်မှာလည်း အကြီးနဲ့ သူချည်း အိမ်အလုပ်လုပ်နေရတာပဲ''

''ဩော်''

''ဒီမှာ သမီးနဲ့မမ နှစ်ယောက်တည်းပဲနေရမှာမို့ ဘာမှ မပင်ပန်းပါဘူး ဝါဝါ။ နေ့တိုင်း ဒီအခန်းသန့်ရှင်းရေးလုပ်ရုံ၊ နှင့်မမအဝတ်တွေ လျှော်ပေးရုံ၊ ပြီးတော့ သမီးတို့စားဖို့ နှစ်ယောက်စာ ချက်ပေးရုံပဲ။ ထမင်းက ပေါင်းအိုးနဲ့ချက်ရုံမို့ မပင်ပန်းဘူး နှင့်မမ သင်ပေးလိမ့်မယ်. . . သိလား''

''ဟုတ်ကဲ့ပါ ကြီးကြီး''

''နှင့်မမက အပျင်းကြီးပေမယ့် အချိန်ပြည့် ခေါင်းထဲမှာ ငွေဘယ်လိုရှာရမလဲပဲ တွေးနေတာ။ တစ်ယောက်တည်းဖြစ်သလိုနေတတ်လို့ အဖော်ရအောင် သမီးကိုလာပို့တာပဲ''

''မေမေကလည်း''

''မဟုတ်လို့လား၊ နှင့်အကြောင်း ပွင့်ပွင့်လင်းလင်းပြောပြထားမှ ကလေးက သိမှာပေါ့''





ခက်တော့တာပဲ။ ကိုယ့်သမီးရဲ့သိက္ခာကို သူစိမ်းရှေ့မှာချပြရတယ်လို့။ မေမေကတော့ စံပါပဲ။ လောလောဆယ် ကလေးကိုလာပို့ပေးတာမို့ ကျွန်မကို ယောက်ျားပေးစားမယ့်ကိစ္စ မေ့နေလို့ တော်ပါသေးရဲ့။

''ကလေးနေဖို့အခန်း ပြင်ထားရဲ့လား''

''နည်းနည်းပါးပါး လှဲကျင်းရုံပါ မေမေရယ်''

''ဘယ်မလဲ အခန်း''

''ဒီဘက်မှာ''

ကျွန်မအိပ်ခန်းဘေးက အခန်းပဲမို့ မေမေက တံခါးဖွင့်ကြည့်လိုက်ပါ၏။ အခန်းထဲမှာ တစ်ယောက်အိပ်ကုတင်အသေးရှိပေမယ့် ဝါဝါက ကုတင်နှင့်မအိပ်တတ်ဘူးဆိုတာကြောင့် ကုတင်ကို ပြန်ဖြုတ်ပေးရပါသည်။ သံမံတလင်းထက် ပါကေးကြမ်းခင်းထားတာမို့ အရင်ဆုံး Plastic ဖျာခင်းပြီး သင်ဖြူးဖျာခင်း ငွမ်းကပ်ခင်းပြီးရင် မအေးဘဲ အိပ်လို့ရလေ၏။

''ခရီးပမ်းလာတာ နားလိုက် ဝါဝါ''

''ရပါတယ် ကြီးကြီး''

''နေနေ. . . ဝါဝါ၊ ဒီနေ့ဘာလုပ်စရာမှမရှိဘူး။ ထမင်းက ချက်ထားပြီးသား၊ စားခါနီး အောက်မှာဆင်းပြီး ဟင်းဝယ်

လိုက်ရုံပဲ။ နားလိုက်ချေ''

တံခါးကိုအသာစေ့ပေးပြီး မေမေနှင့်အတူ ဧည့်ခန်းကို ပြန်ထွက်လာခဲ့ပါ၏။ ကျွန်မက မေမေအမောပြေသောက်ရန် ဘာ လီဖျော်ရည်အေးအေးလေးတစ်ခွက် ဖျော်လာခဲ့ပေးပါသည်။

''မေမေ့အသိထဲမှာ ပန်းထိမ်ဖိုပိုင်ရှင် ရှိတယ်မဟုတ်လား''

''စပြန်ပြီ အလုပ်ကိစ္စ၊ ငါတော့မြင်ယောင်သေးတယ် သိလား''

''ဘာကိုလဲ မေမေရဲ့''

''ညည်းကိုလေ၊ အလုပ်ပိပြီး သေမှာကိုပြောနေတာ ဒီလောက်အပူတပြင်းငွေရှာနေရတာ ဘာကြောင့်လဲ သမီးရယ်''

''ဩော်... မေမေရယ်၊ ဖေဖေရော မေမေပါ ရှင် လှူ၊ ကျောင်းလှူ၊ ဘုရားတည်သွားချင်တယ်ပြောတယ်မဟုတ် လား။ အဲဒီလိုလှူနိုင်ဖို့အတွက် ချိုက ရှာပေးနေရတာပေါ့။ မေမေ တို့ငွေကို ဒီတိုင်းသာ ထိုင်စားလိုက်ရင် မကြာခင် တက်တက် ပြောင်ရုံပဲရှိမှာ''

''အိမ်ထောင်ပြုဖို့ကရော ဘယ်ချောင်သွားထားမလဲ''

''အဲ...''





မေ့နေပြီထင်ထားကာမှ စလာပြန်ချေပြီ။ အားကြီးမာန် က်လေး ပြောနေသည့်စကားက ဘယ်ပျောက်သွားသည်မသိ။ ွားရေးလုပ်ပါ့မယ်ဆိုနေမှ ရည်းစားအရေး ပြောလာပြန်တယ် ိုး

''ပြောလေ''

''မေမေတွေ့ထားပြီမို့လို့လား''

''ဒါပေါ့''

''ဟင်! မြန်လိုက်တာ''

''မြန်ရမယ်လေ၊ နင့်အရွယ်က ငယ်တော့တာမှမဟုတ် ၊ ရွယ်တူက ဘယ်ရွေးချင်ပါ့မလဲ။ အနည်းဆုံး လေးငါးခြောက် ကြီးတာထဲက ရွေးထားတာ သုံးယောက်ရှိတယ်''

''သုံးယောက်တောင်''

မျက်လုံးပြူးကာ လန့်သွားတာမို့ မေမေက အအေး ာက်နေရင်း ကျွန်မပေါင်ကို ဖျတ်ခနဲ လှမ်းရိုက်လိုက်လေ၏။ လိုလေး! နာလိုက်တာနော်၊ သမီးကို လင်ပေးစားချင်ပြီပြော ခုထိ အရိုက်ခံရတာကို မလွတ်နိုင်သေးပါလား။

''နင့်ကို သုံးယောက်စလုံး မယူနိုင်ပါဘူးဟဲ့။ အလန့် ကြားရှိလိုက်တာ။ အဲဒီထဲက နင်ကြိုက်တာ ရွေးပေါ့''

''ရှုပ်လိုက်တာမေမေရာ၊ အချိန်မရှိရတဲ့ကြားထဲ အဲဒီ ကိစ္စက ချို့ခေါင်းထဲမှာ အမှိုက်လို ရှုပ်နေတာပဲ''

''အံမာ! ညည်းဘဝကောင်းစားဖို့ မအေက စီစဉ်ပေး တာကို အပြစ်က မြင်နေပြန်ပါပြီ''

''ကောင်းစားဖို့''

''အေးလေ၊ မဟုတ်လို့လား''

''အခုလည်း ချိုကောင်းကောင်းနေနေတာပဲလေ။ ဒီ့ ထက်ကောင်းတဲ့ဘဝက ဘာများရှိလို့လဲ၊ လိုတရပြည့်တဲ့ဘဝမျိုး နဲ့ လူဖြစ်ခွင့်ရရုံနဲ့ လုံလောက်ပါပြီ။ ကားရှိလို့မောင်းရင် လမ်းမှာ တစ်ခုခုဖြစ်မှာစိုးပြီး ရင်တမမနဲ့ ပူပန်နေရဦးမယ်၊ အခုလို အလျှင် လိုရင် Taxi သာ တားပြီးစီးရင် ဖြစ်တယ်၊ ပြီးရောပေါ့''

''ဩော်. . . မအေက ကိုယ့်သမီးကို နေပူမရှောင် မိုး ရွာမရှောင် ငွေရှာနေရတာ မကြည့်ရက်လို့ပြောနေတာ။ အိမ်မှာ ပဲ အေးအေးလူလူလေးနေပြီး စိမ်နဲ့စည်းစိမ်ခံစားရဖို့ ဒီလောက် နားကချနေတာတောင်မှ ခေါင်းကလည်း မာပ့်''

ပြောတော့ဖြင့် လွယ်ပါ့မေမေရယ်၊ ယောကျ်ားလုပ်စာ ကို အိမ်မှာ စိမ်နဲ့ထိုင်စားမှတော့ အဲဒီယောကျ်ားက ကိုယ့်ကိုနှိမ် တော့မပေါ့။ ကျွန်မလို မီးဖိုချောင်မနိုင်၊ အိမ်မှုကိစ္စဘာတစ်ခု





လုပ်တတ်တဲ့မိန်းမမျိုးကို ဘယ်ယောကျ်ားမျိုးက ချွေးမတော်ချင် မလဲ။ ပြီးတော့ ဒီခေတ်က လင်ရောမယားပါ ရှာနိုင်ဖွေနိုင် စု နိုင်ဆောင်းနိုင်မှ ဒီခေတ်စီးပွားရေးနဲ့အထာကျပြီး စားနိုင်သောက် နိုင်မှာလေ။

ဒါတွေ မေမေဘာမှနားမလည်ပါဘူး။ မျက်စိရှေ့မြင်နေ ရတဲ့ ညီမဖြစ်သူကိုပဲကြည့်၊ ယောကျ်ားလုပ်စာလေးနဲ့ မျက်နှာ ကြည့်ပြီး သုံးနေရတာ ဘယ်လောက်မျက်နှာငယ်ရသလဲ။ တစ် လအသုံးစရိတ်က ဝင်ငွေထက် အမြဲပိုနေတာကို အဲဒီလင်တော် မောင် (ကျွန်မရဲ့မတ်တော်မောင်)က သိတာမှမဟုတ်တာ။

အစစထောက်ပြရင်လည်း 'ဒါကြောင့် နင် ခွကျကျအမျိုး ကြီးဖြစ်နေတာ' ဆိုပြီး အပြောက ခံရဦးမှာ။ ရေငုံနှုတ်ပိတ်ရအောင် လည်း ဒီသမီးက ကြက်ခေါင်းဆိတ်မခံ ခပ်စွာစွာရယ်လေ။ သမီး ကြီးကို ပူပန်နေရတဲ့မေမေ့ကိုတော့ သနားမိပါရဲ့။ သို့သော် ကိုယ် ကိုယ်တိုင် မလိုချင်တဲ့ ဒီအိမ်ထောင်(ဘဝအကျဉ်းထောင်)ကြီးကို ထူထောင်ရမှာကိုတော့ သေမတတ် ကြောက်တာအမှန်ပါ။

''ဘယ်အချိန်ထိ ခေါင်းခါနေဦးမှာလဲ။ ဒီတစ်နှစ် နှစ် နှစ်အတွင်း ညည်းအသက် (၃၀)သာ ကျော်သွားရင် လိုချင်ပါ ဘယ်ဆိုရင်တောင် ရမှာမဟုတ်တော့ဘူး။ သိရဲ့လား''

"အာ. . . မလိုချင်ပါဘူးဆိုနေမှပဲ"

"မယူလို့မရဘူး။ ငါပြောတဲ့ကလေးသုံးယောက်ကို တွေ့ပြီး စိတ်နဲ့တွေ့တာ ရွေးချေ"

"မတွေ့ရင်ရော"

"မတွေ့လို့မရဘူး"

"အတင်းကြီးပါပဲလား"

"နောက်တစ်ခါလာမှပဲ သူတို့ဓာတ်ပုံယူလာခဲ့မယ်။ တစ်ယောက်က ဆရာဝန်၊ နောက်တစ်ယောက်က အင်ဂျင်နီယာ၊ နောက်ထပ်တစ်ယောက်က ညည်းလိုစီးပွားရေးသမားပဲ။ အဲဒီထဲက ကြိုက်ရာရွေးပါလေ့"

မျက်နှာကိုမြင်မကောင်းအောင်ပင် ရှုံ့လိုက်မိတော့၏။ ဆရာဝန်၊ အင်ဂျင်နီယာ၊ Business man တဲ့။ ရွေးခိုင်းတာက ဖြင့် Special ချည်းတွေပါပဲ။ အင်းပေါ့လေ၊ တွေ့ဆိုလည်း တွေ့ရုံပဲပေါ့၊ ဟိုလူတွေကရော ကျွန်မလိုပုံစံမျိုးကို ကြိုက်ဦးမှကိုး။ No ဆိုလည်း End ရုံပေါ့။ မိမောင်သာသိရင် လှောင်လိုက်မယ့် ဖြစ်ခြင်း။



အခန်း (၁)

မနက်အစောကြီးထပြီး တရှုပ်ရှုပ်လှုပ်ရှားနေသံကို ကြားနေရပါ၏။ ကျွန်မတိုက်ခန်းက အစွန်ဆုံးဖြစ်ပြီး နေထွက်တာနှင့် မှန်ပြတင်းက အလင်းဝင်လေ့ရှိပါသည်။ ဟိုချာတိတ်မတော့ အစောကြီးနိုးနေပြီထင်ပါရဲ့။

"ဝါဝါလား"

"ရှင်!. . .မမ၊ ဟုတ်ပါတယ်"

"ဘာလုပ်နေတာလဲ၊ အစောကြီးထပြီး"

"သမီးတို့ရွာမှာ မနက်လေးနာရီဆို နိုးပြီမရဲ့။ နေထွက်တဲ့အထိ မအိပ်တတ်ဘူး"

ငါနော်၊ အခုမှပဲ မိကျောင်းသမီးနဲ့တိုးတော့တယ်။ မြို့

သူမြို့သားတွေက မိုးလင်းမှပဲ ထကျင့်ရှိတာလေ။ ဒင်းနဲ့တော့ အခုကစပြီး နောင်ကျိန်ချရင် ခက်တော့မှာပဲ။ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းပုံစံမျိုးတော့ မလုပ်ချင်ပါလေ။

''ငါက မနက်(၇)နာရီမှ ထနေကျဟဲ့။ ဒီလို နှင်အစော ကြီးထပြီး တတောက်တောက်နဲ့လျှောက်လုပ်နေရင် ငါ ဘယ်လို ဆက်အိပ်လို့ရမှာလဲ။ နားထဲမှာ အသံကြားတာနဲ့ အိပ်ရေးပျက် ရော''

''သမီး တံမြက်စည်းလှဲနေတာ ကြားလို့လားဟင်''

''အေး . . . မမြင်မစမ်းနဲ့ ခုံကိုခလုတ်တိုက်သံတောင် ကြားသေးတာ။ နောက်ဆို ငါနိုးမှ ထ . . . ဒါပဲ''

''ဟုတ်ကဲ့''

လေသံမာနှင့်ငေါက်လိုက်တာမို့ ချာတိတ်မ အသံတိတ် သွားပါ၏။ မဖြစ်သေးပါဘူးလေ၊ ဒီနေ့ ဈေးဝယ်မယ်စိတ်ကူးထား တာမို့ ဈေးစောစောသွားလိုက်မှပါပဲ။ စားပွဲထက်နာရီကို လှမ်း ကြည့်လိုက်တော့ မနက်(၆)နာရီ။ အင်းပေါ့လေ၊ အလင်းရောင် ဝင်လာပြီဆိုတော့လည်း ဒီချာတိတ်မ နိုးပြီပဲပေါ့။

အိပ်ရာထဲမှ လူးလဲထကာ အိပ်ခန်းတံခါးကိုဖွင့်လိုက် စဉ် ညှော်ခန်းဆက်တီထက်မှာ ကြမ်းသုတ်ဝတ်လေးကိုင်ပြီး ငြိမ်





ငြိမ်လေးထိုင်နေသည့်ကောင်မလေးကို တွေ့လိုက်ရပါ၏။ အသံ မထွက်နဲ့ဆိုလို့ တိတ်တိတ်လေး ထိုင်နေပုံပါလား။ ကျွန်မ ရယ် ပင်ရယ်ချင်မိသွားလေသည်။

''ဝါဝါ''

''ရှင် . . . မမ''

''ဘာလုပ်နေတာလဲ''

''ကြမ်း . . . ကြမ်းတိုက်မလို့ မမဆူမှာစိုးလို့ ထိုင်စောင့် နေတာ''

''ကဲကဲ . . . တိုက်တိုက်၊ ပြီးရင် ရေချိုးတော့နော်၊ ဈေး သွားကြမယ်''

''ဟုတ်ကဲ့ မမ''

အခုမှပဲ စိတ်ပူတောလျော့သွားသည့်ထင့်၊ မျက်နှာလေး ပြုံးဖော်ရလေ၏။ အလုပ်လုပ်ချင်တဲ့သူကို မလုပ်နဲ့လို့ တားလို့မှ မရတာကိုး။ တူပုံ၊ ကျွန်မလည်း အတူတူပါပဲ။ တစ်နေ့လောက် အပြင်မထွက်ရရင် (ငွေမဝင်ရင်) ခေါင်းထဲကပဲ ကိုက်လာသလို လို၊ လည်ချောင်းထဲကပဲ ယားကျိယားကျိဖြစ်လာသလို ခံစားရ တာလေ။

ဟိုချာတိတ်မ အလုပ်မပြီးခင် ကိုယ်ပဲအရင်ရေချိုးလိုက်

ရပါ၏။ တော်ကြာ နှစ်ဦးသားတိုက်နေရင် အခက်ပဲကို။ လတောင် ကုန်တော့မှာပါလား။ ဖေဖေ့အတွက် ဘဏ်ထဲမှာ ငွေသွင်းပေးရဦးမည်။ မေမေဈေးသုံးဖို့က တစ်မျိုး၊ ဟိုပိစိညှောင့်တောင့်လေးဖို့လည်း ပေးရဦးမှာပါ။

"ဝါဝါရေ ပြီးရင် ရေချိုးတော့ဟေ့"

ရေချိုးခန်းထဲမှ ထွက်ထွက်ချင်း အသံလှမ်းပြုလိုက်ရပါ၏။ အခန်းထဲမှာ အဝတ်လဲပြီး Phone နှင့်ပိုက်ဆံအိတ်ယူပြီး ထွက်လာတော့ ညှော်ခန်းရော မီးဖိုခန်းပါ သန့်ပြန့်သပ်ရပ်နေတာပါလေ။ တယ်တော်တဲ့ချာတိတ်မပါလား။ မခိုင်းပါဘဲ အလိုက်တသိ ဖင်ပေါ့ပေါ့နဲ့ အကုန်လုပ်ထားတာပဲကို။

"ပြီးပါပြီ မမ"

အသံလှမ်းပြုလိုက်တာနဲ့ လှည့်ကြည့်မိတော့ လုံချည်တိုတိုဝတ်ထားသည့်ကလေးမကို မြင်လိုက်ရပါ၏။ မဖြစ်သေးပါဘူး။ အရွယ်နဲ့လိုက်ဖက်အောင် စကတ်လေး blouse လေး ဝယ်ပေးရဦးမှာပါပဲ။ အိမ်စေလိုခေါ်ထားတာမဟုတ်တာနဲ့ လခရော အဝတ်အစားပါ ကျွန်မပြင်ဆင်ပေးဖို့ တာဝန်ရှိတာလေ။

"ထမိပဲ ဝတ်တတ်တာလား"

"ဟုတ်ကဲ့"





"ငါဆင်ပေးရင်တော့ စကတ်ဝတ်ရဲရမှာပေါ့။ ဝတ်ရဲရဲ့လား"

"ဟုတ်ကဲ့မမ"

"ခြင်းတောင်းယူခဲ့"

ဈေးခြင်းတောင်းနီနီလေးကိုကိုင်လျက် အောက်ထပ်သို့ ဆင်းလာခဲ့ကြ၏။ နောက်တစ်ထပ်မှာ ပစ္စည်းတွေသယ်နေတာနဲ့ လှေကားမှာ လူရှုပ်နေလေသည်။ ဘယ်ကပြောင်းလာပြန်တာပါလိမ့်၊ တိုက်အသစ်မို့ တစ်ဦးပြီးတစ်ဦး ရောက်လာကြတာ မဆန်းပါလေ။ အလုပ်သမားတွေကိုရှောင်၍ မြေညီထပ်ကို ဆက်ဆင်းလာခဲ့ပါ၏။

"ဘာစားချင်လဲ"

"ငါး"

"ဩော်. . .မနက်စာ ဘာစားမလဲမေးတာလေ။ မုန့်ဟင်းခါးစားမလား၊ အုန်းနို့ခေါက်ဆွဲစားချင်လား။ ဒါမှမဟုတ် ကော်ဖီနဲ့မုန့်လို လက်ဖက်ရည်နဲ့ အီကြာကွေးဖြစ်ဖြစ်ပေါ့"

"ဟင့်အင်း"

"ဘာဟင့်အင်းလဲ၊ ဗိုက်ထဲပြည့်နေမှ အလုပ်ကောင်းကောင်းလုပ်နိုင်မှာပေါ့"

"သမီးက မနက်ဆို ထမင်းကြော်နဲ့ အကြော်ပဲ စားနေကျမို့ပါ"

"အမယ်လေးဟဲ့! နင့်လိုသာ ထမင်းချည်း သုံးလေးထပ်စားရရင် ငါ့ခန္ဓာကိုယ်က ဒီလို Slim body မဖြစ်ဘဲ ပုတ်လောက်ဖြစ်တော့မှာ။ ညက ထမင်းကြမ်းကျန်လို့လား"

"ဟုတ်ကဲ့"

"အေးအေး. . . ဒါဖြင့် မုန့်ဟင်းခါးဝယ်သွားမယ်။ ရောပြီးနယ်စားပေါ့"

"ဟုတ်ကဲ့ မမ"

ဈေးထဲဝင်နေပြီမို့ အသားငါးတန်းဘက်သို့ အရင်ဆုံးလျှောက်ဝင်ခဲ့၏။ မနက်ဖြန် ဆိုင်စဖွင့်မှာမို့ ဘုရားပန်းကို မနက်စောစောလေး ထဝယ်ရမှာလေ။ ကိုယ်က အသားမကြိုက်ပေမယ့် ရွာကလာရတဲ့ကလေးမက တက်တဲ့အရွယ်မို့ ဘာဖြစ်ဖြစ် အကုန်ကြိုက်မယ့်ပုံကိုး။ ဒီအရွယ်ဆို ဘာစားစားဝင်ပြီး အိပ်ရင်လည်း ခေါင်းအုံးနှင့်ခေါင်းထိတာနှင့် တုံးခနဲအိပ်ပျော်သွားတတ်တာလေ။

"ဘာငါးကြိုက်လဲ"

"ငါးပြေမ"

"အလိုတော်! ဒီလောက်အရိုးများတဲ့ငါးကို နင်မို့ကြိုက်





တယ်။ အဲဒီငါးမျိုးက ဒီမှာတော်ရုံမစားကြလို့ သိပ်မရှိဘူး"

"သမီးတို့ရွာမှာ ငါးပြေမက အပေါဆုံး မမရဲ့"

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိ၏။ ကလေးနဲ့ဖက်ပြိုင်ပြောနေလို့ ဘယ်ဖြစ်ပါ့မလဲ။ ဟိုမှာက ချို့တဲ့ကြတာမဟုတ်လား။ ငါးကြိုက်တဲ့လူပဲမို့ တော်ပါသေးရဲ့။

"တခြားငါး စားတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"ငါးသလောက် ဘယ်ဈေးလဲ"

"ခြောက်ရာပါ"

"ဥကရော"

"သုံးထောင့်ငါးရာပါ"

"ငါးသလောက်ကို ဒီအမြီးပိုင်း ချိန်ပေးပါ။ ဥကို (၁၅) ကျပ်သား (၂၀)သားလောက်နော်"

ငါးသလောက်ကို ခပ်ကြီးကြီးမို့ တစ်ပိုင်းသာချိန်နိုင်ပြီး ဥက တစ်ခါတလေမှ ရတတ်တာမို့ ဝယ်လိုက်ပါ၏။ ချဉ်ပေါင်တို့ ကင်ပွန်းချဉ်ရွက်တို့နှင့် ရောချက်ရန် ငါးကြင်းကို နည်းနည်းဝယ်လိုက်ပါသည်။ ပြီးတော့ ကျွန်မသိပ်ကြိုက်သည့် ငါးနုသန်းအကောင်ကြီးကြီးလေးတွေ့တာမို့ ဝယ်ဖြစ်လေ၏။

"လာ. . . ဟင်းရွက်တန်းသွားကြမယ်"

အရွက်တန်းရောက်တော့ အရင်ဆုံး ငါးချက်ရန် ခရမ်းချဉ်သီး ဝယ်လိုက်ပါ၏။ ပြီးတော့ နံနံပင်၊ ကန်စွန်းရွက်၊ ချဉ်ပေါင်၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ကင်ပွန်းချဉ်ရွက်၊ ရေတ်သီးစိမ်းတို့ကို လတ်ဆတ်တာလေး ရွေးဝယ်လိုက်ပါသည်။ နံနံပင်ကို အထားခံစေရန် ရေလွတ်တာကို ဈေးကြီးပေး၍ ဝယ်ရပါ၏။

"ငါးပိတို့စရာ စားလား"

"ဟုတ်ကဲ့"

ငါးပိစိမ်းစားနှင့် ငါးပိရည်ကျိုရောင်းသည့်ဆိုင်မှာ ရေကျိုငါးပိနည်းနည်းနှင့် ရေတ်သီးအကြက်မှုန့်ဝယ်လိုက်သည်။ တို့စရာတွဲရောင်းတာမို့ ဗူးညွန့်၊ ပဲညွန့်နှင့် သခွားသီး၊ သရက်သီး၊ သံပုရာသီး၊ ပဲဖောင်းလျှားသီး၊ ရှောက်ရွက်တို့ကို တစ်စီးနှစ်စီး မျှဝယ်လိုက်၏။ ဈေးခြင်းတောင်းက အပြည့်မို့ လေးနေပြီဖြစ်သဖြင့် ကျွတ်ကျွတ်အိတ်နှင့် မျှထည့်ကာ ဈေးခြင်းတောင်းကို ကျွန်မ သယ်လိုက်ပါ၏။

"နောက်တစ်ပတ်မှ ကြက်သားချက်စားကြတာပေါ့နော်"

အပေါ်ဆုံးထပ်မှာနေတာမို့ ခဏခဏအောက်ကို မဆင်းချင်ပါ။ ရပ်ကွက်ထဲမှာ ခေါင်းရွက်ဗျပ်ထိုးသည်၊ အထမ်းသည်၊ ထွန်းလှည်းသည်မျိုး လာတတ်သဖြင့် အပေါ်ကနေ ကြိုးဖြင့် တောင်းကိုချည်ကာ ပိုက်ဆံထည့်ပေးပြီး အော်ဝယ်၍ရနိုင်ပါသည်။ သို့သော် အသံကျယ်ဖြင့် လက်ခုပ်တီးပြီး အော်ပြောဝယ်ရတာမို့ အခုလိုပဲ လိုတာမှန်သမျှ ဈေးမှာပဲဝယ်ဖြစ်တာလေ။

"မနက်စာ ဘာချက်ရမလဲဟင်"

"ဒီနေ့တော့ ငါးသလောက်ပဲ ခရမ်းချဉ်သီးလေးနဲ့ချက်၊ နံနံပင်အုပ်လေ။ အရည်သိပ်မကျဲမပျစ်လေး ထည့်နော်။ ပြီးရင် ကန်စွန်းရွက်ကို ကြက်သွန်ဖြူထု ဆီသပ်ပြီး စိမ်းစိမ်းလေးကြော်၊ ကြော်တတ်ရဲ့လား"

"ဟုတ်ကဲ့"

"ငါးပိရည်ကျိုပြီး တို့စရာနဲ့ဆို အဆင်ပြေပါပြီ။ မနက်ည လောက်အောင်ချက်နော်"

"ဟုတ်ကဲ့မမ"

"ထမင်းပေါင်းအိုးချက်တာ ပြမယ်၊ လာခဲ့။ အရင်ဆုံး ဆန်ကိုစင်အောင်ဆေး။ ပေါင်းအိုးထဲမှာ ရေကြည်နေမှ တိုင်းလို့ရတယ်။ မနက်နှစ်ဘူးချက်ရမယ်၊ ညနေက ကြည့်ကျက်ပြီး တစ်ဘူးခွဲပဲဖြစ်ဖြစ် လျှော့ချက်။ လာကြည့် . . . ဆန်ကို လက်ညှိုး ထိုးပြီး အရင်တိုင်း။ မြင်လား"

"အေး. . . ဆန်က လက်တစ်ဆစ်ဆိုရင် ရေကို အပေါ်မှာ လက်တစ်ဆစ်ထည့်ရတယ်။ ရေများသွားရင် ထမင်းပြဲမယ်။ ရေနည်းသွားရင် ထမင်းမာမယ်။ သိလား။ ပြီးရင် အိုးကို ဒီလို ရေစင်အောင်သုတ်ပြီးမှ ဒီပေါင်းအိုးထဲထည့်၊ ခလုတ်ကို ဒီလို နှိပ်လိုက်။ လက်ကိုရေခြောက်အောင် အရင်သုတ်ပြီးမှ ဒီဓားမိန်းတင်ပြီး ခလုတ်နှိပ်ရတယ်။ ရေစိုနေရင် ဓာတ်လိုက်တတ်တယ် သိလား"

"ဟုတ်ကဲ့"

လျှပ်စစ်ဒယ်အိုးရော၊ Hot Plate သုံးတာကိုပါ တစ်ခါတည်း ပြလိုက်ပါသည်။ အကယ်၍ မီးပျက်တဲ့အခါ အဆင်သင့်သုံးလို့ရရန် မီးသွေးမီးဖိုနှင့် မီးသွေးထုပ်ကို ထောင်ထားပါ၏။

"ငါကူပေးရဦးမလား"

"ရပါတယ်မမ၊ သမီးလုပ်တတ်ပါတယ်"

"အေးအေး"

ရေခဲသေတ္တာထဲမှာ ဟင်းရွက်တွေကို Plastic အိတ်နှင့် ထုပ်ပိုးပြီးမှ ထည့်ကာ အသားတွေကို ရေဆေးပြီး Plastic ဘူးဖြင့် သေချာသိမ်းပြီးမှ ရေခဲသေတ္တာဒုတိယထပ်မှာ သီးသန့်ထည့်လိုက်၏။ ချာတိတ်မကို သိမ်းပုံသိမ်းနည်းသင်ပြပြီးမှ Corridor





ကို ခဏထွက်ကြည့်မိလိုက်သည်။

အိမ်ပြောင်းလာတာ ကျွန်မအောက်ထပ်တည့်တည့်က အခန်းဖြစ်နေပါလား။ ဘေးခန်းအသီးသီးမှာ လူတွေနေနေပြီမို့ အခုပြောင်းလာသူတွေက ဒီတိုက်ရဲ့နောက်ဆုံးလူတွေ ဖြစ်နေလေ၏။

တိုက်ခန်းတွေမှာ လူတွေပြည့်ပြီပဲကိုး။

# အပိုင်း(၂)



ထယ်လိုလဲ...လူ့ဘဝမှာ အရွယ်စုံ အထွေးစုံ အလှမျိုးစုံနဲ့ မိန်းကလေးဝေါဝင်းများစွာတို့ ကြီးကြီးဝယ်ဝယ် အရွယ်အလတ် အစုံဖြစ်ဖူးဝါ၏။

ထို့ထော် လူ့နှင့်အနီးဆုံးမှာ (အထူးသဖြင့်) လူ့ချက်စိရှေ့တည့်တည့်ကို ဆိုတ်ဆိုတ်မြိုတ်မြိုတ်ကြီး ရောတ်လာခဲ့တဲ့ မိန်းကလေးနဲ့ အမှတ်မထင်ဆုံပြီး ရင်းနှီးခွင့်ရလိမ့်မယ်လို့ ထင်မထားမိတာအမှန်ပါ။ လူ့ကိုဆိုရင် ရေလာမြောင်းဝေးပုံစံနဲ့ရော သိသိ သာသာကြီးနဲ့ပါ ရောချင်ကြသည့် မိန်းမများစွာထတ် ဤမိန်းကလေးကဖြင့် မတွေ့ကတည်းကတကောင်းစေးနှင့်ချတ်ချေးလို ကြည့်မရဖြစ်ခဲ့ရတာလေ။

မိန်းမဆို တ္တာမြွေအဖြည့်နဲ့ နူးညံ့ညင်သာ

တဲ့တန်ရှိုးလေးဝဲ နှစ်ထက် ထဘောကျတတ်တဲ့လူ
လိုရူတို ဆတ်ဆတ်ထိမင် ဖထံခစ်ကျယ်ကျယ်နဲ့
ဖြန်ဖော်တတ်တဲ့ ဇီတောင်မလေးထ ရင်ထဲတို
စုံးနဲ့ ဝစ်ဖောက်ထလို ရင်တစ်ခုလုံး ဖြောင်းဆန်
ဖောင် ပြုစားနိုင်ရတယ်လို ....

မြတ်ထုန်းခေါင်



## အခန်း (၉)

မနက်စောစောထဖြစ်ပြီး ရေမိုးချိုးကာ ဘုရားရှိခိုး ဆု တောင်းရပါ၏။ ဒီနေ့စဖွင့်မည့်ဆိုင်လေး အဆင်ပြေပြေနှင့် ရေ့ ဆက်လျှောက်လှမ်းနိုင်ဖို့ပါပဲ။ ဆိုင်ထိုင်ရမှာမို့ ဖြစ်သလိုနေ၍ မဖြစ် ပါချေ။ လူမြင်လို့ကြည့်လို့ကောင်းအောင် မျက်နှာထက် လိမ်းသင့် တာလိမ်းပြီး နှုတ်ခမ်းဆိုးဆေး ခပ်ပါးပါးလေး တင်လိုက်ပါ၏။

ဆံပင်ကို အတိုထားတာကို သေသေသပ်သပ်လေး ဖြစ် စေရန် Hair-coat လိမ်းကာ၊ ပုံစံကျကျကလေး ဖြီးလိုက်တော့ ကျွန်မပုံက ခါတိုင်းလို ဗိုသီဗတ်သီမဖြစ်ဘဲ သန့်ပြန့်သွားသည် နယ်။ ဒီလိုပဲဖြစ်ရမှာပေါ့လေ။

"ဝါဝါ"

"ရှင် . . . မမ"

"နေ့လယ် (၁၁)နာရီလောက်ကျရင်လေ"

"ဟုတ်ကဲ့"

"မနေ့က မမပြထားတဲ့လမ်းအတိုင်း လျှောက်လာပြီး ထမင်းချိုင့်လာပို့နော်။ ကားလမ်းလည်း ကြည့်ကူးဦး"

"ဟုတ်ကဲ့မမ"

"အခန်းတံခါးသော့ သေချာခတ်ဦးနော်။ တံခါးနှစ်ထပ်စလုံး ခတ်ပြီးမှဆင်းခဲ့။ မီးတွေပါပိတ်ဖို့ မမေ့နဲ့ဦး"

"ဟုတ်ကဲ့ပါ မမ"

ကျစ်! မှာစရာရှိတာ မှာတာတောင်မှ မေ့တော့မလို့ပါလား။ မေမေသေချာမှာထားပါလျက်နဲ့ ပန်းအိုးတွေ ရေလောင်းဖို့ မေ့နေမိတာလေ။ ညနေမှောင်မှပြန်လာရင် ရေမလောင်းဖြစ်မှန်း ကြိုသိနေတာမို့ အခုကတည်းက လောင်းသွားဦးမှပါပဲ။

ရေပန်းကရားအလတ်လေးထဲ ရေဖြည့်ကာ နောက်ဖေးဝရံတာဘက် ထွက်လိုက်ရပါ၏။ အဝတ်အစားလဲပြီးပြီမို့ ကိုယ်ကို ရေမစိုစေရန်သတိထားကာ ရေလောင်းလိုက်ပါ၏။ ဝါဝါအဝတ်လျှော်ပြီး လှန်းလို့ရရန် ဒီဝရံတာမှာပင် နိုင်လွန်ကြိုးတန်းရော ချိတ်တွေပါ ပြင်ဆင်ပေးထားပါသည်။





"ဟ! ဟ! . . . ဘာရေတွေလဲ"

"ဟင်"

အောက်ထပ်မှအသံထွက်လာတာမို့ ရေလောင်းရင်း တွန့်ခနဲဖြစ်သွားရပါ၏။ အောက်ကိုများ ရေဆင်းလို့လား။ မဟုတ်သေးပါဘူး။ ရေပန်းကရားလေးနဲ့ ဖြည်းဖြည်းလေးလောင်းတာကိုများ မသကာ ရေစင်ရုံပါလေ။

"ဟေ့! မေးနေတာ မကြားဘူးလား။ အပေါ်မှာနေပြီး မသန့်မရှင်းရေတွေကို ဒီလိုပဲ ပစလက်ခတ် သွန်ရလား"

"ဘာပြောတယ်"

စိတ်ထဲ ထောင်းခနဲဒေါသဖြစ်သွားရပါ၏။ ခုနလေးတင် ဘုရားရှိခိုးပြီး အခုပဲ အကုသိုလ်ဝင်တာတော့ မကောင်းပါဘူး။ ရင်ထဲအေးချမ်းနေပါလျက် မီးစကို ဖန်တီးရတယ်လို့။

"ဒီမှာရှင့်"

"အေး . . . မင်းကိုမေးတာ အရင်ဖြေမှပေါ့။ ဘယ်လိုမိန်းကလေးလဲ"

"ရှင်နော် . . . ပန်းပင်ရေလောင်းနေတာရှင့်၊ နည်းနည်းပါးပါး ရေလေးစင်သွားတာ သည်းခံရမှာပေါ့။ ဘာမသန့်မရှင်းရေဖြစ်ရမှာလဲ"

"ဘယ်သိမလဲကွ. . . တိုက်ပေါ်တက်နေပြီး ဒါမျိုးစိုက်စရာလား။ အောက်ထပ်မှာနေတာ လူတွေကွ! လူတွေ"

"သိတယ်. . . သိတယ်၊ ရှင်လူမှုန်း မဏ္ဍာပ်တိုင်တက်ပြနေစရာ မလိုပါဘူး"

"ဘာကွ! မင်းနော်၊ မင်းဘက်ကလည်း မှားသေးတယ်၊ တောင်းပန်မှုမရှိဘဲ ရန်ပြန်လုပ်နေရတယ်လို့"

"ဩော. . . ရှင့်ကောင်းကောင်းပြောရင် ကျွန်မဘက်ကလည်း ကောင်းကောင်းမွန်မွန်တောင်းပန်မှာပေါ့။ သူကလည်း ရန်လာစသေးတယ်၊ အလကားလူကြီး"

"ဘာ! ဘာပြောတယ်"

"ရှင်ကြားတဲ့အတိုင်းပဲလေ . . . ရှင့်လိုအလကားနေ အလကားထိုင်နေပြီး အချိန်ဖြုန်းနေတဲ့သူ မဟုတ်ဘူးရှင့်။ ဒီမှာ အလုပ်ရှိသေးတယ်"

"မင်း. . ."

ကဲ! မှတ်ကရောပဲ၊ ချို့ကို ဒါမျိုးလာစမ်းလို့ကတော့ နာပြီသာမှတ်။ ကျွန်မက နဂိုကတည်းက ခပ်စွာစွာမဟုတ်လား။ အောက်ထပ်မှာ Deram bed ခင်းပြီး နှပ်နေတာလား၊ စာဖတ်နေတာလားမသိ၊ တော်တော်အချိန်အားနေတာပဲကိုး။





သူများတွေ မိုးလင်းတာနဲ့ အပြင်ထွက်၊ အလုပ်သွားဖို့ ပြင်နေချိန်မှာ သူက အေးအေးဆေးဆေးဖြစ်နေရတယ်လို့။ အပျင်းကြီးလိုက်တာနော်။ ယောကျ်ားဆိုတာ အိမ်ထောင်တစ်ခုကို ဦးစီးဦးဆောင်ပြုပြီး စီးပွားရှာရမယ့်လူမဟုတ်ပါလား။ အခုတော့ဖြင့် အိမ်ထဲအောင်းပြီး ဖိမ်ယူနေလိုက်တာများ မုန်းချင်စရာ။

"ပလုတ်တုတ်!"

Phone သံကြောင့် လေကားမှဆင်းလာရင်း လန့်သွားရပါ၏။ အဲဒီမေမေကဖြင့် မိုးလင်းတာနဲ့ လူကိုယ်တိုင် မလာနိုင်တာတောင်မှ ဒီသမီးကို Phone နဲ့ လှမ်း Check ရတယ်လို့။

"ဟဲလို . . . အမယ်လေး!"

လေကားထောင့်ချိုးကိုကွေ့ရင်း Phone ပြေလိုက်စဉ် မျက်စိရှေ့ ဘွားခနဲမြင်လိုက်ရသည့် လူတစ်ယောက်ကြောင့် လိပ်ပြာလန့်ချေပြီ။ ဘယ်လိုဖြစ်ပြီး အသည်းက ငယ်ရပါသလဲ။

"ဩော. . . အမိကိုး"

"ဘာအမိလဲ၊ လူကိုမြင်တာနဲ့ နှိပ်ကွပ်ဖို့မပြင်ပါနဲ့။ လူသစ်ချင်း အတူတူကိုများ"

"ဘာ!"

"ဟုတ်တယ်လေ၊ ရှင်လည်း ဒီတိုက်ကို ကျွန်မနဲ့ ရှေ့

ဆင့်နောက်ဆင့်ရောက်လာတာပဲဟာ။ ပတ်ဝန်းကျင်နဲ့ သဟဇာတ ဖြစ်အောင် နေတတ်ရမှာပေါ့။ ဆရာကြီး Style မျိုးနဲ့ လာမချီး ပြလေနဲ့။ နှင်းစက်ချိုတို့က နေသာသပ လေညာကာပဲ"

သူမပြုံးမိအောင် မနည်းထိန်းလိုက်ရပါ၏။ အာဂကောင် မလေးပါပဲ။ လူကို ယောကျ်ားလေးဆိုပြီး ရှိန်နေလန့်နေတာမျိုး မရှိဘဲ မျက်စောင်းခဲကာ ရန်စောင်နေတာလေ။ ဘယ်လိုဟာ လေးပါလိမ့်။

နေဦး. . . ကောင်မလေးဆိုပေမယ့် ဆယ်ကျော်သက် အရွယ်တော့ မဟုတ်ပါလေ။ အလွန်ဆုံး (၂၅)နှစ်တော့ စွန်းနေ လောက်ပါရဲ့။ သိတယ်မဟုတ်လား။ မိန်းမအများစုက သူတို့ရဲ့ အသက်ကို အမှန်အတိုင်းမပြောဘဲ အမြဲတမ်းနုတ်ပြီးမှ ပြောတတ် လေ့ရှိတာလေ။

"အို. . . ဘယ်လိုလဲ"

"ဒါ မင်းတစ်ဦးတည်းပိုင်တဲ့လှေကားမဟုတ်ဘူးကွ။ ငါ အရင်ဆင်းမယ်"

"ကြည့်စမ်း! ကြည့်စမ်း! ယောကျ်ားကြီးဖြစ်ပြီး အတ္တ ကြီးလိုက်တာ"

"ဘာ!"





"Lady First ဆိုတာကို ရှင်မကြားဖူးဘူးလား"

"မင်း"

"ပုံစံကြည့်ရတာလည်း မိန်းကလေးတွေကို ဦးစားပေး တတ်မယ့်ပုံလည်း မပေါ်ပါဘူး"

"မင်းနော်၊ တော်တော်လွန်နေပြီ"

ဟောကြည့်. . . မျက်စောင်းက ဒိုင်းခနဲထပ်ရောက်လာ ပြီး သူ့လက်မောင်းကို တမင်တကာတိုက်ပြီးမှ လှေကားထစ်တို့ ကို အရင်ဆုံး ခပ်သုတ်သုတ်ဆင်းသွားလေ၏။ ပြောတော့ဖြင့် ဦးစားပေးခံချင်ပြီး သူမပဲ ရှေ့က အရင်သွားနေတာလေ။

'နှင်းစက်ချို'တဲ့။ နာမည်ကို တမင်ပြောလိုက်ပုံတော့ ရပါဘူး။ ဒီလိုပဲ အနိုင်ရချင်ဇောနဲ့ လုစ်ခနဲပြောလိုက်ပုံပဲ။ 'မြတ် ဘုန်းခေါင်'. . . 'မြတ်ဘုန်းခေါင်၊ မင်းဘဝမှာ မိန်းမတိုင်းလိုလို တ အဂ္ဂာမျိုးစုံနဲ့ ပဲပေးပြီး ချိုချိုသာသာဆက်ဆံကြတာကို လက် ခံလေ့ရှိပြီးမှ အခုတော့ နာမည်သာချိုပြီး နှုတ်မချိုတဲ့ကောင်မ လေးရဲ့ အထင်တသေးနဲ့ အော်ဟစ်တာကို ကောင်းကောင်းကြီး ခံနေရတာပါလေ။

ဘုရားရေ! ဘာသဘောမျိုးလဲ။ သူက ခပ်မှန်မှန် ခပ် တည်တည်နေတတ်လေ့ရှိပြီး စကားကိုပြောဆိုခဲ့တဲ့လူပါပဲ။ အခု

လို ကိုယ်နဲ့ဆန့်ကျင်ဘက် မိန်းကလေးနဲ့ သူတစ်ခွန်း ကိုယ်တစ်ခွန်း စကားများတာမျိုး တစ်ကြိမ်တစ်ခါမှ မရှိခဲ့ပါချေ။

ပြီးတော့ အဲဒီကောင်မလေးကို စိတ်တိုစိတ်ဆိုးရမှာထက် စိတ်ထဲ အလိုလိုရယ်ချင်နေမိတာ ဘာကြောင့်ပါလဲ။ တကယ်ဆို သူလိုလူကြီး (ကောင်မလေးထက်တော့ သူက အသက်နည်းနည်းပိုကြီးပုံပါ) ကို ရန်စွယ်ငေါငေါနဲ့ အော်နေတာမှန်းသိသိကြီးနဲ့ စိတ်ထဲမှာ ဘာမှမဖြစ်ရတယ်လို့။

"ကျွစ်! အ!"

ရုတ်တရက် ရှေ့မှသွားနေရာမှ ရပ်ကာ၊ နောက်ကိုပြန်လှည့်လိုက်စဉ် နောက်မှပါလာသည့်သူနှင့် တိုက်လုမတတ်ဖြစ်ရပြန်လေ၏။ နေပါဦး၊ ဒီကောင်မလေး တမင်တကာနဲ့များ သူ့ကို ဇာတ်လမ်းထွင်နေလေသလား။

"ဘယ်လိုဖြစ်ရပြန်တာလဲ၊ ရှေ့ကိုဆက်မလျှောက်ဘဲ နောက်ပြန်လှည့်ရသလား"

"အဲဒါ ရှင့်ကိစ္စလား။ ဘာလို့ သူများနောက်က ကပ်လိုက်ရသလဲ"

"ဟာ! ငါ့လမ်းငါသွားနေတာလေ၊ မင်းပဲ ရှေ့ကသွားချင်တယ်ဆိုပြီး သွားနေပြီးတော့။ ပြောပြန်ပြီ နောက်ထပ်တစ်မှု"





"အံမာ!. . . လူကိုများ ပြဿနာရှာတတ်တဲ့သူ ထင်နေလား"

"အမိကရော မဟုတ်လို့လား"

"ရှင်နော်၊ လူကို အမိ အမိနဲ့ နိမ်မခေါ်ပါနဲ့ရှင့်။ မကြိုက်ဘူး"

ရော်! အော်ပြန်ပါရောလား။ ဒီနေ့တော့ ကံမကောင်းတာပဲလား။ နေရင်းထိုင်ရင်း ပြဿနာက ရှေ့တည့်တည့်ကြီး ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရတယ်လို့။ ဘယ်လိုဖြစ်ပြီး ဒေါသဆူလွယ်တဲ့မိန်းကလေးပါလဲ။

"အဲဒီလိုအခေါ်မခံချင်ရင် ငါ့ကို ပြဿနာမရှာနဲ့ပေါ့ကွ။ လူကိုလည်း ပြဿနာရှာနေသေးတယ်၊ ကိုယ့်ထက် အသက်ကြီးသူကို လေးစားရကောင်းမှန်းမသိ၊ သိပ်ရိုင်းတာပဲ"

"ဘာရှင့်"

"မင်းနဲ့ရန်ပြိုင်ဖြစ်ဖို့ ငါ့မှာအချိန်မရှိဘူးအမိ။ အလုပ်ရှိသေးတယ် . . . ဖယ်"

ကြည့်စမ်း! လူကိုနိုင်အောင်ပြောပြီး ကျွန်မပခုံးကို တိုက်လုမတတ် လမ်းလျှောက်လိုက်တာမို့ ခြေလှမ်းနောက်ဆုတ်ကာ ရှောင်လိုက်ရလေ၏။ ဘယ်လိုလူပါလဲ၊ မိန်းကလေးဖြစ်တဲ့ကျွန်မ

ကို မငဲ့ကွက်သလို ယောက်ျားရင့်မကြီးဖြစ်ပြီး ရန်ပြန်တွေ့ရတယ်လို့။

"ဟဲလို! အင်း . . . မေမေ၊ ချို ဆိုင်ဖွင့်ဖို့ သွားနေပြီ။ ခုနကလား။ အောက်ထပ်ကလူနဲ့ စကားများရလို့ မေမေ့ Phone ကို မကိုင်ဖြစ်တာပါ။ အို . . . သည်းမခံနိုင်ပါဘူး။ သူတောင်မှ ယောက်ျားကြီးတန်မဲ့နဲ့ ချို့ကိုရန်တွေ့နေသေးတာပဲဟာ။ မတောင်းပန်နိုင်ပါဘူး။ လူကိုအထင်သေးပြီးပြောတာ မေမေမှမသိတာကို၊ အလုပ်ကိစ္စက အဆင်ပြေတယ်၊ ချို့မှာရှိတဲ့ငွေလေးနဲ့ပဲ ကြိုး (၁၀)ကုံး။ လက်စွပ် (၁၀)ကွင်း။ နားကပ် (၁၀)ရံ၊ Hand-chain (၅)ကွင်း။ လက်ကောက် (၅)ကွင်းလုပ်ပြီး တင်တော့မှာ။ အင်း! ဒါပဲနော်"

Phone ကိုပိတ်လိုက်ပြီး ဆိုင်ရှေ့မှာ မတ်တပ်ရပ်ကာ မော့ကြည့်လိုက်ပါ၏။ 'သီရိရွှေစင်'တဲ့။ ဘယ်လောက်လှပတဲ့ ဆိုင်နာမည်လေးပါလဲ။ ဆိုင်ခန်းသော့ကိုဖွင့်ကာ ဘာဂျာတံခါးကိုခေါက်လျက် နံရံဘက် ကပ်ထားလိုက်ပါ၏။

အသစ်စက်စက်ဆိုင်ခန်းနံ့လေးက ကျွန်မနှာခေါင်းထဲမှာ မွှေးနေသည့်နှယ်။ အရင်ဆုံး သန့်ရှင်းရေးလုပ်ကာ မှန်ကောင်တာကို မှန်ကြည့်ဆေး ဖျန်းလျက် Cleaning လုပ်လိုက်ပါ၏။





ရေသုံးစရာရေပိုက်ရှိတာမို့ လက်အရင်ဆေးပြီးမှ ဆိုင်ကိုပြင်ဆင်ရလေသည်။

ဆွဲကြိုးလေးတွေ လှအောင်ချိတ်၊ လက်ကောက်လေးတွေ၊ လက်စွပ်တွေ မြင်ကောင်းအောင် စီနေစဉ် ဆိုင်ခန်းဖွင့်သံ ခပ်ကျယ်ကျယ်ကြောင့် မျက်လုံးက အပြင်ကိုရောက်သွားရပါ၏။ ကြည့်စမ်း! ဟိုလူ့ဆိုင်နာမည်က 'ထိပ်တန်းလက်ရာ'ဆိုပြီး စာလုံးအကြီးကြီးပါပဲလား။



# အခန်း (၁၀)

ဦးဆုံးနေ့မို့ လူသိပ်မသိသေးသည့် ကျွန်မဆိုင်ကတော့ ခြောက်ကပ်ကပ်ပါပဲ။ ဟိုလူ့ဆိုင်ကဖြင့် တစ်ဦးပြီးတစ်ဦး ဝင်ထွက်ဘာ ဝယ်သူတွေရှိနေတာပါလေ။ မနာလိုလိုက်တာနော်။ နေပါဦး. . . မျက်စောင်းထိုးဆိုင်ဆိုတော့. . .

ဘုရားရေ! ဒါဖြင့် ဒါ ဦးလေးကြီးမိတ်ဆက်ပေးချင်တယ်ဆိုတဲ့ သူဌေးလူပျိုကြီးပေါ့လေ။ အမယ်လေး! သေသာသေလိုက်ချင်တာပါပဲ။ ဒင်းနဲ့မှ စတွေ့တာနဲ့ ပြဿနာဖြစ်ရတယ်လို့။ ရှေ့လျှောက်ဆို ဘာတွေဖြစ်ကုန်မှာပါလိမ့်။ အိမ်နီးမိတ်ဆွေ၊ ပြီးတော့များဘက်တူတာလည်းတူပြီး ဘာကြောင့်များ အမြင်မတူဘဲနဲ့စကားများရတာပါလိမ့်နော်။

"ဟော!"

ဆိုင်ထဲမှာ ထိုင်နေရတာ ပျင်းလာတာမို့ ဆိုင်ရှေ့မှာ ထွက်ရပ်နေရင်း ဟိုဒီလျှောက်ကြည့်နေစဉ် သူက လက်ကိုနောက် ပစ်ဆုပ်ထားရင်း ဆိုင်ထဲမှာ ခပ်ဖြည်းဖြည်းဖြင့် လမ်းလျှောက် နေလေသည်။ ပြီးနောက် ကျွန်မကိုမြင်သွားပြီး အသိအမှတ်မပြု ဟန်ဖြင့် ခပ်စွေစွေကြည့်ကာ ကျောပေးလိုက်လေ၏။

"တောက်!"

ငါနော်၊ စောစောစီးစီး အကုသိုလ်ဝင်ပါတယ်ဆိုမှ ခု မပြီးနိုင်သေးပါလား။ လူကိုမတူမတန်သလို စွေကြည့်တဲ့အကြည့် ကိုက ထရိုက်ချင်စရာ အမြင်ကပ်လိုက်ပါဘိ။ ကျွန်မပုံစံက သေ ကြည့်ချင်စရာအလှမဟုတ်ပေမယ့် ကိုယ်နဲ့စကားတစ်ခါလောက် ပြောမိရုံနဲ့ နောက်တစ်ကြိမ်ထပ်ပြောချင်လာအောင် ဆွဲဆော မှုရှိတဲ့သူပါလေ။

ဘာလဲ. . . စမြင်တာနဲ့ ရန်တွေ့မိတာကြောင့် လူ အထင်သေးတာများလား။ သို့တည်းမဟုတ် ရောင်းဝယ်ဖော ကားတဲ့ကုန်ပစ္စည်းချင်း တူနေလို့ပဲ မကြည်တာလား။ မဟုတ် သေးပါဘူး။ သမုဒ္ဒရာရေဆိုတာ တစ်ဦးတည်းသောက်သုံးလို့ ကု ခမ်းသွားတာမှ မဟုတ်တာလေ။





"မမ"

"ဟဲ့! ပလုတ်တုတ်"

နောက်မှရောက်လာသည့် ဖါဖါ့အသံကြောင့် အတွေး ယ်ချဲ့နေမိရာမှ လန့်သွားရပါ၏။ အလို! နေလယ်တောင် ရောက် သွားပြီလား။ ဟိုလုညဲ့ဒီလုညဲ့နှင့် နေ့ဝက်တောင် ကျိုးသွားပါရော လား။ ဒုက္ခပါပဲ၊ ငြိမ်ငြိမ်ထိုင်ရသည့်အလုပ်ကိုလုပ်ဖို့ ဆုံးဖြတ် ထားပြီးကာမှ အချိန်တွေကို နှမျောလိုက်ပါဘိ။

"ထမင်းစားလို့ရပါပြီ သမီး ဟင်းပူပူလေးချက်လာတာ"

"အေးအေး"

"ရောင်းကောင်းလားဟင်"

"ဘယ်ကသာ၊ ငါ့ဝတ်တုပ်ထိုင်နေတာ မြင်ရဲ့သားနဲ့ ပြောတာလား"

"သမီးမြင်တာ မမ လျှောက်နေတာလေ"

"တယ်! ငါ့ခေါက်လိုက်ရ။ နာတော့မှာပဲ"

ဖါဖါ ဇက်ပုသွားလေ၏။ ကလေးက စေတနာနဲ့ မေး တာမှန်း သိနေပါ၏။ သစ်သားစားပွဲထက်မှာ ထမင်းချိုင့်ဖွင့်ကာ ထမင်းပွဲပြင်လိုက်ပါသည်။ ဒီနေ့တော့ ငါးလေးအိုးကပ်နှင့် ငါး သလောက်ဥပြုတ်ကြော်။ အရည်ဟင်းက ကင်ပွန်းချဉ်ရွက်ဟင်း

ချို၊ ခရမ်းချဉ်သီးကို ငရုတ်သီးစိမ်းနှင့် ငါးပိချက်စပ်စပ်လေး ချက်လာတာမို့ ထမင်းစားမြိန်မယ့်ပုံပါပဲ။

“ဟော! သမီးက နေ့လယ်စာတောင် စားနေပြီလား”

“ဩော်. . . ဦးလေး စားပါဦးရှင့်”

“စားပါ. . . စားပါ၊ သမီးမချို၊ သမီးနဲ့မိတ်ဆက်ပေး မလို့လေ”

ဦးလေးကြီးနောက်မှ ပါလာတာကို မြင်လိုက်ရတာမို့ ထမင်းခပ်နေပြီဖြစ်သည့်ဇွန်းကို ပြန်ချထားလိုက်ရပါ၏။ ဒီ နှယ်နော်. . . ထမင်းစားဖို့ကြံကာမှ ဒင်းနဲ့မျက်နှာချင်းဆိုင် လာ ဆုံရတယ်လို့။ သူက ကျွန်မထမင်းချိုင့်ကို တစ်ချက်ကြည့်ကာ အကြည့်လွှဲလိုက်လေ၏။ ပြီးနောက် ဆိုင်ထဲကို အကဲခတ်ကြည့် နေလေ၏။

ဘာလဲ. . . လာစပ်စုတာလား။ သူ့ဆိုင်ရဲ့တစ်စိတ်စာ တောင်မရှိတဲ့ ကျွန်မဆိုင်ခန်းလေးကို အမြန်ပြုတ်အောင်များ ကြံ စည်လေမလားမသိ။ ပြောလို့ရတာမဟုတ်ဘူး။ ယောက်ျားဆိုတာ မျိုးက ရင်ထဲရှိတာကို ထုတ်မပြောဘဲ မျိုသိပ်ထားတတ်ပါဘိ။

“ဒီမှာလေ၊ ဦးပြောတဲ့ သူဌေးလေး မြတ်ဘုန်းခေါင်ပေါ့။ မောင်ခေါင်ရေ. . . ဒါကတော့ ဦးတို့ဈေးထဲမှာ ဆိုင်လာဖွင့်တဲ့





သစ်ပေါ့။ နှင်းစက်ချိုတဲ့”

“ဩော်. . . ဟုတ်ကဲ့”

တွေ့လား. . . လူကိုမကြည့်ဘဲ ခေါင်းကိုညိတ်ပြလိုက် လေ။ ဒါပဲပေါ့၊ ဒီထက်ပိုစရာမရှိဘူးဆိုတဲ့သဘောနဲ့ပေါ့လေ။ ယ်ဆို ဒီ့ထက် သုံးလေးခွန်းမျိုးလောက်တော့ ပြောသင့်တာ တ်လား။ ‘အကူအညီလိုရင်ပြောနော်’ ‘ကျွန်တော့် ပန်းထိမ် ပစ္စည်းအပ်လို့လည်းရပါတယ်’ ‘ရွှေဈေးကို ဆိုင်တိုင်း အမြဲ လေ့ရှိတယ်’ စသဖြင့် ပြောစရာများ အပုံကြီးရှိပဲ့။

ဘယ်လိုကြီးလဲ။ စကားပဲနည်းတာလား ဒါမှမဟုတ် န်မနဲ့စကားများထားတာကို အမှတ်ထားပြီး မကျေနပ်သလို နေတာပဲလား။ ယောက်ျားကြီးဖြစ်ပြီး အဲဒီလိုအမှတ်သည်း ကြီးတာမျိုးကိုတော့ ကျွန်မ သိပ်မုန်းပါ၏။

“ဦးလေး တစ်ခုခုသောက်ပါလားဟင်၊ လက်ဖက်ရည် ပဲဖြစ်ဖြစ်၊ ကျွန်မ မှာလိုက်မယ်လေ”

“နေပါစေသမီးရယ်၊ အခုပဲ ထမင်းစားပြီးတာပါ။ ထည့် ဆုံတော့ပါဘူး”

“ဒါလေးပဲလား”

“အဲ. . . ”

စပြောပြန်တော့လည်း အစမရှိအဆုံးမရှိပြန်။ ကောင်တာပုံးထဲ ငုံ့ကြည့်ပြီးပြောတာမို့ ကျွန်မကိုပြောတဲ့စကားပေါ့လေ။ စကားလုံးက ရှားပါးပါပေ့။ မနက်တုန်းက လူကိုအော်ဟစ်ပြောခဲ့တာ သူမဟုတ်တဲ့ပုံစံမျိုးနဲ့လေ။

"ဟုတ်တယ်"

"စီးပွားရေးလုပ်တာကလည်း ကလေးကစားတာ ကျနေတာပဲ။ အဖြစ်မရှိ"

"ဘာ! အဲဒါ ရှင်နဲ့ဘာဆိုင်လို့လဲ"

"ဟ! ဟ! တိုးတိုးပြောပါ သမီးရဲ့။ တော်ကြာ ဆိုင်ထဲမှာ ရန်ဖြစ်နေတယ်လို့ ပတ်ဝန်းကျင်က ထင်သွားပါဦးမယ်"

"ဦးလေးလူ ပြောပုံကိုလည်း ကြည့်ဦးလေ"

ကျွန်မ အသံကျယ်ကျယ်ထွက်သွားတာမို့ ဦးဘမောင်က ကြားထဲမှ ပြေရာပြေကြောင်းပြောချေပြီ၊ လူကိုစပြောကတည်းက ခပ်နှိမ်နှိမ်အချိုးနဲ့ ဘယ်လောက်ခံပြင်းစရာကောင်းလိုက်ပါသလဲ။

"ကျွန်တော်က ဒီလိုပဲ ပြောလိုက်တာပါ။ ဘာကိုမှ မရည်ရွယ်ပါဘူး"

"ဘာကိုမရည်ရွယ်ရမှာလဲ၊ ရှင့်ပုံစံက လူကိုလှောင်ချင်





သလို ပြောင်ချင်သလိုနဲ့ နှိမ်နေပြီးတော့များ"

"ဘယ်မှာဟုတ်လို့လဲ"

"ရှင်နော်"

"အာ. . . ဦးလေးက မိတ်ဆွေဖြစ်ပါစေဆိုပြီး လာမိတ်ဆက်ပေးမိပါတယ်၊ ဘယ်လိုဖြစ်ပြီး ပြဿနာဖြစ်ရတာလဲ"

"ဦးလေး မိတ်မဆက်ခင်ကတည်းက သူနဲ့ကျွန်တော်သိပြီးသားဗျ"

"ဟော! တကယ်"

သူ့အပြောကြောင့် ဦးလေးကြီး အံ့သြသွားရသလို ကျွန်မပါ မျက်လုံးကျယ်သွားရပါ၏။ ဟင်. . . ဘာမှလည်းမဆိုင်ဘူး။ မနက်ကမှ ခဏတဖြုတ်လေး စကားများမိတာကို သူမှတ်မိနေတယ်ပေါ့လေ။ ကြည့်တော့ဖြင့် မသိသလိုပုံစံနဲ့ ဟန်ကလည်းဆောင်တတ်ပါ့။

"ဘယ်လိုသိကြတာလဲ"

"ရှင်နော်"

"ရော်! မင်းကတော့ အော်ပြန်ပြီ၊ ဒီလိုလေသံမျိုးနဲ့ ဈေးတော့ ရောင်းကောင်းတော့မှာပဲ"

"အဲဒါ ရှင့်အပူမပါပါဘူး"

"သိပါတယ်. . . သိပါတယ်"

"သိရင်လည်း ဆရာလာမလုပ်နဲ့ပေါ့"

ဦးလေးဦးဘမောင်က ကျွန်မတို့နှစ်ဦးကို ရင်းနှီးနေပုံရသဖြင့် စိတ်အေးသွားပုံဖြင့် ပြုံးနေလေ၏။ ဒီလူ အတော်ပါးနပ်တဲ့လူပါပဲလား။ စီးပွားဖက်ပြိုင်တဲ့လူကို ဘယ်လိုဆက်ဆံရမလဲဆိုတာကို သိနေသလိုပါလေ။ ကျွန်မက စိတ်ထဲမှာရှင်းပြီး ဘွင်းဘွင်းပြောတတ်တဲ့သူမို့ သူ့လို မလည်ဝယ်တဲ့ သူငယ်နှပ်စားလေး အရွယ်လို ဖြစ်နေရပါရောလား။

"မင်းကတော့လေ၊ စေတနာနဲ့ကို မတန်ဘူး"

"ဘာပြောတယ်၊ ရှင်က ကျွန်မအပေါ် ဘာများစေတနာထားလို့လဲ။ ကြီးကြီးကျယ်ကျယ်လျှောက်ပြောမနေစမ်းပါနဲ့"

"ဧော်! ဆိုင်ခံ့ပေါ် တင်ရောင်းချင်ရင် ငါ့ဆိုင်ကယူပြီး ရောင်းလို့ရတယ်မဟုတ်လား"

"မလိုပါဘူး။ ကျွန်မမှာ ကိုယ်ပိုင်အစွမ်းအစရှိပြီးသား။ သူများကိုမှီခိုပြီး သူများနှာခေါင်းပေါက်နဲ့ အသက်မရှူတတ်ဘူးရှင့်။ သိရဲ့လား"

"ကြိုက်တယ်"

"ဘာ!"





"သြော်. . . အဲဒီလို ကိုယ့်အားကိုယ်ကိုးတဲ့စိတ်ဓာတ်မျိုးကို ကြိုက်တယ်လို့ပြောလိုက်တာပါ။ အထင်မလွဲပါနဲ့"

ကြည့်စမ်း! ဘယ်က လိပ်များ လွတ်လာတာပါလိမ့်။ ကိုယ့်ဘက် ကိုယ်ယက်ပြီး ပြောနေတာများ။ စိတ်တိုလိုက်တာနော်။ ကျွန်မကပဲ သူ့အပြောကြောင့် မိန်းကလေးဖြစ်ပြီး တစ်ဖက်သတ် ရင်ခုန်သွားတယ်လို့များ ထင်လိုက်လေသလား။ စကားပြောပုံကိုက အနေှာင့်အသွားမလွတ်သလိုနဲ့လေ။

"ထမင်းကိုယ်တိုင်ချက်တာပေါ့လေ"

ဟော! စကားလမ်းကြောင်းက ရုတ်တရက်ကြီး လွှဲသွားပြန်ပါရောလား။ တကယ် ထမင်းဟင်းချက်ရတဲ့ဝါဝါက ဘာပြန်ပြောရမှန်းမသိဘဲ မျက်လုံးလေး ပေကလပ်ပေကလပ် လုပ်နေပုံကြောင့် သူက ရိုပ်မိသွားလေ၏။

"မင်းချက်တာလား ချာတိတ်"

"ဟုတ်ကဲ့ ဦး"

"ထင်သားပဲ"

ကြည့်စမ်း! လူကို သက်သက်မဲ့ ဒေါက်ဖြုတ်ပြန်ချေပြီ။ သိသားပဲ၊ စီးပွားရေးလုပ်တဲ့မိန်းကလေးက အိမ်မှုကိစ္စတွေ ဘာတွေညာတွေ ဝါသနာဘယ်ပါပါ့မလဲ။ နည်းနည်းပါးပါး နားလည်

ပေးသင့်တာပေါ့။

သူက လက်ကိုနောက်ပစ်လိုက်ပြီး ကျွန်မကို ငဲ့ကွက်ကြည့်လိုက်ပြန်လေ၏။

ကြည့်ပြန်ပြီ ဒီအကြည့်မျိုး။ ငါနော်. . . ကျောင်းတုန်းကစိတ်နဲ့ဆို ဒင်းကို စိတ်ရှိလက်ရှိလုပ်မိတော့မှာလေ။ လူကြီးရှေ့မှာမို့ စိတ်ကိုထိန်းနေရတာ မဟုတ်ပါလား။

"ပြောတော့ဖြင့် ကြီးကြီးကျယ်ကျယ်နဲ့၊ အပြောတခြားအလုပ်တခြားကိုများ"

"ရှင်နော်. . . စလာပြန်ပြီ"

သူက ကျွန်မကို ဒေါသဖြစ်အောင်ဆွပြီး ပြုံးစိစိလုပ်နေလေ၏။ မျက်စိရှေ့မှာ ချထားတဲ့စက္ကူဖိမန်တုံးနဲ့သာ ပိတ်ထုလိုက်ရ မကောင်းတော့ပါဘူး။ ကျွန်မဒေါသကြီးတာကိုများ ဒီလူ သိနေလို့များလား။ တမင်တကာပဲ လုပ်နေတာထင်ပါရဲ့။

ငါ့နှယ်နော်. . . ပထမဦးဆုံးရက်လေး စီးပွားစလုပ်မိပါတယ်။ အကုသိုလ်နဲ့မှ တည့်တည့်ကြီးတိုးရတယ်လို့။ နေရတာကလည်း အပေါ်ထပ်နဲ့အောက်ထပ်၊ ဆိုင်ဖွင့်ပြန်တော့လည်း မျက်စောင်းထိုးအခန်းရယ်လေ။ ဒါကြောင့်မို့ ဒင်း ကျွန်မကို မျက်စောင်းခဲပြီး ကြည့်တာများလား။





မေမေသာသိရင် ဘာပြောမည်မသိ။ ဖူးစာရှင်ရှာစေချင်တဲ့မေမေနဲ့ ကျွန်မအတွက် ဒီလူက တစ်စက်လေးမှ ကြည့်မရတဲ့ကိစ္စတွေဖြစ်နေရပြီကိုး။

ခက်ပါ့ နှင်းစက်ချို. . .

ရွှေပဒေသာစာပေ



# အခန်း (၁၁)

အိပ်ရာမှနိုးပြီး မျက်စိဖွင့်လိုက်စဉ် အရုဏ်ဦး အလင်းရောင်က ပြပြလေးနဲ့ မှုန်ဝါးဝါးလေးပါပဲ။ နောက်ဖေးခန်းထဲမှာ ဝါဝါတစ်ယောက် တတောက်တောက်လုပ်ပြီး ချက်ပြုတ်နေသံကို ကြားနေရလေ၏။ မချက်တတ်ဘူးပေါ့လေဆိုပြီး အထင်တသေးနဲ့ကြည့်တဲ့အကြည့်က အာရုံထဲမှာ ဖျတ်ခနဲပေါ်လာလေသည်။

"တောက်!"

စောစောစီးစီး ဘာကြောင့်များ ဒင်းကို သတိရသွားတာပါလိမ့်။ ဒေါသထွက်လိုက်တာနော်။ ကိုယ့်ဘာသာကိုယ် ချက်တတ်မချက်တတ် သူ့အပူလားလို့။ ဘာမဆို ကျွန်မတို့လို မိန်းမ

သားမျိုးတွေအားလုံးကို ဒီလိုပဲ အထင်သေးအမြင်သေးတတ်တာ သူ့ဝသီပဲထင်ပါရဲ့။ အလကား အတ္တသမားကြီး။

"ဟင်း. . ."

မနက်စောစောစီးစီး သက်ပြင်းရှိုက်ရတာ သိပ်တော့ မဖိုက်ပါဘူး။ ကုတင်ထက်မှ ခြေထောက်ချလိုက်စဉ် Phone ထဲ Message ဝင်သံ 'ကလုံ'ခနဲ ကြားလိုက်ရလေ၏။ ဘယ်သူများ ပို့တာလဲ။ မေမေကတော့ Phone ပဲဆက်ပြီး Message မပို့တတ်ပါလေ။

Mi Cho!

Good morning. Are you wake up?

အမယ်! စာရေးဆရာမက စောစောစီးစီးနိုးပြီး Phone နဲ့ စာတွေဘာတွေပို့လို့ပါလား။ မိမောင်က ညညဆို (၂)နာရီ လောက်ထိ စာရေးလေ့ရှိပြီး မနက်စောစော ထလေ့မရှိပါ။ ညဘက်က ပတ်ဝန်းကျင်တိတ်ဆိတ် ငြိမ်သက်မှုရှိပြီး ရှာနဝင်စားက Feel အပြည့်နဲ့ စာရေးနိုင်တာတဲ့။ မနက်ဆို (၈)နာရီခွဲ (၉) နာရီလောက်မှထတဲ့မမက အခုလို (၆)နာရီကြီး နိုးနေပြီလား။





Yes! R U finished your breakfast?

Just finished. I ate Tea and Ei kya kwe.

Are you?

ကျွန်မ တဟားဟားရယ်လိုက်မိပါ၏။ မနက်စာ အစော ကြီး လက်ဖက်ရည်နဲ့ အီကြာကွေးစားပြီးပြီဆိုပဲ။ ဒီမိန်းမကတော့ သူ့အကြိုက်နဲ့သူ ဗိုက်ပြည့်နေပါရောလား။ ဗိုက်ဆိုမှ ဝမ်းခေါင်း ထဲက ဆာလာသလိုနှယ်ပါ။ ဝါဝါကတော့ ညနေစာကို အနည်း ယ်ပို့ချက်ပြီး မနက်ကို အဆာပြေ ထမင်းကြမ်းစားပြီးလောက် ြီး ကျွန်မကသာ Weight တက်မှာစိုးပြီး ထမင်းကို နှစ်နပ်ထက် မစားမိအောင် ဆင်ခြင်နေရတာလေ။ ဩော်. . . ပိန်ချင်တော့ ည်း တစ်ဒုက္ခပါပဲလား။

No. See you, Mi Mg.

OK! Mi Cho.

Phone screan ကို OFF လုပ်လိုက်ပြီး မတ်တပ်ရ
ကာ အကြောဆန့်လိုက်ပါ၏။ ညနေဘက် သီးသန့်လမ်းမလျှော
ဖြစ်တော့ပေမယ့် ဆိုင်ကို အသွားအပြန်လမ်းလျှောက်တာမို့ လေ့
ကျင့်ခန်းတော့ ဖြစ်လောက်ပါရဲ့။ အင်း. . . ဟိုလူမနိုးခင် ပန်း
တွေ ရေလောင်းလိုက်မှပါပဲ။

"မမ. . . နိုးပြီလား"

"အေး . . . နေ့လယ် အိမ်မှာနေရတာပျင်းရင် မမ
အတူ ဆိုင်မှာလာနေလေ။ မနက်ကတည်းက လုပ်စရာရှိတာ
အပြီးလုပ်ခဲ့ပေါ့"

"ဟုတ်ကဲ့"

မျက်နှာကို အရင်မသစ်သေးဘဲ နောက်ဖေးဝရံတာ
ထွက်ကာ ရေပန်းကရားထဲ ရေဖြည့်လိုက်ပါ၏။ သစ်ခွပင်
တွေကို ရေစလောင်းစဉ် အောက်ထပ်သို့ အသာငုံ့ကြည့်လိုက်
ပါသည်။ တော်သေးတာပေါ့။ ဘယ်သူမှမနိုးသေးဘူးလေ။

"ဟော"

အကြည့်က တိုက်ဘေးလမ်းမှ အားကစားဝတ်စုံ
ပြန်လာသည့် လူတစ်ယောက်ကို မြင်သွားရပါ၏။ ဘယ်သူ
အလို! ဟိုလူပါပဲလား။ စောစောစီးစီးထပြီး ပြေးတာလား။ လ





လျှောက်တာလား။ တစ်ခုခုဖြစ်မှာပါပဲ။

ဘယ်ဆိုးလို့လဲ။ ကိုယ့်ကျန်းမာရေးကိုတော့ ဂရုစိုက်
တတ်သားပါပဲလား။ နေဦး. . . အိမ်မှာသောက်ဖို့ နွားနို့ပို့ခိုင်းထား
တာ အဲဒီချာတိတ်က မနက်ငါးနာရီလောက်ကတည်းက လိုက်
ပို့လေ့ရှိတာမို့ ကျွန်မတို့တိုက်ကို ခြောက်နာရီလောက်ဆို ရောက်
ပြီလေ။

ဝါဝါက ကျွန်မအမိန့်မရဘဲ တိုက်ခန်းအပြင်တံခါးမဖွင့်
ရတာမို့ ဒီတာဝန်ကို ကျွန်မကပဲ ယူထားပါ၏။ မေမေပြောထား
တာမို့ အဲဒီနို့ကို မသောက်ချင်ပါဘဲ မနက်တစ်ခွက် ညတစ်ခွက်
သောက်နေရတာပါလေ။

"တင်းတောင်!"

ဟော! ပြောရင်းဆိုရင်း လာပို့ပြီထင်ပါရဲ့။ ရေလောင်း
တာကို အပြီးသတ်လိုက်ပြီး ရေပန်းကရားကို ချထားလိုက်ပါ၏။
စိုနေသည့်လက်ကို တစ်ချက်နှစ်ချက်ခါလိုက်ပြီး မီးဖိုခန်းမှ
ထွက်ကာ ဧည့်ခန်းသို့ထွက်လိုက်ပါသည်။ တံခါးနားရောက်စဉ်
Bell သံက ထွက်လာပြန်လေ၏။

"တင်းတောင်!"

"လာပြီ . . . လာပြီ"

နှုတ်မှအသံပေးကာ တံခါး Lock ချထားတာကို ဖွင့်လိုက်ပါ၏။ သံဘာဂျာတံခါးအပြင်မှာ ရပ်နေသူကို မြင်လိုက်ရ စဉ် တအံ့တသြဖြင့် အာမေဋိတ်သံ ထွက်သွားရလေသည်။

"အာ. . ."

အံ့သြပေမပေါ့။ နှံ့ပုလင်းလာပို့သည့်လူက ချာတိတ်လေး မဟုတ်ဘဲ ကျွန်မကြည့်မရတဲ့လူဖြစ်နေတာလေ။ ဘယ်လိုဖြစ်ပြီး ဒီလူက ကျွန်မမှာထားတဲ့နွားနို့ပုလင်းကို ယူလာရတာပါလိမ့်။

"ဟာ. . . ခုထိ မျက်နှာတောင် မသစ်ရသေးဘူးလား ညစ်ပတ်လိုက်တာ"

"ဘာရှင့်"

"ဒီအရွယ်ကြီးရောက်နေတာတောင် ဒါကိုသောက်နေ ရတုန်းလား။ အားပြတ်သွားဦးမယ်၊ သတိထားဦး"

"ရှင်နော်! ရှင်၊ စောစောစီးစီး ပြဿနာလာရှာပြန်ပြီ"

"ဟ! မင်းမှာထားလို့ ဒါကို လမ်းကြုံယူလာပေးတာ ကျေးဇူးတင်ရမှာပေါ့"

"ရှင့်ကို ဘယ်သူက ကူညီခိုင်းလို့လဲ"

"ချာတိတ်လေးကို သနားလို့ ကူညီတာပေါ့ကွ။ ခု (၁၂)အရွယ်လေးနဲ့ တစ်တိုက်ဝင်တစ်တိုက်ထွက် အထပ်ပေါ်





တက်နေရတာကို။ ကိုယ်ချင်းစာစိတ်မရှိဘူးလား။ ဒါလား မိန်း ကလေး"

"ဘာ!"

ကျွန်မ အတော်လေး ဒေါသထွက်လာရပါ၏။ ကြည့် စမ်း! လူကို အိမ်တိုင်ရာရောက်လာပြီး စော်ကားမော်ကားပြော တယ်လို့၊ ဒင်းမှာ အလုပ်ရှုပ်နေလို့လား။ အချိန်တော်တော်များ နေလို့ လူကို အခုလိုလာပြီး ရန်စနေရတယ်လို့။

"မယူဘူးလား"

ပုလင်းကို လက်ကမ်းပေးလိုက်တာမို့ ပုလင်းကိုယ်ထည် ကို ကိုင်လိုက်ပေမယ့် သူက ပုလင်းလည်ပင်းနေရာကို ဆုပ်ကိုင် ထားရင်း လွှတ်မပေးပါချေ။ ကျွန်မ အားနှင့်ဆွဲတော့လည်း တင်း တင်းကျပ်ကျပ်ကြီး ဆက်ကိုင်ထားပြန်လေ၏။ ဘယ်လိုလူပါလဲ။

"မနက်အစောကြီးဆို ကိုယ်စောင့်နတ်တွေ မိုးပေါ်မှာ တက်သဘင်အစည်းအဝေးသွားတက်လေ့ရှိတာကို ငယ်ငယ်လေး ကတည်းက မသိခဲ့ဘူးလား"

"သိတယ်. . . သိတယ်၊ ရှင် ဆရာလုပ်စရာမလိုပါဘူး"

"သိတယ်ဆိုပြီး ဒီလိုညစ်ပတ်နေရလား။ မိန်းကလေး ဖြစ်ပြီး အနံ့အသက်ထွက်အောင် ပျင်းရတယ်လို့"

''ဘာ! ရှင်နော်. . . အဲဒီလိုပြောချင်ရင် ရှင့်ဟာမလေးကို သွားပြော။ ကျွန်မကို လာမပြောနဲ့။ ဘာမဆိုင်ညာမဆိုင်နဲ့ နေရာတကာ ပါကိုပါလွန်းတယ်။ Trouble man! ''

''ရှိုင်းရှိုင်းစိုင်းစိုင်းပြောပြန်ပြီလား။ သေချာပါတယ်၊ မင်းရဲ့ကိုယ်စောင့်နတ်ကတော့ မင်းကိုယ်ပေါ်မကပ်ဘဲ ပြေးတော့မှာ''

''ရှင် . . . ရှင်''

''ရော့! ရော့! Bad morning! သွားပြီ''

''တောက်!''

အောက်နှုတ်ခမ်းကို သွားဖြင့်ကိုက်လိုက်ပါ၏။ သူက ကျွန်မကို ခပ်မဲ့မဲ့ပြုံးပြပြီး ကျောခိုင်းထွက်သွားပြီကိုး။ အခုနေ လက်ထဲမှာသာ အုတ်ခဲကျိုးတစ်ပိုင်းလောက်သာ ရှိကြည့်ပါလား။ ခင်းခေါင်းကို လှမ်းပစ်လိုက်ရင် သွေးထွက်မထွက် ဆယ်လေးတစ်လေး လောင်းလိုက်ချင်ပါရဲ့။

စိတ်လျှော့ စိတ်လျှော့ မိချို။ အင်္ဂလိပ်အလုံးလိုက် အထည်လိုက် ဝင်လာတာကိုမှ သည်းမခံနိုင်ရင် ဒီဘဝမှာ အသက်တိုဖို့ပဲရှိတော့မှာလေ။ လောကဓံရှစ်ပါးဆိုတာကို ငယ်စဉ်ကတည်းက မေမေသင်ပေးထားတာ သိပေမယ့် ပုထုဇဉ်မို့ အရွယ်လတ်ပိုင်းဖြစ်ပေမယ့် ဒေါသက မနည်းထိန်းနေရတာမဟုတ်ပါလား။





''မမ''

''ဘာလဲ''

''ဒီနေ့ ဘာဝတ်သွားမှာလဲဟင်၊ သမီး မီးပူတိုက်ပေးမလို့''

''အဲ. . .''

ဝါဝါသတိပေးလိုက်မှပဲ ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်လိုက် ...။ အလိုလေး! ညဝတ်အင်္ကျီအပါးလေးဝတ်လျက်နဲ့မှ ခင်းကို ...က်နှာချင်းဆိုင်တွေ့မိရတယ်လို့။ သေစမ်း ! ဒါကြောင့်လည်း ...င်း ဒီလိုပြောတာနေမှာ။ နဂိုကတည်းက လူကိုအထင်သေးနေ ...တယ်ဆိုမှ သတိမထားမိရတယ်လို့။

ရှက်ရမှာထက် ခင်းကို ပိုပြီးဒေါသထွက်နေမိပါသည်။ ...တယ်ဆို ဟိုကလေးသာ လာပို့ပေးရင် ဒီလိုဖြစ်စရာအကြောင်း ...ဘာလေ။ ခင်းကိုက စပ်စပ်ယှက်ယှက်နဲ့ ယူလာတာ။ မျက် ...မဆုံချင်ပါဘူးဆိုနေမှ မနက်စောစောစီးစီး တမင်လာကြည့် ...ာပေါ့လေ။

''တွေ့ဦးမယ်''

''ဟင် . . . ဘာကိုလဲ မမ''

''ဩော် . . . နင့်ကိုပြောတာမဟုတ်ပါဘူး။ မနေ့က ငါ ...ယ်လာတဲ့ ဖန်ပန်းအိုးအစိမ်းလေး ဆေးထားပြီးပြီလား''

"ပြီးပါပြီမမရဲ့၊ မမယူသွားလို့ရအောင် ရေသုတ်ပြီး စာရွက်နဲ့ထုပ်ထားပါတယ်"

"အေးအေး . . . ပြီးရော"

ဈေးအရောင်းအဝယ်ကောင်းချင်ရင် ပန်းအိုးအစိမ်းနဲ့ နှင်းဆီအနီရောင် ထိုးရတယ်တဲ့။ ကြားဖူးနားဝရှိသမျှ တတ်သလောက် မှတ်သလောက် လိုက်လုပ်ရမှာပါပဲ။ ဒါမှလည်း ကျွန်မဆိုင် ဈေးရောင်းကောင်းမှာလေ။

အိမ်မှာ ကောင်မလေးရှိနေပြီမို့ မေမေတစ်ယောက်တော့ ကျွန်မကို စိတ်ချလက်ချနဲ့ Phone တောင် မဆက်တော့ပါလား။ ဒါမှမဟုတ် ကျွန်မအတွက် ပေးစားချင်တဲ့ သတို့သားလောင်း မိသားစုတွေနဲ့ပဲ ဆက်သွယ်လုံးပန်းနေလို့များလား။ ရင်မောပါဘိ။



# အခန်း (၁၂)

လေယာဉ်ကားထစ်တို့ကို သွက်သွက်လေး ပြေးဆင်းခဲ့ပါ၏။ လက်မှနာရီက မနက်(၈)နာရီကျော်နေပြီမို့ နောက်ကျနေပြီလေ။ မနက်စောစောနိုးပေမယ့် ဆိုင်ထွက်ရတာ နောက်ကျလို့ ဘယ်ရပါ့မလဲ။

ရှေ့မှလှေကားကို အပြေးဆင်းသွားသည့်သူမကို သူမြင်နေရပါသည်။ ခြေတော့ ချော်ကျတော့မှာပဲ။ မကြီးမငယ်နဲ့ လှေကားထစ်တွေကို ပြေးဆင်းစရာလား။ လက်မှာပတ်ထားသည့် နာရီကိုလည်း ကြည့်နေသေးတာလေ။ တကယ့်ကို ပျာယာခတ်တဲ့မိန်းကလေးပါပဲလား။

'မိန်းမတစ်ယောက်ရဲ့အလှဆုံးအချိန်က မနက်စောစော

မျက်နှာမသစ်ရသေးမီအချိန်' တဲ့။ ဒါက လူလွတ်ကိုပေါ့လေ။ အိမ်ထောင်သည်မိန်းမတွေအဖို့ကတော့ 'ကိုယ်ဝန်ဆောင်စအချိန်မှာ မျက်နှာလေးပြည့်ပြီး အင်မတန်ကျက်သရေရှိတာ' တဲ့။ မေမေ ပြောဖူးလို့ သူသိထားတာပါ။

အခု ဒီမိန်းကလေးလည်း လှတာပါပဲ။ ဘာကိုမှ မပြင်မဆင်ဘဲ ခပ်ယဉ်ယဉ်လှတာမျိုးပါ။ သူများတကာ မိန်းကလေးငတွေရဲ့ ဆေးဆိုးပန်းရိုက်မျက်နှာမျိုး။ မျက်တောင်အတုတွေ၊ နှုတ်ခမ်းဆိုးဆေးတောက်တောက်တွေ၊ အတိုအပြတ်အခွဲ မပေါ်တပေါ်တွေ မဝတ်တတ်တာဘဲ တော်ပါသေးရဲ့။

အရွယ်အပိုင်းအခြားကြောင့်လည်း ပါမည်ထင်ပါရဲ့လေ။ Blouse နဲ့လုံချည်ကို သိပ်မတိုမရှည်ဘဲ ဝတ်လေ့ရှိတာပါ။ အလုပ်များသူမို့ပဲထင့်၊ ဆံပင်ကို တိုတိုညှပ်ပေမယ့် မျက်နှာက သိပ်မနုတာမို့ အသက်ကိုခန့်မှန်းမိတာပါ။

ခက်တာက ထစ်ခနဲရှိ လူကိုအော်ပြောတဲ့အကျင့်ပါပဲ။ ရန်ကလည်း စောင်တတ်သေး။ စွာကလည်းစွာသေး၊ တကယ့်ကို ဆတ်ဆတ်ကျဲမိန်းကလေးပါပဲ။ အဲဒီအကျင့်လေးကိုသာ ဖျောက်ပစ်နိုင်ရင် 'နှင်းစက်ချို' ဆိုတာ နာမည်နဲ့လိုက်ဖက်အောင်ကို နှုတ်ချိုပြီး ချစ်စရာအရမ်းကိုကောင်းသွားမှာလေ။





ဘုရားရေ! ဘယ်လိုဖြစ်ပြီး ဒီ 'ချစ်စရာ' ဆိုတဲ့စကားလုံးမျိုးကို သူတွေးမိသွားရတာပါလိမ့်။ သူ့အပေါ် အမြင်မကြည်လင်ဘဲ ရန်စွယ်ငေါငေါနဲ့ အော်တတ်တဲ့ကောင်မလေးကိုမှ ဤသို့တွေးမိရတယ်လို့။ ထူးပါ့ 'မြတ်ဘုန်းခေါင်'

အတွေးဖြင့် ပြုံးလိုက်မိစဉ် ရှေ့မှာလျှောက်နေသည့် ကောင်မလေးထံမှ အသံတစ်ချက်ထွက်လာလေ၏။ မရှုပ်ပြာက တော့ ဖြစ်ပြန်ချေပြီ။

'အ! အားလားလား . . . နာလိုက်တာ''

''ပြောတယ်မဟုတ်လား။ ဒီနေ့ ဗုဒ္ဓဟူးနေ့မို့ ပိုသတိထားရမှာပေါ့ အမိရဲ့''

စူးခနဲမျက်ဝန်းက သူ့ထံရောက်လာတော့၏။ အဲဒါပဲ၊ သူသဘောအကျဆုံးက အဲဒီဒေါသထွက်ပြီး လက်ခနဲတောက်ပသွားတဲ့ မျက်ဝန်းနက်လေးတွေပါ။ သူ့ကိုမြင်ရင် ရက်သလို ရွံ့သလိုနဲ့ ပဲပေးပြီး မျက်လုံးက ကြာပစ်ပြီး ကြည့်တတ်လေ့ရှိတဲ့ မိန်းမများစွာနဲ့ ဆန့်ကျင်ပြီး၊ မလိုလား မနှစ်မြို့တဲ့အကြည့်စိမ်းစိမ်းနဲ့ ကြည့်တတ်တဲ့မိန်းကလေး တစ်ဦးတည်းသာပါလေ။

''ဘာဖြစ်သွားသေးလဲ''

''ဘာဖြစ်ဖြစ်''

"ဪ. . . အကောင်းနဲ့လည်း မေးရသေးတယ်။ လူကို မြင်တာနဲ့ ရန်စောင်တာက အရင်ပဲ"

"ကောင်းကောင်းဆိုးဆိုး ရှင့်အပူမှမဟုတ်တာ"

"မှန်း. . . ဟာ! ခြေမကွဲသွားတာပဲ။ သွေးတွေ အများကြီးထွက်လာပြီ။ ကြည့်စမ်း"

"ရှင်နော်"

ပြဿနာပါပဲ။ ကျွန်မက သွေးမြင်ရင် လန့်တတ်ပြီး ခေါင်းထဲမှာ တရိပ်ရိပ်မူးကျင့်ရှိတာလေ။ နေစထွက်ခါစအချိန်မှာမှ ဒီခြေထောက်က ခဲလုံးကိုမမြင်ဘဲ ခလုတ်တိုက်ရတယ်လို့။ သိပ်မကြာသေးခင်ကပဲ သူ့ခေါင်းကို ခဲနဲ့ထုဖို့ စိတ်က ရည်ရွယ်ခဲ့မိသေးတာလေ။

ဘုရားရေ! သူတော်ကောင်းကို ပစ်မှားမိလို့များလား။ မဟုတ်သေးပါဘူး။ ဒီလူက သူတော်ကောင်းမှမဟုတ်တာဘဲ။ သူတော်ကောင်းမှန်ရင် နှုတ်က သူတစ်ပါးကို စိတ်ချမ်းသာစေမယ့် စကားမျိုးပဲ ပြောတတ်လေ့ရှိတာပါ။ မြင်ရင်လည်း ကြည်တဲ့အမြင်မျိုးနဲ့ပဲ အကောင်းရှုကွက်သာမြင်လေ့ရှိတာလေ။

ဒင်းကဖြင့် ကျွန်မကိုမြင်တာနဲ့ စိတ်ကိုနောက်ကျိစေပြီး ဒေါသတွေ ဆူပွက်ထလာအောင် ပြောတော့တာ မဟုတ်ပါလား။





အခုလည်းကြည့်၊ ဘယ်အချိန်က နောက်မှပါလာသည်မသိ၊ နားထဲမှာ မိမောင်သတိပေးထားတဲ့အသံကို ကြားလိုက်သည်နှယ်။ 'နှင့်အိုးက တောင့်တော့ သတိထား'တဲ့။ အမယ်လေး! ကြက်သီးထလိုက်တာနော်။

"မဟုတ်လို့လား။ မြင်နေလို့ ပြောတာကို"

"မပြောနဲ့"

"ကူပေးမယ်လေ"

"မလိုပါဘူး"

"အားပါး! ဆက်ဆံရေးကလည်း ပြာပြာဝါဝါ ရောသမမွှေထားသလိုပဲ"

"ဘာ"

"လာပါ၊ ဒီအတိုင်း လမ်းလျှောက်လို့ ဘယ်ရပါတော့မလဲ။ Taxi ဖြစ်ဖြစ် ဆိုက်ကားဖြစ်ဖြစ် စီးရမှာပေါ့။ ဒီအချိန်ကြီးဆေးခန်းတွေလည်း ဖွင့်ဦးမှာမဟုတ်ဘူး"

"အို! ဘာလုပ်တာလဲ"

ပိုင်စိုးပိုင်နင်းဖြင့် ကျွန်မလက်မောင်းကို ဆုပ်ကိုင် ဆွဲခေါ်လိုက်တာမို့ လန့်ဖျတ်သွားရပါ၏။ ရှန်းလိုက်ပေမယ့် ခြေထောက်က တအားနာနေတာမို့ အားကမရှိ။ ငါနော်၊ ဒင်းလက်

ထဲမှာ တရားခံဖမ်းနည်းမျိုးနဲ့ အခေါ်ခံရတယ်လို့။

"ငြိမ်ငြိမ်နေလေ"

"ရှင့်လက်ကြီးကို လွှတ်စမ်းပါ"

"လမ်းကို ခနော်နီခနော်နဲ့ လျှောက်လို့ ဘယ်ရပ့ါမလဲ။ လဲကျမှာစိုးလို့လည်း ကူရသေးတယ်၊ ဘာလဲ . . . အသားယူတယ်များ ထင်နေလား"

မျက်နှာတည်တည်ဖြင့် သူပောက်လိုက်တာမို့ သူမမျက်နှာ အီလည်လည်လေးဖြင့် ငြိမ်သွားလေ၏။ ဒီလိုပဲဖြစ်ရမှာပါလေ။ အကြီးပြောရင် အငယ်က နာခံရမှာမဟုတ်လား။ Taxi ပေါ်တက်စဉ်အထိ သူမလက်မောင်းကို မလွှတ်ဘဲ ကိုင်ထားမိတာ အချိန်တော်တော်ကြာသွားလေ၏။

"အရမ်းနာနေလား"

"နာတာပေ့ါ၊ ရှင်မို့ မစာမနာမေးရက်တယ်"

"ဒါဆိုလည်း လမ်းကိုကြည့်လျှောက်ပေ့ါ"

"ဩော . . . ကြည့်မလျှောက်လို့ ကျွန်မက မျက်စိမှိတ်ပြီး လျှောက်နေလို့လား။ ပြောပုံကိုက"

"မျက်စိပါရင် ဒီခလုတ်ကို တိုက်မိစရာမှမရှိဘဲ။ ဘယ်သွားကြည့်နေလဲမှမသိတာ"





"ရှင်နော်"

"ဈေးပဲနော်"

"ဩော် . . . ဟုတ်တယ်၊ ရွှေနားကဆိုင်ရှေ့မှာ ရပ်ပေးပါ"

Taxi သမားက သက်နိုးဆိုင်ရှေ့မှာ ရပ်ပေးလိုက်တာမို့ ကားခရှင်းကာ ဆင်းလိုက်ပါ၏။ ဈေးရောင်းမယ့်လူက မျက်နှာကို ပြုံးပြုံးရွှင်ရွှင်မထားဘဲ အမြဲတစေ စူပုပ်နေရတယ်လို့။ မိန်းကလေးဆိုတာ နူတ်ချိုရမှာမဟုတ်လား။ သူကအပြောရင့်တယ်ဆိုပေမယ့် သူ့နေရာသူ သူ့အဆင့်နဲ့သူ လူတန်းစားမရွေးကြီးငယ်မရွေး အဆင်ပြေအောင် ပြောတတ်တဲ့သူပါ။

ပန်းထိမ်ဆိုင်တစ်ခုနဲ့ အရောင်းဆိုင်သုံးဆိုင် ပိုင်ဆိုင်ထားတာမို့ ဝင်ငွေက ဒလဟောနဲ့ လစဉ်နေ့စဉ် နာရီနဲ့အမျှ ရနေတာမဟုတ်လား။ ဆိုင်တိုင်းမှာ အရောင်းစာရေးမလေးတွေနဲ့ မန်နေဂျာတစ်ဦးစီ ခန့်ထားတာမို့ သူကိုယ်တိုင်တောင် သွားစရာမလို။ သို့သော် ပန်းထိမ်မှာ ရွှေတိုရွှေစကာအစ လေလွင့်မဆုံးရှုံးစေချင်တာမို့ ပင်ရင်းဆိုင်မှာတော့ နေ့တိုင်းလိုလို ထိုင်ဖြစ်ပါ၏။

အဲဒီပင်ရင်းမှာထိုင်ရင်း နေ့စဉ် သုံးကြိမ်(မနက် နေ့လယ် ညနေ)မှာ ဒေါ်လာဈေးနှင့် အခေါက်ရွှေဈေးနှုန်းကို Phone

နားထောင်ရပါသည်။ ဝန်ထမ်းတွေကိုခိုင်းလို့ရပေမယ့် အအားမနေတတ်သူမို့ ဒီတာဝန်ကို သူပင်ယူဖြစ်တာပါ။ တစ်နေ့ တစ်နေ့ ပျင်းရိစရာကောင်းသလိုဖြစ်နေရင် ဆိုင်ထဲမှဆိုင်ပြင် ဆိုင်ရှေ့အထိ လမ်းလျှောက်ရင်း အညောင်းဖြေကျင့်ရှိလေ၏။

အခုတော့ ဒီလို သူထွက်လျှောက်တိုင်း မျက်စိရှေ့မှာ သူမကိုပဲ နေ့စဉ်မြင်နေရတာမဟုတ်ပါလား။ စကားပြောရင် အမြဲ အဲမောက်တည့်အောင် မပြောတတ်သလို လူကို ရန်လိုနေတာကလည်း၊ တစ်ဖက်သတ်ကြီးမို့ ဤကလေးမဆိုင် ဈေးရောင်းမကောင်းဖြစ်နေတာဟု သူယူဆမိပါသည်။

"ရေခဲပြီး ဆေးထည့် ပတ်တီးစည်းနော်"

သူသတိပေးလိုက်ပေမယ့် လူကို တစ်ချက်မျှတောင် လှည့်မကြည့်ဘဲ ဆိုင်ထဲသို့ ဘောက်ဆတ်ဘောက်ဆတ်ဟန်ဖြင့် ဝင်သွားလေ၏။ ရော်! စေတနာနဲ့ကို မတန်တဲ့မိန်းကလေးပါပဲလား။ နောက်ဆုံးတော့ သူပဲ မနေနိုင်တဲ့သူမို့ အရက်ပျံတစ်ဘူး ဆေးနီလေး တစ်ဘူး။ ဂွမ်းတစ်ထုပ်၊ ပတ်တီးအသေးတစ်လိပ် ဝယ်ကာ ဆိုင်ကူးခဲ့ပါသည်။

အမယ်! ဆိုင်ခုံပေါ်မှာ (ဘယ်သူက အကြံပြုသည်မသိ) ဖန်ပန်းအိုးအစိမ်းထဲ နှင်းဆီနီကိုထည့်ထိုးထားပါရောလား။ ခြေ





ထောက်အနာကို အရင်ဆုံးဆေးမထည့်ဘဲ ဈေးရောင်းဖို့ကိုပဲ လုပ်နေတာကို။ ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်တတ်ပါလား နှင်းစက်ချီး

"ဟင်! ဘာလာလုပ်ပြန်ပြီလဲ"

"လိုအပ်တာ လာပို့ပေးတာလေ"

"အို . . . ရှုပ်ရှုပ်ယှက်ယှက်နဲ့၊ မလိုပါဘူးလို့ပြောထားတယ်မဟုတ်လား"

'ဘယ်လိုပြောလိုက်တာလဲ ချိုရာ၊ မင်းအနာကို ပိုးသေအောင် ဆေးမထည့်ရင် မတော် မေးခိုင်ပိုးဝင်သွားတော့ ဘယ်လိုလုပ်မလဲ"

ကြည့်စမ်း! လူကို လာဖြဲခြောက်နေပြန်ပါပြီ။ နဂိုတည်းက သွေးမြင်ရင် လန့်ပြီးမူးတတ်ပါတယ်ဆိုနေမှပဲ။ သူများ ဈေးဆိုင်စဖွင့်ပါမယ်ဆို လာရှုပ်နေပြန်ပြီလေ။

"ဟောကြည့်! ဒီလောက်ပြောနေတာတောင်မှ မလှုပ်ဘူးလား။ တော်ကြာ အပ်နဲ့ထွင်းရမယ့်အနာက ပေါက်ဆိန်နဲ့ ပေါက်ရမယ်နော်"

"ရှင်နော် . . . ပြောရင်းနဲ့ ကမ်းတက်မလာနဲ့"

"ရော် . . . ကိုယ်ပြောတာများ မှားနေလို့လား။ ပြော

ပါဦး ချိုရဲ့''

တွေ့လား . . . ဒီလောက်ကြီးလည်း မရင်းနှီးပါဘဲ

ကို 'ချို'တဲ့လေ။ သူ့ကို ဘယ်သူကများ ဒီလိုခေါ်ခွင့်ပြုထား

လဲ။ အမြင်ကပ်လိုက်တာနော်။

''ကျွန်မဘာသာ ဘာဖြစ်ဖြစ်၊ ရှင်ပူစရာမှမလိုတာ။ အ

သာကြီး''

''ဪ . . . ဒါကတော့ ကိုယ့်မျက်စိရှေ့မှာ ဒီလို

ဖြစ်သွားတာဆိုတော့ ဘယ်သူက နေနိုင်ပါ့မလဲ။ စေတနာနဲ့

ညီရင် အသိအမှတ်ပြုသင့်တာပေါ့''

''မလိုပါဘူးလို့ ဆိုနေမှ''

''ဒါဖြင့် ဆေးခန်းသွားမလား''

''အို . . . ပြောပြန်ပြီ၊ ဒီဆေးခန်း''

''ဘာလဲ၊ ဒီအရွယ်ထိ ဆေးရုံဆေးခန်းကြောက်တု

လား ချိုရဲ့''

သူက သဘောကျသလို ခပ်တိုးတိုးရယ်လိုက်တာ

ကျွန်မ အံ့သြသွားရပါ၏။ ကြည့်စမ်း! ဒီလိုဆိုတော့လည်း အ

ခပ်တည်တည် မှုန်ကုပ်ကုပ်နေတတ်တဲ့မျက်နှာက အကြော

ပြေလျော့သွားရပြီး ကြည့်ကောင်းသွားတာပါလေ။ ဘုရား





ကျွန်မတော့ သူစိမ်းတစ်ယောက်ကို ဘာတွေတွေးမိနေတာပါလိမ့်၊

''ဘာလဲ၊ ခန့်စည်သူနဲ့တူလို့လား''

''လဲသေလိုက်''

မျက်စောင်းကို ဒိုင်းခနဲခဲလိုက်လေ၏။ သူကိုယ်တိုင်

လုပ်ပေးမယ်ပြင်နေတာကို အတင်းမရမကတားပြီး ကိုယ့်ဘာသာ

ကိုယ်လုပ်ပါမည်ဟု ပြောလိုက်ရပါ၏။ စေတနာတဲ့လား။ အမြ

ဲလို လူကိုရန်စပြီး စကားများအောင် အစပျိုးလေ့ရှိတဲ့လူက

ကျွန်မအပေါ် စေတနာထားသတဲ့။

မေမေသာသိရင် မျက်နှံးပင့်ကြည့်တော့မှာ အသေအချာ

ပဲ။ ယောကျ်ားတွေနဲ့ မပတ်သက်ချင်ပါဘူးဆိုနေမှ ဒင်းကတစ်

မျှာင့်လေ။ ထားပါတော့၊ အိမ်နီးချင်း ဆိုင်နီးချင်းမို့ ကူညီတာ

ကို လူမှုရေးအရ အားနာပါးနာနဲ့ အသိအမှတ်ပြုရတော့မှာပေါ့။

ကျေးဇူးပါ 'ကိုမြတ်ဘုန်းခေါင်'



## အခန်း (၁၉)

''ဟယ်! ကျားသားမိုးကြိုး။ ဒီနေ့တော့ ငါထိထိုးရတော့
...။ ဝမ်းသာလိုက်တာ မိမောင်ရယ်''

သူငယ်ချင်းကို ဆိုင်ရှေ့မှာ လာရပ်တာမြင်လိုက်ရ၍
...သာအားရဖြင့် အသံကျယ်သွားရပါ၏။ အိမ်ထဲ အမြဲအောင်း
...သည့်မမက နဂါးခေါင်းလှည့်တဲ့ဘက် လမ်းထွက်လာတာကို
...က်ဆွဲခေါ်ကာ ဆိုင်ထဲဝင်ထိုင်နိုင်းလိုက်ပါ၏။

''တစ်ယောက်တည်းလား''

''အေး''

''နှင့်မောင်ရော''

''အဲဒီကောင်အကြောင်း ပြောမနေပါနဲ့တော့ မိချိုရယ်။

အစ်မ သွားစရာရှိပါတယ်လို့ပြောထားတာ မနက်ကတည်းက ဘယ် သဝေထိုးသွားမှန်းကိုမသိဘူး။ စောင့်ရတာလောက် ငါ စိတ်မရှည်တာ နင်သိသားနဲ့"

"ဘာစား ပဲ၊ တစ်ခုခုသောက်ပါလား"

"ရေပဲတိုက်ဟာယ်၊ အပြင်ထွက်ရင် ငါဘာမှမစားတတ်တာကို"

"ဒါဖြင့် ခဏလေး"

ဆိုင်မှာ မိမောင်ကိုထားခဲ့ပြီး ခပ်လှမ်းလှမ်းရှိ စတိုးဆိုင်မှ ရေသန့်အေးအေးလေးတစ်ဘူး သွားဝယ်လိုက်ပါ၏။ ကျွန်မကသာ ဆိုင်ထွက်ရင်း ဘာလေးညာလေး စားတတ်ပေမယ့် မိမောင်က အိမ်မှာထမင်းဟင်းကလွဲပြီး သွားရည်စာ စားလေ့မရှိ နေ့လယ်တို့ မနက်စောစောတို့ဆိုရင်တော့ မိန်းမတန်မဲ့ လက်ဖက်ရည်ကြိုက်တဲ့မမက လက်ဖက်ရည်နဲ့မုန့် စားလေ့ရှိပါသည်။

"ဈေးကို သက်သက်ပဲလား"

"အင်း. . . ဆိုပါတော့"

ဖန်ခွက်ကို ရေသေချာထပ်ဆေးပြီးမှ ရေသန့်ဘူးဖွင့်ကာ ထည့်ပေးလိုက်ပါ၏။ ရေကြိုက်တာကတော့ ကျွန်မနှင့်အတူတူပါ။ ရေတောင်မှ မိမောင်က အ ချသာခံတတ်ပြီး PMG မှကြိုက်





၏။ တခြားတံဆိပ်တွေက ပေါ့သည်ဆိုပဲ။ ကျွန်မကဖြင့် လျှာ သာ မခံတတ်ပါချေ။

"မိန်းမ"

"အင်း"

"တော်တော်ရောင်းရလား"

"ဒီလိုပါပဲ၊ လက်စွပ်လေး နားကပ်လေးလောက်ပဲ ဝယ် တာဟဲ့။ သိတယ်မဟုတ်လား . . . ရွှေဈေးက အချိန်နဲ့အမျှ က်လိုက်ကျလိုက်ဖြစ်နေတော့ စိတ်အတော်ရှုပ်တာ"

"ဆံပင်ဘယ်နှချောင်း ဖြူနေပြီလဲ"

"ဟယ်! ပြောရက်လိုက်တာ"

"မပြောနိုင်ဘူးလေ၊ နေ့နေ့ညည ငွေထိုင်ရေနေတာကို Colculator ရော ဘယ်နှလုံး လဲပြီးပြီလဲ။ စီးပွားကို မြူးမြူး နေတာ အမြင်ကပ်စရာကြီး"

"ရှာရတယ်ဟဲ့၊ ငါက နင့်လို စာရွက်ပေါ် ဘောပင်လေး က်လိုက်တာနဲ့ ငွေတွေ ဝေါခနဲဝင်လာတာမဟုတ်ဘူး"

"အမယ်. . . ပြောတတ်လိုက်တာ၊ စာတစ်လုံးရဖို့ ဦး က်ကို ဘယ်လောက်အပူပေးရတယ်ထင်လဲ။ အချစ်စကား ရှုရှုလေးတွေ ထွက်လာဖို့ ဒီရင်ဘတ်ကြီးနဲ့ခံစားပြီးမှ ဒီ

လက်က ချရေးလို့ရတာ။ နင်တို့ တစ်ရက်နဲ့အပြီးဖတ်လို့ရအောင် ငါတို့စာရေးဆရာတွေရေးရတာ လနဲ့ချီကြာတာဟဲ့။ ဘယ်အရ မှ လွယ်လွယ်နဲ့မရဘူးမှတ်။ ပလုတ်တုတ်! . . .''

''ဘာဖြစ်တာလဲ''

မိမောင်က အလန့်တကြားရေရွတ်ကာ ကောင်တာ နောက်ကွယ်ချောင်ထဲမှခုံကို ရွှေ့ထိုင်လိုက်လေ၏။ ရုတ်တရက် ထပြီး ရွှေ့လိုက်တာမို့ အံ့သြသွားရပါသည်။ ဟန်တစ်လုံး ပ တစ်လုံးနဲ့ ရင်ဘတ်ပုတ်ပြ နားထင်ထောက်ပြဖြင့် ပြောနေပြီး ဘယ်လိုဖြစ်ရတာပါလိမ့်။

''စက်ကွင်းလွတ်အောင်လို့''

''ဘယ်လို''

''မိန်းမ . . . နင်ရည်စားရနေပြီလား''

''ကြဲကြဲဖန်ဖန် ပေါက်တီးပေါက်ရှာ''

''ဒါဖြင့် နင့်ဆိုင်ထဲကို Volt အား (၁၅၀၀)နဲ့ လှ Check နေတဲ့ မန်ဒါလီကြီးက ဘာလဲ''

''ဘာ! ဟား ဟား ဟား ဟား . . .''

''ဟဲ့! တိုးတိုးရယ်လေ၊ သူများအတင်းအုပ်ပါတယ် မှ ဒင်းက တစ်မှောင့်ဟဲ့''





မျက်စိက လျှင်ပါ့မိမောင်ရယ်။ ဆိုင်ထဲမှာ ခဏထိုင်ရုံ နဲ့ ပတ်ဝန်းကျင်ကို တစ်ချက်မျှသာကြည့်ပြီး မျက်လုံးတွေကိုဖတ် ပြီးနေပြီလေ။ သူ့ကိုများ မန်ဒါလီကြီးတဲ့။ ဒင်းသာကြားရင် တိုင် နဲ့ခေါင်းနဲ့ ပြေးဆောင့်မှာ အသေအချာပါလေ။ ကျွန်မ မရယ်ဘဲ မနေနိုင်တာကိုး။

''ဟင်းဟင်း . . . အိမ်နီးနားချင်းပါဟယ်''

''ဆိုင်နီးချင်းလုပ်စမ်းပါဟယ်''

''ဆိုင်လည်း နီးတယ်၊ အိမ်လည်း နီးတယ်။ အခု ငါ နေတဲ့တိုက်ခန်းအောက်တည့်တည့်မှာ သူနေတာ''

''မိန်းမနော်၊ ကြိုးချင်းထား ကြိုးချင်းငြိဖြစ်ပြီး ကြိုးရှုပ် အောင် မလုပ်နဲ့ဦး''

''ငါသိပါတယ် မိမောင်ရယ်၊ ပူမနေစမ်းပါနဲ့။ တကယ် ပါပဲ''

''ပါးစပ်ကပြောတော့ တစ်မျိုး၊ လုပ်တော့တစ်မျိုးမလုပ် နဲ့နော်''

''ရော် . . . ငါဘာများလုပ်မိလို့လဲ''

''လုပ်မှာစိုးလို့ စောစောစီးစီးကြိုသတိပေးရတာပေါ့။ ငါ့ ဘွယ်ရာမှာဆိုပြီး မဟုတ်တာလုပ်မယ်မကြံလေနဲ့၊ နင့်ကျောကုန်း

မှာ ငါ့မျက်လုံးနှစ်လုံး ကပ်ထားတယ်မှတ်'''

''ကြောက်စရာကြီးပါလား''

ကျွန်မ ပခုံးတွန့်ပြလိုက်စဉ် မိမောင်က ကျွန်မရဲ့လက်မောင်းကို ဖျတ်ခနဲလှမ်းရိုက်လိုက်လေ၏။ နှစ်ယောက်သား ရည်းစားမထားကြေးဆိုပြီး ကတိကဝတ်ပြုထားတာတော့ မဟုတ်ပါ။ အရင်ရည်းစားရတဲ့လူက အရင်ပြောကြေးလို့သာ သတ်မှတ်ထားတာပါ။ မိမောင်က အိမ်ထဲမှာသာ အနေများပြီး အပြင်ထွက်ရင်လည်း မောင်ဖြစ်သူက တကပ်ကပ်ပါတတ်တာမို့ ဒီတစ်သက် အိမ်ထောင်ပြုဖြစ်မည်မထင်။

ကျွန်မကသာ အမြဲလမ်းပေါ်မှာရှိတတ်ပြီး အခန်းအောင်းရတာကို သေမတတ် ပျင်းရိတာပါလေ။ မိမောင်ပြောလွန်း ညွှန်းလွန်းလို့သာ စာအုပ်တွေဖတ်ဖြစ်တာ၊ ဒါလည်း ဟုတ်တိပတ်တိ မဖတ်တတ်။ စာဖတ်ရင်း အိပ်ငိုက်တတ်တာက အထက်တန်းတက်ကတည်းကပါလေ။ ဉာဏ်ကောင်းလွန်းလို့သာ ဆယ်တန်းကို ဂုဏ်ထူးတွေတစ်သီကြီးနဲ့ အောင်မြင်ခဲ့ရတာပါပဲ။

''စိန်သေးသေးနဲ့လုပ်ထားတဲ့လက်စွပ်ရှိလား''

''နင်ဝတ်ဖို့လား''

''အေး''





''ပြောတော့ ရိုးရိုးစက်ဖြတ်မျိုးပဲ ကြိုက်တာဆို၊ ကျောက်မကြိုက်တဲ့လူက ဘယ်လိုလဲ''

''မကြိုက်တာက မကြိုက်တာဘဲလေ။ ခုတလော ကျွန်မာရေး နည်းနည်းချူချာတာနဲ့ အဆောင်သဘောမျိုး ဝတ်ထားချင်တာပါ''

''ရှိတော့ရှိတယ်၊ နင့်လက်ကသေးတော့ တော်မတော်မပြောတတ်ဘူး''

''ပြကြည့်လေ''

''မတော်လည်း နင့်လက်အတိုင်းနဲ့ ငါ ပန်းထိမ်အပ်ပေးမယ်လေ''

''ကြာမှာလား''

''မကြာပါဘူး၊ အလွန်ဆုံး နောက်တစ်ပတ်ပေါ့ဟဲ့''

''သြော်. . . အဲဒီလောက်ဆို မဆိုးပါဘူး။ စိန်က ဈေးများလား''

''အေးပေါ့၊ ရတီချိန်ကြီးရင် ကြီးသလို ဈေးလည်းကြီးတယ်။ နင် သေးသေးပဲလုပ်မယ်ဆို နှစ်သောင်းသုံးသောင်းတန်လောက်ဆို ဖြစ်တာပဲဟာ။ ရွှေချိန်နှစ်ပဲလောက်ဆို အလွန်ဆုံး တစ်သိန်းခွဲဝန်းကျင်ပဲကျမှာ။ ဖြစ်မလား''

"ဖြစ်ပါတယ်"

မိမောင်က လက်ချောင်းသွယ်သွယ်မို့ ကျွန်မလက်ထက် မဆိုစလောက်လေး သေးပါသည်။ လုပ်ပြီးသားလက်စွပ်တွေက ဟကယ်လည်း ချောင်သလို ကြီးနေတာမို့ ပန်းထိမ်အပ်ဖို့သာ ပြင်လိုက်ရလေ၏။ လက်အတိုင်း ကော်ကွင်း Set ကိုယူကာ ဝတ်ခိုင်းနေစဉ် ဆိုင်ရှေ့သို့ ကောင်လေးတစ်ယောက် ရောက်လာလေ၏။

"မမချို"

"အေး . . . ပြော"

"ညော့်သည်နဲ့မမချိုအတွက်တဲ့၊ Boss ပို့ခိုင်းလိုက်တာ"

"ဘာ!"

ဖာလူဒါဖန်ခွက်နှစ်ခွက်က ကျွန်မ ကောင်တာမှန်ပုံးထက်မှာ လှကိုလှောင်နေသလိုနှယ်။ ညော့်သည်နဲ့ကျွန်မအတွက်တဲ့။ ဒါက ဘာသဘောလဲ။ သူ့ဆိုင်ကကောင်လေးက အအေးခွက်ထားပြီး (ကျွန်မနှုတ်ကို လန့်ပုံဖြင့်) သုတ်ခြေတင်ပြေးချေပြီ။

"ဘာလဲ ချို"

"ကျစ်! မပြောချင်ပါဘူးဟယ်၊ မျက်နှာလိုမျက်နှာရနဲ့ ငါတို့ဖို့ အအေးပို့ခိုင်းလို့"





"ဘယ်သူကလဲ"

"ဘယ်သူရှိမှာလဲ . . . စောစောက နင်နဲ့မျက်လုံးချင်း အကြည့်ဆုံသွားတဲ့လူပေါ့"

"အမယ်လေး! ဖွ! လွဲပါစေ ဖယ်ပါစေ အကြည့်မဆုံရပါဘူးဟယ်။ ဆိုင်ထဲကို ဒီလောက်ပြူးပြဲကြည့်နေမှတော့ ငါမမြင်ဘဲနေမလား။ နင်ပြောတော့ ဘာမှမဟုတ်ဘူးဆို"

"အေး . . . ဟုတ်တယ်လေ"

"ဘာဟုတ်တာလဲ၊ နင့်ဘက်က ဘာမှမဟုတ်ဘဲနဲ့ ဒီလို Intro တွေ ဝင်လာစရာအကြောင်းမရှိဘူး မမရေ့"

"ဟယ်! မဟုတ်ရပါဘူး မိမောင်ရယ်"

"ငြင်းဖို့စောသေးတယ် ချို။ ငါစောင့်ကြည့်ဦးမှာ။ ငါ့ကိုတော့ မဟုတ်ဘူး မဟုတ်ဘူးဆိုပြီး မျက်စိမှိတ်ငြင်းနေ။ နောက်တော့မှ အပြာရောင်ဖိတ်စာလေးကို ငါ့နှာမည်တပ်ပြီး လာမပို့လေနဲ့။ ကျုပ်ကျက်လိ ကြည့်ကျက်လုပ် နင်းစက်ချိုရေ့"

ကျွန်မ အတော်အကျပ်ရိုက်သွားရတာ အမှန်ပါ။ စမြင်ဘာနဲ့ ကျွန်မပေါ်မှာ မိမောင် သံသယဝင်သလိုဖြစ်နေရတဲ့ကြားထဲ ဒင်းက အလိုက်မသိ ဤသို့ဤနှယ်လုပ်ပြရတယ်လို့။ ဆိုင်ကို ဝယ်သူတွေ လာတတ်ပေမယ့် ဒီလိုမျိုး ဘာညာသာရကာတွေ

လာမပို့နိုင်းခဲ့ဖူးပါ။ မိမောင်ကို ကျွန်မ တရင်းတနှီးဆက်ဆံတာ ရယ်ရယ်မောမောပြောဆိုနေတာကြောင့် သူငယ်ချင်းတွေဖြစ်မယ် မှန်း ရိပ်မိသွားတာပဲလား။

သို့တည်းမဟုတ် ဣန္ဒြေအပြည့်နဲ့ တင့်တယ်လှပကျက်သရေရှိနေသည့် မိမောင်ကိုပဲ မြင်မြင်ချင်း စိတ်ဝင်တစားနဲ့ ဒါမျိုးတွေ မလုပ်စဖူး ထလုပ်တာများလား။ ဘုရားရေ! ကျွန်မ ဘာလို့များ ဒီလိုအတွေးမျိုး တွေးလိုက်မိတာပါလိမ့်။

"ဟယ် . . . ဆိတ်တွေ ဘယ်မြက်ခင်းရောက်နေပြီလဲ"

"ဟင် . . . ဘာကိုလဲ"

"ငါ စရံငွေပေးခဲ့ရမလားလို့ မေးနေတာလေ။ မကြားဘူးလား"

"ဩော် . . . အဲဒါမလိုပါဘူးဟယ်၊ သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးကို"

"သူငယ်ချင်းက သူငယ်ချင်း။ စီးပွားရေးက စီးပွားရေးပါဟယ်။ ငါပြန်ဦးမယ်"

"ဟယ်! ချက်ချင်းကြီး"

"စာမူရေးဖို့ စာအုပ်နှစ်ဒါဇင်လောက်နဲ့ ဘောပင်လာဝယ်ရင်း ဝင်လာတာပါ ချိုရယ်။ ငါက ငါ့အတွက် ဘာအကျိုးမှ





မရှိဘဲ ဘယ်လမ်းမှမသွားတတ်တာ နင်သိတယ်မဟုတ်လား။ ငါမှာတာရရင် Phone ခေါ်လိုက်နော်"

"အေးပါ"

"အကြည့်ချင်းဆုံပြီး ရင်ခုန်သံညှိမနေနဲ့ဦး။ ဓာတ်လမ်းရရင် ငါ့ကိုပေး။ ကုန်ကြမ်းလုပ်မလို့"

"ကြည့် . . ."

မိမောင်က ကျွန်မမျက်စောင်းခဲတာကို မမှုပုံဖြင့် ခပ်သာသာရယ်လိုက်လေ၏။ သူငယ်ချင်းပြန်သွားတာကို လိုက်နှုတ်ဆက်ရင်း လက်ပြကျန်ရစ်ခဲ့ပါသည်။ အဒေးနှစ်ခွက်ကဖြင့် ဘယ်သူမှမထိဘဲ ဒီအတိုင်း ငုတ်တုပ်လေးရှိနေစဲပါလေ။



# အခန်း (၁၄)

တံခါး Bell သံကြောင့် Breakfast စားနေရာမှ မုန့်

ိုင်ရင်း အိမ်ခန်းရှေ့သို့ ထွက်လာခဲ့၏။ မေမေတော့ မဟုတ်

ောက်ပါဘူး။ ပြောစရာရှိရင် Phone နဲ့ပဲပြောတာမဟုတ်လား။

ယ်သူပါလိမ့်။

"တင်းတောင်!"

"လာပြီ"

တံခါးကိုဆွဲဖွင့်လိုက်စဉ် အပေါက်ဝတည့်တည့်မှာ လက်

ိုက်ပြီး ပြုံးကြည့်နေသည့်သူ့ကို ဘွားခနဲတွေ့လိုက်ရတာမို့ အံ့

ဩသွားရလေ၏။ ဘယ့်နှယ်ဟာကြီးတုန်း။ စောစောစီးစီး တိုက်

န်းရှေ့ ရောက်နေပြန်ချေပြီ။

"ဘာလဲ"

"သွားကြမယ်လေ"

"ဟင်. . . ဘယ်ကိုလဲ"

"ဘယ်ကိုရှိရမှာလဲ ချိုရဲ့။ ဆိုင်ဖွင့်ဖို့ သွားကြမယ်လေ"

ဗုဒ္ဓေါ! အနောက်အရပ်ကများ နေထွက်တော့မှာလား လူကို တရင်းတနှီးကြီးဖြင့် ဈေးအတူသွားဖို့ လာခေါ်နေရတယ် လို့။ လက်ထဲမှ Cake ချပ်ကို ဆက်မကိုက်မိဘဲ သူ့ကိုပြူးကြည့် နေမိစဉ် သူက နှစ်နှစ်မြိုက်မြိုက်ပြုံးလိုက်ပြန်လေ၏။ ရော်! ဗျ ကိုလာပြီး ဖျားယောင်းနေပြန်ပါပြီ။

"Breakfast စားနေတာလား"

"အင်း"

"စားလေ၊ ကိုယ်စောင့်နေမယ်"

"ဟင်"

လာပြန်ပြီ နောက်တစ်မျိုး။ ဘယ်လိုဖြစ်ပြီး လူကို ရင်းနှီးနှီးဖြင့် အခုလိုလာကြိုပြီး ခေါ်နေရတာပါလိမ့်နော်။ မ က လာတဲ့မိမောင်ကြောင့်ပဲလား။ ကြိုးမရှုပ်စေနဲ့တဲ့။ အင်မ နှုတ်စီးတတ်တဲ့ မိမောင်ရဲ့စကားက အမြန်မိတ်ပြတတ်တာ နေပြီလား။ စိတ်ရှုပ်ပါ့။





"ရှင့်ကို ဘယ်သူက စောင့်ခိုင်းနေလို့လဲ"

"စေတနာနဲ့ လာကြိုတဲ့သူကို ရင့်ရင့်သီးသီးပြောပြန် ပြီလား"

ကြည့်! လုပ်ချလိုက်ပြန်ပြီ။ ဘယ်ကများ သတ္တိတွေရ လာပြီး အခုလို ရဲရဲတင်းတင်းလာပြောရဲတာပါလိမ့်။ ကြားလူ ပေါ်ဘဲနဲ့တော့ ကျွန်မနဲ့သူ ဒီအဆင့်ထက် ပိုစရာအကြောင်းမှ ရှိတာလေ။

"ကျွန်မမှာ ခြေလက်အကောင်းချည်း ရှိသေးတာရှင့်။ မြင်ဘူးလား။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပါတယ်ဆိုနေ မဲ"

"သိတယ်လေ၊ နေ့တိုင်း တစ်ခုမဟုတ်တစ်ခု ဖြစ်ဖြစ် နေလို့လည်း ခေါ်ရသေးတယ်။ ဘာလဲ. . . မလိုက်ချင်လို့လား"

"မလိုက်ဘူး။ ရှုပ်ရှုပ်ယှက်ယှက်"

"ပြီးရော၊ အပြန်ကျ မှောင်လို့ တစ်ယောက်တည်းမပြန် နိုင်ဘူး မပြောနဲ့"

"ဝေးသေး"

သူက စိတ်ဆိုးပုံမရဘဲ ကျွန်မရှေ့မှ ထွက်သွားတော့၏။ မှောင်မှမကြောက်နဲ့တဲ့လား။ လူကိုခြောက်ပြောပြန်ပြီ။ ဒီမနက်

ဝါဝါတစ်ယောက် အအေးမိပြီး ဖျားနေလို့ ဆိုင်ကိုမလိုက်နိုင်ဘဲ အပြန်ကျ တစ်ယောက်တည်းပြန်ရမှာလေ။ မကြောက်တတ်ပေ ဘူးဆိုတာကို ဘာလို့လာခြိမ်းခြောက်ရတာပါလိမ့်။

"ဝါဝါ"

"ရှင် . . . မမ"

"ဆန်ပြုတ် ပြုတ်ထားပေးတယ် . . သိလား။ စားခါနီး ခလုတ်ဖွင့်နွေးပြီးမှ စားနော်"

"ဟုတ်ကဲ့ မမ"

"အုပ်ဆောင်းအောက်မှာ ကြက်သားပြုတ်ကြော် ထား ထားတယ်။ ကြက်သွန်မြိတ်တွေလည်း ပါးပါးလှီးထားတယ်နော် ရောက်ကောင်းဘူးလည်း စားပွဲပေါ်မှာ အဆင်သင့်ပဲ။ ဆေးသောက် ဖို့လည်း မမေ့နဲ့နော်။ မသက်သာရင် ညကျ ဆေးခန်းသွားရမယ်"

"ဟုတ်ကဲ့"

ချာတိတ်မကို ဆေးခန်းသွားရမယ်ပြောရပေမယ့် ကျွန်မ က အဲဒီဆေးခန်း ဆေးရုံမျိုး သွားရမှာကို လန့်တာမဟုတ်လား မိမောင်ကဖြင့် နလုံးသွေးအားနည်းရောဂါနဲ့ သွေးပေါင် မကြ ခဏကျတတ်တာမို့ (အိပ်ရေးပျက်ခံပြီး စာရေးတာကြောင့် ဆေး ခန်းနဲ့ဆေးကို မကြောက်တော့ပါချေ။) နလုံးကို အင်းစိန်ရှိ 'သိ





နှာ' ဆေးခန်းမှာ ပြလေ့ရှိပြီး အနားရှိ 'ဇီဇဝါ' ဆေးခန်းမှ (အမြွာ မောင်နှမ)ဆရာဝန်တို့ကို အိမ်ပင့်ပြီး ဆေးကုသခံတတ်လေသည်။

ပြီးတော့ ဒင်းက ဆန်ပြုတ်ဆို အရမ်းကြိုက်တာလေ။ အုန်းနို့ဆန်ပြုတ်(မိမောင်က အချိုမကြိုက်ပါ)ကလွဲပြီး ငါးလေးနဲ့ ပဲ ပြုတ်ပြုတ်၊ ကြက်သားနဲ့ပဲ နူးနူးလေးပြုတ်ပြုတ်၊ နောက်ဆုံး သားနဲ့ပြုတ်တဲ့ဆန်ပြုတ်ကိုတောင် သိပ်ကြိုက်သူဖြစ်လေသည်။ လူမမာစာ မြူဆွမ်ဆိုလည်း နှစ်ခြိုက်ပြန်လေသည်။ ကျွန်မက ခြင်း ခေါက်ဆွဲတို့ ကြာဆံတို့သာ မလွဲသာလို့ စားတတ်တာပါလေ။

"မမသွားပြီနော်၊ သိပ်နေလို့မကောင်းရင် အိမ် Phone နဲ့ မမဆီလှမ်းဆက်လိုက်၊ သိလား"

"ဟုတ်ကဲ့"

"အေးအေး . . . ဆေးသောက်ထားတာ အိပ်လိုက်။ ရေ ည်းမချိုးနဲ့ဦး။ ချွေးထွက်လာရင် ရေပတ်တိုက်ပြီး အဝတ်လဲ နော်။ တေပေလုပ်မနေနဲ့ဦး၊ မမ အပြင်က သော့ပိတ်သွားမယ်"

ဆေးသုံးခွက်စာ ပြင်ဆင်ကာ မှာစရာရှိတာမှာပြီး မလို ပ်သည့်မီးတို့ကိုပိတ်ပြီးမှ ထွက်လာခဲ့၏။ ပန်းအိုးအစိမ်းနှင့် နှင်း ဆီနီထိုးပြီးကတည်းက ဆိုင်မှာ ရောင်းကောင်းလိုက်တာအမှန် ပါ။ အနည်းဆုံး တစ်ရက်ကို နှစ်သိန်းကျော် သုံးသိန်းကျော်လေး

လောက် ဝင်ငွေရနေတာလေ။ ဈေးသည်တွေကို အရစ်ကျငွေပေး ချေစနစ်နဲ့ စာရင်းဖွင့်ပြီး လက်စွပ်တွေ လက်ကောက်တွေ ရောင်း ရတာမို့ ဆိုင်မှာ ညနေဆို လူစည်ကားနေတာပါပဲ။

အဲဒီအချိန်ဆို ကျွန်မတစ်ယောက်တည်း ဂျင်ဂျင်လည် နေတတ်ပေမယ့် သူ့ဆိုင်က အရောင်းပါးချိန်မို့ ကျွန်မဆိုင်ကို မကြည်သလိုအကြည့်မျိုးဖြင့် (သူ့ Style အတိုင်း) လက်နောက် ပစ်ပြီး ကြည့်ကြည့်နေတာလေ။ မနာလိုတာပဲလား။ သူ့ဆိုင်က ဖြင့် နေ့စဉ် သိန်းဆယ်ချီပြီး ရောင်းနေရတာကိုများ။ ဒီလို ဆိုင် ပိစိကွေးလေးအပေါ် မနာလိုမရှုစိမ့်ဖြစ်စရာလား။

ယောကျ်ားကြီးဖြစ်ပြီး တကယ်ပါပဲ။

Phone သံကြောင့် ဆိုင်ခင်းနေရင်း လက်တစ်ဖက်ဖြင့် Phone ကိုဖွင့်လိုက်ပါ၏။

''ဟဲလို မေမေ''

''အေး. . . ဆိုင်ရောက်နေပြီလား''

''ဟုတ်''

''ဝါဝါရော လိုက်မလာဘူးလား၊ တစ်ယောက်တည်း ထွက်လို့ ဘယ်ဖြစ်မလဲ မိချိုရဲ့။ အန္တရာယ်ဒီလောက်များတာကို ခုတလော ညဘက်ရိုက်လုတဲ့သတင်းမျိုးတွေ သတင်းစာထဲမှာ





ပုံနေတာတောင် မသိဘူးလား''

''ဝါဝါ ဖျားနေလို့မေမေရဲ့''

''ဟဲ့! ဘာဖြစ်တာလဲ''

''မနေ့က ညဘက်ကြီး ခေါင်းလျှော်လိုက်လို့ထင်တာ

''ဆေးခန်းမပြဘူးလား။ ညည်း ဆေးခန်းကြောက်တာ ကလေးကိုမပို့ဘဲ မနေနဲ့လေ''

''ချိုသိပါတယ် မေမေရယ်၊ ညနေမသက်သာရင် ည ရှိဆေးခန်းမီအောင် ပို့ပေးမှာပါ။ ချို့ဆီ Phone ဆက်ဖို့ ကိုမှာထားပါတယ်''

''ဒါနဲ့ပဲ ထမင်းဟင်းမချက်ဖြစ်ပြန်ဘူးပေါ့လေ။ ထုံးစံ တိုင်း ဝယ်စားဦးမှာပဲမဟုတ်လား''

''အင်းပေါ့''

''ညည်းနဲ့တော့ ခက်ပါတယ် မိချိုရယ်''

မေမေညည်းညူလိုက်တာမို့ ဒီဘက်ကနေ ကျွန်မ မျက် လိုက်မိပါသည်။ ကိုယ့်အရေးမဟုတ်လည်း အဆူက ခံရပြန် ကော။ အဲဒါ ဒင်းလေးကြောင့်ပေါ့။ တောသူဖြစ်ပြီး မာမာ မရှိလိုက်တာနော်။ ကလေးဆိုတာ ပိုပြီးကိုယ်ခန္ဓာနွေးသလို

ကျန်းမာရမှာပါလေ။

"ခတ်ပုံကြည့်ပြီးပြီလား"

"ဟမ်! ဘာခတ်ပုံလဲ"

"ကျစ်! ဟိုနေ့ကပဲ ဝါဝါ့လက်ထဲ ထည့်ပေးခဲ့တဲ့ဓာ ပုံနှစ်ပုံလေ။ ဆရာဝန်နဲ့ အင်ဂျင်နီယာ"

အလိုလေး! လာပြန်ပြီ ဒီဘူတာ။ ဝါဝါတော့ ပြောသာ ဘယ်အံဆွဲထဲ ပစ်ထည့်ထားလိုက်မိမှန်းတောင် သိပ်မမှတ်မိ ပြဿနာကတော့ လာလိုက်ရင် ထုနဲ့ထည်နဲ့ပါပဲ။

"အင်း"

"ဘာအင်းလဲ၊ ယောရောရှိလုပ်မနေနဲ့ မနက်ဖြန် တစ် ယောက်နဲ့ အရင်သွားတွေ့ချေ"

"ဘယ်တစ်ယောက်လဲ"

"အဲဒါ နင့်ဆီကို ဟိုက Phone ဆက် date ပေမယ့် ဖြစ်သလိုသွားမတွေ့နဲ့ဦး။ နင့်အကြောင်း ငါသိတယ်နော်။ နည်း နည်းပါးပါးပြင်ဆင်သွားဦး၊ မမေ့နဲ့"

"မေမေက ဘာလို့ ချို့ Phone နံပါတ်ကိုလျှောက်ပေး ရတာလဲကွာ။ ကျစ် . . . စိတ်ရှုပ်စရာကြီး"

"ဟဲ့! ဒါလေးပေးတာ ဘာဖြစ်လဲ၊ ညည်းတိုက်ခန်းထဲ





အထိ ရောက်လာစေချင်လို့လား"

"ဟင် . . . မဟုတ်ပါဘူး"

လူက တွန့်ခနဲဖြစ်သွားရပါ၏။ တိုက်ခန်းအထိတဲ့။ ဟို လူသာ ချို့တိုက်ခန်းရှေ့ရောက်လာမှန်း မေမေသိလို့ကတော့ ပွဲ သိမ်းပြီပဲ။ မေမေသဘောတူချင်တဲ့လူက သုံးယောက်တောင်ရှိ နေတာကို နောက်ထပ် လူတိုးသွားမှာလေ။

"Sunday ပိတ်ရက်လေးတောင်မှ လွှတ်လွှတ်လပ်လပ် လေး မနားရဘူး"

"ပါးစပ်က ပွစိပွစိရေရွတ်မနေနဲ့၊ ညည်းဘဝကောင်း ားဖို့ စီစဉ်ပေးနေတာကို အကောင်းမြင်တတ်စမ်းပါ"

"အခုကော ချို့ဘဝက ဆိုးနေလို့လား"

"ညည်းကတော့လေ၊ စနေသမီးပေမို့လို့ပဲ၊ သောကြာ ဆိုရင် ငါလက်မြှောက်ရမှာ။ ဒါပဲ"

မေမေက Phone ကို ဂွပ်ခနဲမြည်အောင် ချသွားချေ ပြီ။ ပြောလိုက်ရင်တော့ အကောင်းချည်းပါပဲ။ မယူခင်ကတော့ ားပါတော့။ ယူပြီးမှ စိတ်အခန့်မသင့်ဘဲ ကွဲကြကွာကြရင် ဘယ့် ယ်လုပ်မလဲ။ လူဆိုတာ ကိုယ့်သမိုင်းကိုယ်ရေးရပါတယ်ဆိုနေ ချို့ဘဝစာမျက်နှာပေါ် လူရုပ်တွေ လာရေးရတယ်လို့ မေမေ

ရယ်။

ဒီနေ့တော့ မိုးက ခပ်စွေစွေရွာနေတာမို့ ဝယ်သူ အတော်ပါးကြလေ၏။ ခုံမှာထိုင်နေရင် ငိုက်နေရတာမို့ ဆိုင်ခန်းကျဉ်းကျဉ်းလေးထဲ ဟိုဒီလှုည့်ပတ်လျှောက်နေဖြစ်သည်။ ဒီနေ့မှ မိမောင်တစ်ယောက် Phone လေးဘာလေး မဆက်ပါလားနော်။ ဒင်းက မိုးတွင်းမှာမွေးပြီး မိုးရွာရင် သေအောင်ပျော်တဲ့သူပဲကိုး။ အခုလောက်ဆို မိုးရွာတာကြည့် စိတ်ကူးယဉ်ရင်း ဝတ္ထုအသစ် စရေးနေလောက်ပြီလေ။

ညရှစ်နာရီကျော်ပြီမို့ ဆိုင်ခင်းထားသည့်ပစ္စည်းတို့ကို သိမ်းလိုက်၏။ ရတနာဘူးလေးထဲ သေချာစီထည့်၊ သော့ခတ်သိမ်းကာ ဆိုင်ခန်းတံခါးကိုပိတ်လိုက်ပါသည်။ ဝါဝါ Phone မဆက်တာ သက်သာလို့ပဲလား။ ဒါမှမဟုတ် မိုးအေးအေးနဲ့ အိပ်ရာထဲပဲ ကွေးနေတာများလား။

အတွေးတွေ ပလုံစီပြီး ကားလမ်းကူးလာခဲ့စဉ် ရုတ်တရက် မိုးခြိမ်းသံအကျယ်ကြီး ကြားလိုက်ရသလို လမ်းထဲမှ မီးတွေ ဖျတ်ခနဲမှိတ်သွားကြလေ၏။ ဘုရားရေ! အန္တရာယ်အချိန်ကြီးမှာမှ ဒီလျှပ်စစ်မီးက ပျက်ရသလား။

ဖျန်းခနဲ ကြက်သီးထသွားရသလို ကျောဘက်မှ အေး





နဲ့ ခံစားမှုက ရင်ကို စိုးထိတ်သွားစေပါ၏။ ခုနေများ ကျွန်မခေါင်းကို နောက်က ချောင်းရိုက်လိုက်ရင် . . . အမယ်လေး! ကျောချမ်းစရာကြီးပါပဲလား။

"ချို"

"အမေ့!"

"ကိုယ်ပြောထားတယ်လေ၊ အတူတူပြန်ပါ့မယ်ဆိုတာ။ ပြောရသိပ်ခက်တာပဲ"

ဓာတ်မီးရောင် ဝင်းခနဲလက်သွားခြင်းနှင့်အတူ အနီးသို့ရောက်လာသည်နှင့်တစ်ပြိုင်နက် တစ်ကိုယ်လုံးနွေးထွေးသွားရသလိုပါလေ။ အို . . . ဘယ်လိုခံစားချက်ကြီးပါလိမ့်နော်။



# အခန်း (၁၅)

ပိတ်ရက်မို့ အိပ်ရာထဲ ဇိမ်နဲ့နှပ်နေမိပါ၏။ ညက ရင်ထဲ တစ်မျိုးကြီးခံစားရပြီး တော်တော်နှင့်အိပ်မပျော်ခဲ့ပါ။ အခန်းထဲ ရောက်အောင် တတ်မီးပြပြီး သူလိုက်ပို့ပေးခဲ့တာ၊ တစ်ခုခုစိုးရိမ် ရရင် သူ့ဆီ Phone ခေါ်ဖို့မှာတာ၊ နွေးနွေးထွေးထွေးအိပ်ဖို့ သတိပေးတာတွေဟာ ဘာကြောင့်များပါလဲ။

အရင်က မကြည်သလိုအကြည့်တွေ၊ ထီမထင်မှုံပြုံးတွေ လို့ ဘာသာပြန်ခဲ့မိတဲ့ကျွန်မကို ပြောင်းပြန်အဓိပ္ပာယ်တွေ ဖြစ်လာ အောင် သူမို့ လုပ်လာရတယ်လို့။ အရည်လဲ့နေသည့်မျက်ဝန်း တွေနဲ့ နှစ်လိုဖွယ်အပြုံးတို့က လူကို ကစဉ့်ကလျားဖြစ်လာစေ သည့်နှယ်ပါ။ ရှင် ဘာလို့များ ပြုစားချင်ရတာလဲ ကိုမြတ်ဘုန်း ခေါင်။

"ဘုရား!"

Phone သံကြောင့် စိတ်ကူးယဉ်ပျက်သွားရပါ၏။ နာ
က မနက်ရှစ်နာရီကို ညွှန်ပြနေပြီမို့ ထသင့်ပြီမှန်းသိပေမယ့် တမ
တကာ အပျင်းကြီးနေမိတာလေ။ နေပါဦး။ ဒါ ဘယ်သူ့ Phone
နံပါတ်ပါလိမ့်။

"ဟဲလို"

"နှင်းစက်ချိုလား"

"ဟုတ်ပါတယ်"

"သိပ်များစောသွားသလားမသိဘူး။ ကိုယ် ညီမင်းခ
ပါ"

"ရှင်!"

"ဦးမင်းခင်နဲ့ ဒေါ်ကေသီဝေတို့ရဲ့သားပါ နှင်းစက်ချ
အန်တီနွယ်ပြောဖူးမှာပါ"

"ဩော် . . . ဟုတ်ကဲ့"

အိပ်ရာထဲမှ လူးလဲထလိုက်ရပါသည်။ ဒေါက်တာ
တဲ့ဂုဏ်ပုဒ်ကို ရှေ့မှမရွတ်တာမို့ အင်ဂျင်နီယာဖြစ်မှာက သေ
သလောက်ပါပဲ။ လေသံထဲမှာတော့ လိုလားပျူငှာတာမျိုး မ
ပေမယ့် ပုံမှန်အသံမျိုးနဲ့ပါလေ။ Phone ဆက်ပြီဆိုတော့





date တာပဲပေါ့။

"ကိုယ်လည်း ဒီနေ့ OFF ရက်မို့ အားတာနဲ့ Phone ဆက်လိုက်တာပါ။ ကိုယ်တို့တွေ့ဖို့ အဆင်ပြေတယ်မဟုတ်လား"

အပိုင်ပါပဲလား။ 'အဆင်ပြေတယ်မဟုတ်လား' ဆိုတဲ့ လေသံက 'တွေ့ကြစို့' လို့ခေါ်လိုက်တာနဲ့ အတူတူပါလေ။ တကယ် ဆို ကျွန်မကို 'အားရဲ့လား' လို့ အရင်မေးသင့်တာမဟုတ်ပါလား။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့လေသံက ကြားရုံနဲ့ သိသာ စေသလိုပါလေ။

"အမှန်အတိုင်းပြောရရင် ကျွန်မမှာ လုပ်စရာတွေ အများကြီးရှိသေးတာရှင့်"

"ရပါတယ်၊ ကိုယ့်အတွက် နာရီဝက်ကျော်ကျော် တစ်နာရီလောက် အချိန်ရရုံနဲ့ OK ပါတယ်"

ဘာကြီးလဲ။ ဒီလောက်အချိန်လေးနဲ့ တစ်ယောက်ကို တစ်ယောက် လေ့လာဖို့ လုံလောက်တယ်ပေါ့လေ။ သတိထားပေတော့ နှင်းစက်ချို။ လူကိုအကဲခတ်ပြီး မြန်မြန်ဆုံးဖြတ်ချက်ချနိုင်ဖို့ ဒီလူ့ဘက်က သေချာသလောက်ဖြစ်နေရင် ကိုယ့်ဘက်က ဘာကိုကြိုပြင်ဆင်ထားသင့်ပါသလဲ။ စဉ်းစားပေတော့။

"ဖြစ်တယ်လေ၊ ဘယ်အချိန် ဘယ်နေရာမှာ ကျွန်မ

ရွှေပဒေသာစာပေ

လာတွေ့ရမလဲ"

"ကော်ဖီဆိုင်လောက်ဆို ဖြစ်မှာပါ။ နေလယ် (၁၁)နာရီလောက်"

"ကောင်းပြီလေ"

"OK! ကိုယ်စောင့်နေမယ်"

ဒါပဲလား။ သူပြောတဲ့ဆိုင်နာမည်ကို စိတ်ထဲမှမှတ်လိုက်ရင်း Phone ပိတ်လိုက်ပါ၏။ တွေ့ဆိုတော့လည်း တွေ့လိုက်ရုံပေါ့လေ။ ညှိနှိုင်းတာက ထားပါတော့။ တစ်ဦးကိုတစ်ဦး သဘောကျနှစ်ခြိုက်မှုဖြစ်မှာကို။ လောလောဆယ်မှာ ကျွန်မကို သူ မျက်စိမကျဖို့သာ လုပ်ရမှာလေ။

တွေ့ကြသေးတာပေါ့ ကိုညီမင်းခင်။ ရှင့်ကို အသံကြားရကတည်းက ကျွန်မစိတ်ထဲ မတွေ့တာ သေချာသလောက်ပါပဲ။ လူချင်းတွေ့တော့ကော ဘာထူးမှာလဲ။ Yes! No! Bye! ပဲပေါ့။ လွယ်လွယ်လေးပါပဲ။

"မမ အပြင်ခဏသွားဦးမယ် ဝါ၊ ဘာမှချက်မထားနဲ့ သိလား။ ပြန်လာရင် ကြေးအိုးဝယ်ခဲ့မယ်"

"ဟုတ်ကဲ့မမ"

မနက်က ဝါဝါ မုန့်ဟင်းခါးစားချင်သည်ဆို၍ အောက်





ဆင်းဝယ်ကာ စားထားပြီးပြီမို့ မနက်စာ ဗိုက်ပြည့်သွားပါ၏။ ဝတ်ထားသည့် Blouse အညိုရောင်နှင့် လုံချည်အပျော့သားက လူကို မှောင်မျှားမှောင်စေမလား။ ကိစ္စမရှိ။ ဒီလူ့မျက်စိထဲမှာ သင်းမနေရင် ပြီးတာပဲလေ့။

"ဒါက ဘယ်လဲ"

သုံးလွှာလေ့ကားထစ်အဆင်းမှာ လာတိုးမိသည့်သူက ကျွန်မကို တအံ့တသြမေးလေပြီ။ ဘယ်လဲတဲ့။ ဘယ်ဖြစ်ဖြစ် သူ့အပူပါလို့လား။ လူကို ဆရာကြီး Style နဲ့ မေးနေပြန်ပါပြီ။

"ဘယ်ဖြစ်ဖြစ်ပေါ့"

"ကောင်းကောင်းမေးရင် ကောင်းကောင်းဖြေမှာပေါ့"

"ကောင်းကောင်းဖြေနေတာပဲဟာ"

"ဒါလား ကောင်းကောင်းဖြေတာ"

အင်း. . . စောစောစီးစီးပြဿနာဖြစ်မှာတော့ မကောင်းပါဘူး။ သူ့ဘက်ကတောင်မှ စစ်ပြေငြိမ်းနေရင် ကျွန်မဘက်ကလည်း ပြေပြေလည်လည်ပြန်ပြောသင့်တာပေါ့လေ။ စီးပွားရေးအရပြောရင်တော့ ရောင်းသူဝယ်သူ အသံတူပေါ့။

"လူတစ်ယောက်နဲ့ သွားတွေ့မလို့"

"ဘယ်လို"

သူက မျက်ခုံးပင့်ကြည့်ပြီး အံ့ဩဟန်ပြလေ၏။ ဖြစ်
မယ်လေ။ ခါတိုင်းထက် ပိုသန့်နေအောင် ဝတ်ဆင်ထားတာမှ
ပေမယ့် မျက်နှာကိုတော့ အထူးတလည်မပြင်ခဲ့ပါဘူး။ Bod
structre တောင့်ပေမယ့် ကျွန်မက ကိုယ့်ကိုယ်ကိုယ် သာ
ရွက်ကြမ်းရေကျို အဆင့်နဲ့သာ တင်းတိမ်ကျေနပ်သတ်မှတ်ထား
တာလေ။

"ဘယ်သူနဲ့ သွားတွေ့မှာလဲ"

"အဲဒီလိုတွေ ဆက်မေးလာမှာစိုးလို့ မပြောချင်တာပေါ့"

"ဒါလေးမေးတာကို စိတ်က မရှည်ချင်ဘူး။ တကယ်
ပဲ"

"မေမေပေးစားချင်တဲ့လူနဲ့ သွားတွေ့မလို့ရှင်။ ကဲ!
ပြီလား"

"ဘာရယ်"

သူ့ကို မေးဆတ်ပြောကာ လှေကားထစ်တို့ကို အမြ
ဆင်းလာခဲ့မိလေ၏။ စိတ်ထဲမှာလည်း ကျေနပ်သလိုရှိကာ
ယောက်တည်း ပြုံးဖြစ်သေးတာပါ။ Taxi ဖြင့် ဟိုလူပြော
မြို့ထဲရှိကော်ဖီဆိုင်သို့ ထွက်ခဲ့၏။ သူချိန်းတဲ့နေရာကို ကိုယ်
လာရတာမို့ နည်းနည်းတော့ ပဲ့သလိုထင်မိလေသည်။





Taxi ခ ရှင်းလိုက်ပြီး Platform ပေါ် ခြေချလိုက်ပါ
၏။ ကော်ဖီဆိုင်နာမည်ကို သေချာအောင် မော့ကြည့်ဖတ်ပြီးမှ
မှန်တံခါးကိုတွန်းဖွင့်ဝင်ခဲ့သည်။ နေ့ခင်းဘက်ဖြစ်ပေမယ့် ဆိုင်က
လူတော်တော်ရှင်းနေပါ၏။ ဈေးကြီးတဲ့ဆိုင်မို့ လူတိုင်းမထိုင်နိုင်
တာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ဘယ်မှာလဲ။ စောင့်နေမယ်ဆိုပြီး ကျွန်မဝင်လာတာကို
ဆိုလို့ မမြင်ဘူးတဲ့လား။

"နှင်းစက်ချိုလား"

"ရှင် . . . ဟင်! ဟုတ်ပါတယ်"

ဘေးနားသို့ရောက်လာပြီး မေးလာတာမို့ ထိတ်ခနဲဖြစ်
သွားရပါ၏။ အရပ်မြင့်ကာ အသားက ခပ်လတ်လတ်ဖြစ်ပြီး ဓာတ်
ပုံထဲမှာထက် အပြင်မှာ မျက်နှာပိုနုသလို ထင်ရလေ၏။ အသက်
ကွာခြားမယိမ်းမို့ 'ကို'တွေ 'မ'တွေ တပ်မခေါ်လည်း ဖြစ်မှာထင်
ပါရဲ့။

"ထိုင်ကြရအောင်"

ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်ပြီး အပြင်ရှုခင်းကို ခပ်
လှမ်းလှမ်းမြင်ရသည့် View Point နေရာမှာ ဝင်ထိုင်လိုက်ကြ၏။
မျက်နှာချင်းဆိုင်နေရာမှာ သူက ခပ်လျှောလျှောပုံစံထိုင်ချလိုက်

တာမို့ ကျွန်မခြေထောက်ကို နောက်သို့ဆုတ်ကာ ခပ်မတ်မ
ထိုင်လိုက်ပါသည်။

မိမောင်က ကျွန်မကို အမျိုးသားတွေနှင့်စကားပြော
ခပ်စောင်းစောင်းမထိုင်မိဖို့ သတိပေးထားလေ၏။ ကိုယ်ကို မ
မတ်ထိုင်ပြီး စောင်းထိုင်လိုက်ရင် ယောကျ်ားတွေ သွားရည်
စရာ Style ဖြစ်သွားမယ်တဲ့လေ။

''မေမေလွှတ်လိုက်လို့ လာတွေ့တာ''

''ကျွန်မလည်း အတူတူပါပဲ''

''မေးမယ်နော်''

''အင်း . . . ရပါတယ်''

''ဒီလိုလာတွေ့တာဆိုတော့ နှင်းစက်ချိုမှာ ချစ်သူ
တဲ့သဘောပေါ့နော်။ ဟုတ်လား''

အရိုက်တည့်တည့်ထိသလို ခံရခက်သွားပါ၏။ အ
ခွဲတာများလား။ စိတ်ရှိလက်ရှိ ပိတ်အော်မိတော့မှာပဲ။ တက
ဆို သိနေရင်လည်း အခုလိုပေါ်တင်ကြီး မမေးသင့်တာ
နေဦး. . . ကျွန်မကလည်း ဒီလိုဒဲ့ပြောမှ ကြိုက်တဲ့လူမို့ ရှိ
တော့။

''အဲဒီတော့''





''ဝန်ခံတာလား''

''လိုရင်းကိုပဲ ပြောပါလား ကိုညီမင်းဒင်။ ကျွန်မလည်း
နှန်သိပ်ရှိတဲ့လူမဟုတ်လို့ပါ။ ပွင့်ပွင့်လင်းလင်းပေါ့''

''ဖြစ်တယ်လေ''

''ရှင်လည်း ရှင့်မိဘတွေ စိစဉ်လို့ အခုလိုပဲ ကျွန်မနဲ့
တွေ့တာမဟုတ်လား''

''ဒါပေမဲ့ မတူဘူးလေ''

''ဘာကိုမတူတာလဲ''

''ကိုယ့်မှာက ရည်ရွယ်ထားတဲ့ ချစ်သူရှိနေတယ်လေ''

ကျွန်မ အံ့ဩသွားရပါ၏။ ချစ်သူရှိနေတဲ့လူက ကျွန်မ
အခုလိုတွေ့စရာမှမလိုတာလေ။ ဘာလဲ. . . မရလည်း အရင်း
ပြီး လူကို ပစ္စည်းကြည့်သလိုမျိုး လာကြည့်တဲ့သဘောလား။
က်လေစွ နှင်းစက်ချို။

''အဲဒါဆို ကျွန်မနဲ့ရှင် တွေ့စရာအကြောင်းမှမရှိတာဘဲ။
ပါဦးမယ်''

''နေပါဦး နှင်းစက်ချိုရဲ့ ကိုယ့်မှာပြောစရာတွေ ရှိသေး
''

ခုံမှထရပ်လိုက်သည့်ကျွန်မကို သူက လက်တားလိုက်

လေ၏။ Waiter လာချပေးသည့်ကော်ဖီနှင့် မုန့်ပန်းကန်ကို ကျွန်မရှေ့သို့ တွန်းပို့ပေးလိုက်လေသည်။ ဦးစားပေးတဲ့သဘော လား။

"ကျွန်မဘက်ကတော့ ဘာမှပြောစရာမရှိဘူး"

"အူတိုတာလား နင်းစက်ချို"

"ဘာ!"

ကြည့်စမ်း! လူကို စတွေ့တွေ့ချင်း ဒီလိုရိုသဲ့သဲ့ပြော စရာလား။ ယားကျိုကျိုဖြစ်လာသည့်လက်ဝါးကို တင်းတင်းဆုပ် ထားလိုက်ရပါသည်။ စိတ်လိုက်မာန်ပါလုပ်တတ်တဲ့အကျင့်ကို မေမေပြင်နိုင်းထားတာမဟုတ်လား။

"ကျွန်မကို ရှင်မြင်ဖူးတဲ့မိန်းမတွေနဲ့ တစ်တန်းတည်း ထားပြီး မနှိုင်းပါနဲ့ ကိုညီမင်းဒင်။ အခုမှ စတွေ့တဲ့ယောက်ျား တစ်ယောက်ကို မနာလိုအူတိုမှုဖြစ်ရအောင် ကျွန်မက ဦးနှောက် ပျက်နေတာမှမဟုတ်တာ။ ရှင့်မင်္ဂလာကိစ္စကို ရှင့်မိဘနဲ့ ရှင့်ကောင် မလေးကိုသာ ဆွေးနွေးညှိနှိုင်းပါ။ ကျွန်မဘက်က ပြောစရာ ဒါ အကုန်ပါပဲ၊ ပြန်လိုက်ပါဦးမယ်"

"အဲဒီမာနလေးကိုတော့ သဘောကျတာအမှန်ပဲ"

အံကိုတင်းတင်းကျိတ်ကာ ထထွက်လာခဲ့တော့သည်။





အမှတ်ပြည့်တော့ No! ပါပဲ။ နောက်ကနေ နှုတ်တောင်နှုတ်ရ ဦးမှာ။ Minus (3), (4), (5),. . . ဆယ်မှတ်လောက်ကို နှုတ် မယ်။ အမြင်ကပ်လွန်းလို့။



# အခန်း (၁၆)

Phone ထဲမှာ မိမောင်ရယ်သံက ကျွန်မကို လှောင်တာ ချိုးမဟုတ်ပေမယ့် လူကို စိတ်ထဲက ကလိကလိဖြစ်စေတာတော့ အမှန်ပါ။ ဒင်းက ရယ်နိုင်ပေမပေါ့။ ကာယကံရှင်မှမဟုတ်တာ ကိုး။

''အဲဒါနဲ့ အန်တီက ဘာပြောလဲ''

''မပြောဘဲနေမလား။ ကြိုသိထားပြီးသားတဲ့။ ငါ့ကို ဂရု စောင် ကြောင်မတဲ့လေ။ အရိုးများ ချေးခါးလုပ်လို့''

''ဟင်းဟင်း . . . နင် အဲဒီလူကို ကော်ဖီနဲ့ မပက်ခဲ့တာ ဘဲ တော်သေးတယ်''

''အမယ်လေး! လုပ်ချင်လိုက်တာမှ လက်ကို ယားနေ

တာဟဲ့။ ကော်ဖီနဲ့ပက်ရုံတင်မဟုတ်ဘူး။ ကော်ဖီပန်းကန်နဲ့ကို ခင်း ခေါင်းကို ခေါက်ထည့်လိုက်ချင်တာ''

''စိတ်လျှော့. . . စိတ်လျှော့ ဘော်ဒါရေ။ အဲဒါနဲ့ နောက် တစ်ယောက် ထပ်ကြည့်ရဦး မှာမဟုတ်လား''

''အင်း. . . ဆရာဝန်ကိုတော့ အစောကြီးကတည်းက ပယ်မဲပေးထားပြီးသားပါဟာ''

''ဘာလို့လဲ''

''ငါ့အတွက် အချိန်ပေးနိုင်မှာမှမဟုတ်တာကိုး။ ပြီးရင် ဆေးရုံကပြန်တိုင်း သူ့ကိုယ်မှာ ဆေးနံ့တွေ စွဲလာရင် ငါသေရ ချည်ရဲ့''

''ဟယ်! ယူဖြင့်မယူရသေးဘူး။ နင့်ဟာက ချေးများ လိုက်တာ ချိုရယ်''

''နင်ကမှ ရောဂါထူတဲ့ဟာ၊ ဆရာဝန်ကို နင်ပဲယူ''

''ခွေးစုတ်မ''

မိမောင်က စိတ်ဆိုးပုံမရဘဲ ရယ်သံဖြင့် ကျွန်မကိုအော် လိုက်လေ၏။ Monday မှ အရောင်းပါးသလို ပျင်းပျင်းရှိတုန်း Phone ဆက်ဖြစ်တာမဟုတ်လား။ နေပါဦး၊ ဒီနေ့တစ်နေ့လုံး ကိုဒေါ်သကို မမြင်မိပါလား။ မနက်ကရော အခုအချိန်ထိ အရိပ်





သော်မှ မမြင်ရပါလေ။

''ဘာပြောလိုက်တယ်''

''နင့်မျက်စောင်းထိုးကလူနဲ့ရော OK! လားလို့''

''မိန်းမ! နင်သဘောကျနေပြီလား''

''ဝေးပါသေး''

''ဟိုက နင်လာမှ အအေးတွေဘာတွေပို့ခိုင်းတာ မောင် ဦးတော့ မရိုးဘူးဟဲ့''

''အိုးမလုံအုံမပွင့်နဲ့ မိန်းမရေ၊ ငါက အနေသာကြီး။ ကြားပွဲစားလုပ်ရင် ပွဲစားနဲ့ပဲ ညားတတ်တယ်တဲ့။ သဘောပေါက် ပါပဲ''

ကျွန်မ ပြုံးစိစိဖြင့် Phone ပိတ်လိုက်တော့၏။ အဲဒီ မိန်းမဟာ သူများအဟွင်းရေးတွေ မရမကနှိုက်ပြီး ကုန်ကြမ်းလုပ် လုပ်ပစ်တာ။ သူကိုယ်တိုင်ကဖြင့် အသည်းကွဲမှာစိုးပြီး အထိ တောင်မခံတာလေ။

''မမ''

''ဟော. . . ဝါဝါရောက်လာပြီလား။ ဘာချက်လာတုန်း''

''မမကြိုက်တဲ့ ကြက်အူကို ခြောက်ခြောက်လေး ချက် လာတယ်။ မုန်ညင်းရွက်နဲ့ ကြက်ရိုးဟင်းချို၊ ကင်းပွန်းချဉ်ရွက်

ကြော်နဲ့ ဒါက ရွှေဖရုံသီးဟင်း''

''အမယ်လေးတော် . . . ဆိုင်ကို ဖရုံသီးထည့်လာမှတော့ ငါ့အိပ်ပျော်တော့မှာပဲ''

''ဟင်! ဖရုံသီးဟင်းက အိပ်ငိုက်လို့လား''

''အကြောတက်တော့ ငိုက်တာပေါ့ဟဲ့၊ ဒါလေးတောင် မသိဘူးလား''

''ဟင့်အင်း . . . စားတော့မလား မမ''

''အေး . . . ပျင်းလို့သေတော့မယ်၊ စားကြတာပေါ့''

''အိမ်မှာ ကြီးမေ ရောက်နေတယ်''

''ဘာ! ''

ထမင်းစားဖို့ပြင်ရင်းမှ အံ့ဩသွားရပါ၏။ မာတာမိခင်တော့ ဘာလာလုပ်ပြန်ပါလိမ့်နော်။ တကယ်ဆို ကျွန်မနဲ့တွေ့ချင်ရင် ဆိုင်ကိုလာရမှာမဟုတ်လား။ အခုတော့ နေခင်းကြောင်တောင်ကြီး ကျွန်မမရှိတဲ့တိုက်ခန်းကို လာရတယ်လို့။

''ဘာလာလုပ်တာတဲ့လဲ''

''သိဘူးလေ၊ အခြောက်အခြမ်းတွေ ယူလာတာတော့ အများကြီးပဲ။ ဖရုံသီးကို ကြီးမေကိုယ်တိုင် စပ်စပ်လေး ချက်ပေးလိုက်တာ မမရဲ့။ ပုစွန်ကျော့လေးတွေတောင် ပါသေး''





အင်း . . . မေမေချက်ပေးရင်တော့ ပုစွန်ကို ခေါင်းရော အမြီးပါမကျ အခွံပါချွတ်ပြီးမှ ထည့်ချက်ပေးတော့မှာလေ။ စားကောင်းလိုက်မယ့်ဖြစ်ခြင်း။ ဟင်းချိုကိုလည်း နွေးနွေးလေးထည့်လာတာမို့ စားမြိန်မှာပါလေ။

''အိမ်မှာ အိပ်မှာတဲ့လား''

''အင်း''

ဒုက္ခပဲ။ တစ်ညလုံး နားပူအောင်ပြောတော့မှာလေ။ ကိုကိုက ဟိုကနေ တစ်လလေး ပြန်လာတုန်း သူ့ကောင်မလေးနဲ့ စေ့စပ်သွားပြီးလို့ သတင်းစာထဲတောင် ကြော်ငြာထည့်ပြီးနေပြီ။ နောက်တစ်ခေါက်ပြန်လာရင် Wedding တဲ့။ ဒီတော့ ဒီနှစ်ထဲ ပြီးတော့မယ့် ကိုကို့မင်္ဂလာဆောင်ပြီးရင် နောက်နှစ်မှာ ကျွန်မအတွက်ကိစ္စက အရေးတကြီးလုပ်ပေးချင်နေပြီပေါ့။

''စိတ်ရှုပ်လိုက်တာ''

''မမကလည်း ကြီးမေနဲ့အတူ အိပ်ရမှာ ပျော်ဖို့တောင်ကောင်းသေးတာကို''

''နင်မသိပါဘူး''

''ဘာဖြစ်လို့လဲ''

''နင့်အစ်မ ငါ့ကို နင့်ကြီးမေက လင်ပေးစားဖို့ တစ်ည

လုံး နားချတော့မှာဟဲ့။ အဲဒီဒုက္ခကို နင်မှမခံစားဖူးတာ''

''အဲဒါဆို မမယောကျ်ားကို အခုတိုက်ခန်းမှာ ခေါ်ထား မှာပေါ့နော်။ သမီးကိုအလုပ်ဖြုတ်မှာလားဟင်''

''တယ်! လျှာက ရှည်ပြန်ပါပြီ၊ ငါယောကျ်ားယူမယ် လို့များ ပြောမိလို့လား၊ ကဲ''

''အ!''

စိတ်တိုတိုဖြင့် လက်ထဲကိုင်ထားသည့်ခွန်းဖြင့် ဝါဝါ့ခေါင်း ကို ခေါက်ခနဲခေါက်လိုက်မိ၏။ အလုပ်ဖြုတ်မှာ ကြောက်တာက ထားပါတော့။ လူကို ယောကျ်ားရစေချင်ရတယ်လို့။ စိတ်ကြီး ရယ်၊ ညစ်ရှု့။ ညီမင်းခင်နဲ့တွေ့တာက ဘာမှမကြာသေး။ နောက် လထဲမှာ ဟိုဆရာဝန်နဲ့သွားတွေ့ဦးမှာတဲ့။

အခုလည်း အိမ်မှာ ညအိပ်မယ်ဆိုတာက အကြောင်း မဟုတ်ပေမယ့် အိပ်ရာဝင်တာနဲ့ တဖွဖွပြောမည့်အကြောင်းအရာ က ဒီဘူတာပဲ ဆိုက်မှာမဟုတ်လား။ ဒီကနေ ထွက်ပြေးလို့ရရင် ထွက်သွားချင်လိုက်တာအမှန်ပဲ။ ကုန်ကြမ်းရဖို့ အထက်ဆန်လိုက် အောက်ခုန်လိုက် ခရီးထွက်လေ့ရှိတဲ့မိမောင်နဲ့ အဖော်စပ်ပြီး လိုက် သွားလိုက်ရ . . . ငါနော်။

''သမီး ဝိုင်းကူစောင့်ပေးရမလားဟင်''





''မစောင့်နဲ့တော့လေ၊ ဒီနေ့ အရောင်းပါးတာပဲ။ အိမ် ပြန်နှင့်ပါ။ ဟိုမှာ မေမေဘာလုပ်နိုင်းဦးမလဲမသိ။ မမ ဒီည စော စောပြန်ရောက်မယ်လို့ပဲ ပြောထားလိုက်၊ သိလား''

''ဟုတ်ကဲ့ မမ''

ဝါဝါက ကျွန်မကိုထမင်းလာပို့ပေးပြီး စားပြီးတာတွေ ကိုသိမ်းကာ နေ့လယ်တစ်နာရီကျော်ကျော်မှာ ပြန်သွားတော့၏။ ဒီနေ့မှ မိုးရိပ်မိုးငွေ့က ရှိမနေဘဲ ရာသီဥတုက ပူစပ်ပူလောင်ဖြစ် နေသလို နေရတာ တစ်မျိုးကြီးဖြစ်နေလေသည်။ ဘာကြောင့် ပါလဲ။

ဆိုင်မှာထိုင်နေရင် အကြည့်က သူ့ထံရောက်ရောက် သွားရသလို ကျွန်မကို မျက်စောင်းခဲပြီး လှမ်းကြည့်လေ့ရှိသည့် သူနှင့် အကြည့်ဆုံသွားရတိုင်း ဒေါသဖြစ်ခဲ့ရတာလေ။ သတိထား ဆိုပြီး သတိပေးသွားတဲ့မိမောင်စကားကိုလည်း မကြာခဏသတိ ရပြီး အမူမဲ့အမှတ်မဲ့မဖြစ်စေရအောင် နေဖြစ်နေတာပါလေ။

အလို! ကျွန်မစိတ်ထဲမှာ ဘာဖြစ်နေတာလဲ။ သူ့ကိုသတိ ရနေတာများလား။ မဖြစ်နိုင်တာ။ နေပါဦး . . . ခါတိုင်း မနက်ကို နှုတ်လင်းလာတက်ပို့ပေးတာမျိုး၊ ဈေးသွားခါနီး 'သွားစို့' ဆိုပြီး လာခေါ်တတ်တဲ့လူက ဘာကြောင့် ဒီနေ့မှ မနက်ကတည်းက

အရိပ်တောင် မမြင်ရတာပါလိမ့်။

နေမကောင်းဖြစ်နေလို့များလား။ မဟုတ်သေးပါဘူး။ ဒီ ကျားကိုးစီး စားမကုန်တဲ့ခန္ဓာကိုယ်က ဖျားနာစရာလား။ ကျွန်မ ကိုတောင် ဒေါင်ဒေါင်မြည်တဲ့သူလို့တောင်မှ ပြောသေးတာလေ။ ဆိုင်မှအရောင်းစာရေးမလေးတွေ ဝန်ထမ်းကောင်လေးတွေကို မေးကြည့်ချင်ပေမယ့် မမေးရဲ။ တော်ကြာ အိုးကမပူ စလောင်းက ပူ။ မဟုတ်သေးပါဘူး။ မြင်းကမလှုပ် ခုံကလှုပ်ဆိုပြီး ကဲ့ရဲ့ကြမှ အရှက်ကွဲရချည်ရဲ့။

"ဟော!"

အိမ်မှ Phone နံပါတ်ပို့ မေမေခေါ်ပြီမှန်း သိလိုက်ပါ၏။ ဝါဝါတောင်မှ အိမ်ပြန်ရောက်သေးရဲ့လားမသိ၊ မေမေက တော့ Phone ခေါ်နေပြီလေ။ Phone ကိုဖွင့်ကာ ဆိုင်ရှေ့ထောင့်နားရပ်ကာ ပြောလိုက်ပါ၏။

"ဟဲလို၊ ပြောပါမေမေ"

"ဝါဝါရော"

"ပြန်လွှတ်လိုက်ပြီလေ မေမေရဲ့"

"ဒီနေ့ ဆိုင်စောစောပိတ်နော် မိချို"

"အင်းပါ မေမေရဲ့၊ ချို ခြောက်နာရီလောက် ပြန်ခဲ့မှာ





ပါ။ ဒီနေ့ဆိုင်တွေလည်း အရောင်းပါးပါတယ်"

"အေးအေး. . . ဒါမှ ညနေစာစားဖို့ ဖိတ်ထားတဲ့ညှို့သည်နဲ့တွေ့ဖို့ အဆင်ပြေမှာ"

"ဟင်! ဘယ်ကညှို့သည်တွေလဲ"

"ညှို့သည်တွေမဟုတ်ပါဘူးဟဲ့၊ တစ်ယောက်တည်းပါ။ ဘယ်လိုဖြစ်ပြီး ပြူးတူးပြတဲနဲ့ ထအော်ရတာလဲ"

"ဩော်. . . မေမေ့ညှို့သည်လား"

"အေး"

တော်ပါသေးရဲ့။ ညှို့သည်တွေဆိုရင်တော့ မိသားစုတစ်စုဖြစ်ပြီး၊ ကျွန်မအဖို့ မျက်ခုံးလှုပ်စရာမဟုတ်ပါလား။ တစ်ယောက်တည်းဆိုတော့ မေမေ့သူငယ်ချင်းတစ်ယောက်ယောက်ပဲ ဖြစ်လောက်မှာပါလေ။

"ဒါဆို စောစောပြန်လာနော်၊ ဒါပဲ. . . ဒါပဲ"

"ဟုတ်"

ဘာတွေ လောနေမှန်းပင်မသိ။ Phone နဲ့ မှာတမ်းတောင် မခြွေနိုင်ဘဲ လောလောလောလောပြောပြီး ချသွားလေ၏။ ညနေစာကျွေးမလို့တဲ့။ အပင်ပန်းခံပြီး ချက်ပြုတ်နေရတယ်လို့၊ ငယ်သူငယ်ချင်းပဲဖြစ်မယ်ထင်ပါရဲ့။

ညနေစောင်းမှ ကလေးအတွက် နားကွင်းလေး လာဝယ်တာနှင့် ရောင်းလိုက်ရပြီး မှောင်ရီပျိုးခါစအချိန်မှာ ဆိုင်ပိတ်လိုက်ပါ၏။ တစ်ဈေးလုံးမှာ ကျွန်မဆိုင်ခန်း အစောဆုံးပိတ်တာမို့ အေးခန်းတွေ အံ့သြကုန်ကြလေသည်။

"အစ်မ ပြန်ပြီလား"

"အင်း"

"နေမကောင်းလို့လား"

"မဟုတ်ပါဘူး။ ဒီလိုပဲ စောစောပြန်ချင်လို့။ ဒါနဲ့"

မေးလိုက်လို့ကောင်းပါ့မလား။ အအေးလာပို့ဖူးတဲ့ကောင်လေးမို့ ကိစ္စမရှိ။ မေးလိုက်လို့ တစ်မျိုးထင်သွားမှာစိုးပြီး နှုတ်ရှဲ့နေတာတော့ အမှန်ပါလေ။

"ဘာလဲ အစ်မရဲ့"

"နင်တို့သူဌေးကို ဒီနေ့မတွေ့ပါလား"

ကြည့်! ထင်တဲ့အတိုင်းပါပဲ။ ကျွန်မကိုပြုံးစိစိနဲ့ ကြည့်တော့တာလေ။ အဲဒါကြောင့် မမေးချင်တာ။ ဒါတွေကိုကြိုသိနေလို့ နှုတ်ဆိတ်နေတာတောင်မှ လွှတ်ခနဲမေးမိရတယ်လို့။

"နေကောင်းပါတယ် အစ်မရဲ့"

ချာတိတ်လေးကို သိပ်အရေးမစိုက်ဟန်ဖြင့် ခေါင်းတင်





ချက်ညိတ်ပြကာ ဆိုင်မှထွက်လာခဲ့ပါ၏။ မှောင်ရီပျိုးပြအချိန်မို့ ကားလမ်းမထက်မှာ ကားတွေ စီတန်းနေလေသည်။ ကားရှင်း ကိုစောင့်ကာ လမ်းကူးခဲ့ပါ၏။ လမ်းထဲမှာ မီးတိုင်တွေက လင်းနေအောင် ထွန်းထားတာမို့ လမ်းက လင်းလင်းထင်းထင်း နေလေသည်။

တိုက်ပေါ်မော့ကြည့်စဉ် သူ့အခန်းက မီးထွန်းထားခြင်း ဘဲ မှောင်မည်းတိတ်ဆိတ်နေလေ၏။ ပြောတော့ နေကောင်း ယ်ဆို၊ ဘယ်တွေလျှောက်သွားနေလို့ အခန်းမှာမရှိရတာလဲ။ ဟုတ်သေးပါဘူး။ သူ့အတွက် ဘာကြောင့်များ ကျွန်မ ပူပန်နေ ဘာပါလိမ့်။ တိုက်ခန်းတံခါးစေ့ထားတာကို တွန်းဖွင့်လိုက်စဉ် ကျွန်မနှလုံးခုန်ရပ်သွားရလေ၏။

အလို! မေမေနဲ့အတူ ရယ်ရယ်မောမော စကားပြောနေ သူက မြတ်ဘုန်းခေါ်ရယ်လေ။

# အပိုင်း(၃)



ဘုရားရေ ! မေမေသဘောတူထားတဲ့ လူသုံးယောက်ထဲမှာ သူပါ အပါအဝင်ဖြစ်နေတာတဲ့လေ။ ဒုက္ခပါပဲ....ကျွန်မ ဘယ်လိုမှ ကြည့်မရတဲ့လူနဲ့ ဘဝလက်တွဲဖော်အဖြစ် သတ်မှတ်ဖို့က ဘယ်နည်းနဲ့မှ မဖြစ်နိုင်တာလေ....

ဒီမှာ "ချို"...မင်းဘက်က ဘယ်လိုပဲ ငြင်းဆန်ဆန်၊ ဘယ်လောက်ပဲ ခေါင်းခါခါခါ...ကိုယ်တို့နှစ်ဦးရဲ့လက်ဆက်ခွင့်က မိဘတွေရဲ့လက်ထဲမှာပဲ ရှိနေတာပါ။ ကိုယ်သာလျှင် မင်းကိုပိုင်ဆိုင်ခွင့်ရမယ့်လူပါ "နှင်းစက်ချို"...



# အခန်း (၁၇)

''ဟော . . . ပြန်လာပါပြီ''

''မမေ၊ ဘယ်လိုဖြစ်ပြီး သူက''

''သမီးတို့သိထားပြီးသားဆို၊ ဒါ မမေ့သူငယ်ချင်း ဝေဆွေ့ရဲ့သားပေါ့။ သမီးကိုပြောထားတာ စီးပွားရေးလုပ်တယ်ဆိုတဲ့ တစ်ယောက်လေ''

''ဟင်!''

သေစမ်း! ကံကြမ္မာနယ် ဆန်းပြားလိုက်ပါ့။ မေမေပြောထားတာကို အမှုမဲ့အမှတ်မဲ့ နေခဲ့မိတာလေ။ ဘုရားရေ! မေ့မေသဘောတူထားတဲ့ လူသုံးယောက်ထဲမှာ သူပါအပါအဝင်ဖြစ်နေတာတဲ့။ ဒုက္ခပါပဲ။ ကျွန်မ ဘယ်လိုမှကြည့်မရတဲ့လူနဲ့ ဘဝလက်

တွဲဖော်အဖြစ် သတ်မှတ်ဖို့က ဘယ်နည်းနဲ့မှ မဖြစ်နိုင်တာလေ။

"ဟဲ့! ဘာကြောင့်ကြည့်နေတာလဲ၊ ရေချိုးစရာရှိ မြန် မြန်ချိုးမှပေါ့။ ဒီမှာ မောင်ဘုန်းက ထမင်းစားဖို့စောင့်နေတာကို မြန်မြန်လုပ်လေ"

ဘယ်ကနေဘယ်လိုဖြစ်ပြီး အိမ်ကဧည့်ခန်းမှာ မိန့်မိန့် ကြီး လာထိုင်နေရတာပါလိမ့်။ ဒီကတော့ သူ့ကို တစ်နေကုန် မတွေ့ရလို့ တစ်ခုခုဖြစ်နေလားတောင် ထင်လိုက်မိသေးတာလေ။ ရှက်လိုက်တာနော်၊ ကိုယ့်ဘာသာကိုယ်ရှက်ပြီး လဲတောင်သေ ချင်လိုက်ပါဘီ။

"မမ၊ ရေချိုးဖို့ သမီး ရေနွေးတည်ပေးထားတယ်"

"အဲဒါက အရေးမကြီးဘူး။ ဧည့်ခန်းက ဟိုပုဂ္ဂိုလ်က ဘယ်တုန်းကတည်းက ရောက်နေတာလဲ"

"သမီးလည်းမသိဘူး မမရဲ့၊ ချက်ပြီးပြုတ်ပြီးချိန် တံခါး Bell သံကြားလို့ ဖွင့်ကြည့်လိုက်တာ အဲဒီဦးကို မြင်ရတာပဲ။ ကြီး မေက ဖော်ဖော်ရွှေရွှေနဲ့ ခေါ်ပြောပြီး ဝင်ခိုင်းတာလေ"

"မေမေ မကြာခဏလာတုန်းက သူနဲ့စကားပြောတာ မြင်ဖူးလား"

"ဟင့်အင်း"





အေးလေ၊ ဒီခပ်အေးအေး ခပ်တုံးတုံး ကလေးမကိုမေ့ တော့ရော ဘာထူးမှာမို့လို့လဲ။ ဒါဖြင့် ကျွန်မကိစ္စတွေကို အစ အဆုံး သူအကုန်သိထားပြီးသားပေါ့လေ။ ဟိုတလောက ညီမင်း ခင်နဲ့သွားတွေ့တာလည်း သိနေမှာပေါ့။ လူကို ဂေါ်မဖွံ့အပျိုကြီး ဆိုပြီး စိတ်ထဲကနေ ဘယ်လောက်များ လှောင်ချင်နေမလဲ။ ခံ ရခက်လိုက်တာနော်။

"ဟယ်! ခုထိ ရေမချိုးသေးဘူးလား။ သိပ်အီလေးဆွဲ တာပဲ မိချိုရယ်"

"ချိုးပြီ မေမေရေ့ . . . ချိုးပြီ"

ကျစ်! စိတ်ရှုပ်ရပုံ။ တစ်နေကုန် အရောင်းပါးလို့ လူ က ညစ်နေပါတယ်ဆိုမှ ဒင်းက ပိုစိတ်ရှုပ်အောင် လုပ်ရတယ် လို့။ ပါပါ ရေနွေးနဲ့ရေအေးစပ်ပေးတာကို ခပ်သွက်သွက်ချိုးလိုက် ရပါ၏။ အမယ်လေးနော်၊ သူ့ရှေ့မှာ လုတပတဝတ်၊ ပဲများပြီး အိမ်ထောင်ဘက်နဲ့သွားတွေ့ခဲ့မိတာ။ မျက်နှာပြောင်တောင် တိုက် မိသေးလားမသိ။

သေစမ်း! နင်းစက်ချို။ ဘာမဆို ရှေ့ကိုကြိုမမြင်နိုင်ဘူး ဆိုတာ မှန်နေပါရောလား။ အဲဒါ မိမောင်နူတ်စီးတာလေ။ ဒင်း လျှာရှည်ခဲ့လို့ အခုလိုတွေဖြစ်လာရတာမဟုတ်လား။ သိရင်တော့

ကျွန်မကို လှောင်လိုက်မယ့်ဖြစ်ခြင်း။

"သမီးရေ. . . ထမင်းပွဲ Ready ဖြစ်နေပြီနော်"

"လာပြီမေမေရေ့"

သနပ်ခါးပင် မလူးဖြစ်ဘဲ အဝတ်လဲကာ အခန်းထဲမှ ထွက်လိုက်ရ၏။ ဘာဖြစ်လဲ၊ ကျွန်မကို အိပ်ရာထခါစ ဘိုသီဘတ် သီပုံစံမျိုးနဲ့တောင် သူမြင်ဖူးသေးတာလေ။ မဖြီးမလိမ်းနဲ့ဖြစ်တော့ ဘာဖြစ်သေးလဲ။ ကိုယ့်ကိုမကြိုက်လေ ပိုလွတ်လပ်လေ မဟုတ်ပါလား။

"ဟဲ့! သနပ်ခါးလေးဘာလေး မလူးဘူးလား မိချိုရယ် ဘယ်လိုမိန်းကလေးလဲ"

"မေမေပဲ ဒီလောက်လိုက်အော်နေတာကို မလူးချင်ဘူး ဒီလိုပဲ"

"ဘာဒီလိုပဲလဲ၊ ခက်လိုက်တာနော်"

"ဗိုက်ဆာနေပြီ မေမေရာ၊ ထမင်းစားရမှာလား မစားရဘူးလား"

"ဟဲ့! ညွှန့်သည်ရှေ့မှာ ဘယ်လိုဖြစ်နေတာလဲ"

"ညွှန့်သည်"

"အေးလေ"





သူက ထမင်းဝိုင်းမှာ ထိုင်နေရင်းက သဘောကျသလို ပြုံးလိုက်လေ၏။ ကိုယ့်အိမ်မှာကိုယ် ထမင်းစားတာ သူ့ကိုရှက်နေရမှာလား။ ကျွန်မက နဂိုကတည်းက အစားအိမ်သမားမို့ ဗိုက်ကိုအဆာမခံဘဲ ခဏခဏ တတွတ်တွတ်စားကျင့်ရှိတာလေ။

"သူ့ကိုများ ဘာလို့ရှက်ရမှာလဲ"

"ဟယ်. . . မိချို"

"နေပါစေ အန်တီ၊ ရပါတယ်။ အန်တို့သမီးက ဒီပုံစံမျိုးပဲ ပြောတတ်တာ ကျွန်တော်သိပြီးသားပဲဟာ"

"ရှင်! ကျွန်မ မကောင်းကြောင်းတွေ မေမေ့ကို ဘယ်လောက်ထိ ပြောပြီးပြီလဲ"

"ကဲ. . . ကြည့်"

"ကိုယ်က ဘာပြောလို့လဲ ချိုရဲ့"

"မပြောနိုင်ဘူးလေ၊ မေမေနဲ့ ဒီလောက်အကြာကြီး စကားပြောနေမှတော့ ကျွန်မအကြောင်းတွေ အနည်းနဲ့အများ ပြောဖြစ်မှာပဲကို။ သိပြီးသား"

"ဒီကောင်မလေးကတော့လေ၊ မောင်ဘုန်းကို အားနာရော"

မေမေက ထမင်းပန်းကန်ထဲ ထမင်းထည့်ပေးနေရင်း

ကျွန်မပေါင်ကို ဆွဲဆိတ်လေ၏။ သူ့ရှေ့မှာ အပြောအဆို ဆင်ခြင်စေချင်တဲ့သဘောမျိုးပါလေ။ ခက်တာက သူနဲ့ကျွန်မက ဘာမဆို ဟန်ဆောင်ပန်ဆောင်နဲ့ ဖုံးကွယ်ထားတာမျိုးမရှိဘဲ ရှင်းရှင်းဘွင်းဘွင်းပြောကျင့်ရှိကြတာလေ။

"နာတယ် မေမေရ"

"တယ်! . . . ငါနော်"

"သူ့ကို ချိုဖိတ်တာမှ မဟုတ်တာ၊ မေမေပဲ ညှော်ခံပေါ့ စားပြီ"

"ဟဲ့! ဒီလောက်ပြောနေတဲ့ကြားက ခက်တော့တာပဲ"

တကယ်လည်း ဗိုက်ထဲက အရမ်းဆာနေပြီမို့ သူ့ကို ဟင်းခပ်ထည့်ပေးတာတွေဘာတွေ လုပ်မနေတော့ဘဲ ကျွန်မ ကြိုက်တဲ့ဟင်းတွေ ခပ်ထည့်ကာ ခပ်မြန်မြန်စားနေပါ၏။ သူက တော့ မေမေဟင်းထည့်ပေးတာကို ခပ်မှန်မှန်စားရင်း မျက်နှာ ချင်းဆိုင်ခုံမှာ စားနေသည့်ကျွန်မကို ပြုံးမြမြဖြင့် ကြည့်နေလေသည်။

မိန်းကလေးဆိုတာ ကိုယ်ချစ်တဲ့သူ၊ မဟုတ်သေးဘူး ကိုယ့်ကိုချစ်နေတဲ့သူရှေ့မှာ ဘာပဲလုပ်လုပ် ဘာပဲစားစား ရှက် စနိုးဖြစ်နေတတ်တာတဲ့။ ယုတ်စွအဆုံး မျက်နှာပေါ် ဆံနွယ်လွှင့်





ကျနေတာကိုတောင် သူတို့ရှေ့မှာ သပ်တင်ဖယ်ရှားဖို့ မဝံ့မရဲဖြစ် တာတဲ့လေ။ မိမောင်ရေးဖူးတဲ့ဝတ္ထုတွေထဲမှာ ဖတ်ဖူးတာပြောပါ တယ်။

အဲဒီလို ကိုယ်က အမှတ်တမဲ့လုပ်လိုက်မိရင် သူတို့ကို အရိပ်အယောင်ပြတာမျိုးဖြစ်သွားမှာ စိုးရိမ်ရတယ်ဆိုလားပဲ။ မသိ ပါဘူး။ ကျွန်မကတော့ လောလောဆယ် ဆာနေသည့်ဗိုက်ကို မြန်မြန်ပြည့်အောင် ဖြည့်ဖို့တစ်ခုကိုသာ အာရုံစိုက်ထားတာပါ။

သေချာပါတယ်၊ သူ့ကိုရှက်မနေတဲ့အတွက် သူ့ကိုလက် သင့်ခံဖို့ ကျွန်မနှလုံးသားက အေးစက်စက်ကြီးဖြစ်နေတာမဟုတ် ပါလား။ ချစ်ဖို့ဆိုတာကတော့ အဝေးကြီးမှာပါပဲ။

"နေ့လယ်က သားကြီး Phone ဆက်တယ်"

"အင်း"

"သူ့အတွက် ခြံဝယ်ပြီး တိုက်ဆောက်ပေးထားပါတဲ့"

"ဘာ . . . အဟွတ်! အဟွတ်!"

ကျွန်မ ထမင်းစားနေရင်း သီးသွားရပါ၏။ ဘယ်လိုဖြစ် ပြီး ဒီလိုသူစိမ်းရှေ့မှာမှ မေမေ ဒီစကားပြောထွက်တာပါလိမ့်။ ကိုကိုပို့ပေးတဲ့ငွေတွေကိုစုပြီး ခြံဝယ်ပေးထားတာမှ မကြာသေး။ နောက်ဆုံးအရစ်ပေးချေဖို့ သိန်းနှစ်ဆယ်တောင် ကျန်သေးတာ

လေ။ ဒီအစ်ကိုကတော့ ဒီက ဆောက်လုပ်စရိတ်တွေ ဘာတစ်ခုမှသိမထားဘဲ မျက်လှည့်ဆရာလို အပ်ချလောင်း! ဆိုရုံနဲ့ ဝုန်းခနဲ တိုက်ကြီးဆောက်ပြီးတယ်များ ထင်ထားလေလားမသိ။ ခက်များခက်ပါရဲ့။

"မေမေ့ဆီ သူဘယ်လောက်များ ပို့ထားလို့လဲ"

"မပို့ဘူးလေ၊ သမီးကိုပဲ ပို့တာမဟုတ်လား"

"သူပို့တဲ့ငွေက ခြံဝယ်တာနဲ့ ကုန်နေပြီလေ။ ခြံကျယ်ကျယ်ဆိုလို့ သိန်း(၁၀၀၀)ကျော် ခြံဝယ်ထားပေးတာ၊ ကြားထဲက ချို သိန်း(၂၀) စိုက်ရဦးမှာ"

"ဪ! သမီးကို (၆)လစာ သူစုပြီး ပို့ပေးဦးမှာလေ"

"(၆)လစာ"

"အေးလေ"

(၆)လစာဆို၍ TV ထဲမှာ 'ဟဲဗီးဖြိုး'လေး ကြော်ငြာထားတဲ့ 'လေဆာ'သွားတိုက်ဆေးကို အာရုံထဲ ကွက်ခနဲမြင်ယောင်လိုက်မိသေး၏။ အဟုတ်ကို လေပဲရှိတဲ့ကိုကိုပဲ မဟုတ်ပါလား။ နဂိုကတည်းက မိဘအထောက်အပံ့နဲ့ ကျောင်းပြီး သင်တန်းပြီး အခန့်သင့်လေး အလုပ်ဝင်သွားရတာ ပေါ့ပေါ့လေးပါပဲ။ ရှာသမျှကိုသုံးပြီး ဒီကနေ ကျွန်မ တပွမ်ပွမ်တကျီကျီပြောလို့သာ တစ်လစာ





(၁၅)သိန်းထဲက (၈)သိန်းလောက်ကို ပေးတာလေ။

အခု 'မျိုးပပ'နဲ့စေ့စပ်ပြီးမို့ လစဉ်ငွေက (၆)သိန်းခန့်လောက်သာစုပြီး မဖြစ်ဖြစ်အောင် ပို့ပေးနေတာ ဘယ်သူသိလို့လဲ။ ကြားထဲက ဦးနှောက်စားပြီး ခေါင်းကိုက်နေရတဲ့ဒုက္ခက ကျွန်မတစ်ဦးတည်းသာ ခံစားရတာပါပဲ၊ ပြောတော့ဖြင့် အလဝ်ဆိုတာဘာမှအရာမဝင်ဘဲ လစ်လပ်နေတာဆို။ အခုတော့ ကျွန်မမှာဟိုနေရာစပ်စပ် ဒီနေရာစပ်စပ်နဲ့ ပါလေရာ ငါးပိချက်ဖြစ်နေရတာလေ။

"သူ ခြောက်လစာပေးတဲ့ငွေနဲ့ ဆောက်ရင် Service ကျင်းနဲ့ Toilet လောက်ပဲ ရမယ်"

"ဟဲ့!"

သူ မပြုံးဘဲမနေနိုင်သလို ရယ်ချလိုက်လေ၏။ အဲဒါတွေပေါ့။ ချိုဟာ ဘာကိုမှဟန်ဆောင်ပန်ဆောင်မပြောတတ်ဘဲ ဒီအတိုင်း စိတ်ထဲရှိသလို ပြောချတတ်တာလေးကိုပဲ သူသဘောကျနေမိတာလေ။ အန်တီကတော့ သူ့ကိုမျက်နှာပူ အားနာနေတာ အသိသာကြီးပါပဲ။ သူ့ရဲ့ချိုကဖြင့် သူရှိနေတာကိုတောင်မှအမှုမထားသလိုပါ။

"ဟုတ်တယ်လေ မေမေရဲ့၊ ကိုကိုပို့မယ့်ငွေက အလွန်

ဆုံးရှိလှမှ (၅၀) (၆၀)ပေါ့။ ဒီလောက်ငွေကလေးနဲ့ ဘာကိုသွားဆောက်လို့ရမှာလဲ။ တိုက်ဆောက်တယ်ဆိုတာ အနည်းဆုံး(၅၀၀) (၆၀၀) အောက်ထစ်နဲ့ အမြဲနှစ်ဆကုန်တာကို''

''ဒီလိုပဲ ဖြည်းဖြည်းဆောက်ပေးပေါ့ဟယ်''

''မေမေ့ Contract ကို အဲဒီလိုသွားအပ်လိုက်မိလို့ကတော့ ဟိုက ပါးပါးလှီးတာနဲ့ Tissue paper လို ပါးပါးလွှာလွှာဘာဝ ပြောင်းသွားမှာ အတိအကျပဲ''

''နင်ကတော့လေ၊ ပြောလိုက်ရင် အဖျက်ကြီးပဲ''

''အဖျက်ပြောတာမဟုတ်ဘူး မေမေရဲ့၊ အခု ရေတွင်းတူး အခုရေကြည်သောက်ချင်လို့ မရဘူးလို့ပြောတာလေ။ အစကတည်းက တိုက်ပါပြီးသား ဝယ်ဆိုလည်း သူများနေပြီးသားကြီး မနေချင်ဘူးလေးဘာလေးနဲ့ ဂျီဂျောင်ကျပြီးတော့''

''အဲဒါ ညည်းအစ်ကိုပဲလေ၊ ဒီလောက်တော့ ရှိမှာပေါ့''

''မေမေမွေးထားတဲ့ မေမေ့သားကိုများ''

သားအမိနှစ်ယောက် တစ်ယောက်အပေါ် တစ်ယောက် အပြစ်ပုံချနေပေမယ့် စကားများနေပုံတော့ မဟုတ်ပါလေ။ ချို ပြောနေတာက အမှန်ပါပဲ။ ပစ္စည်းလုံလုံလောက်လောက်စုပြီးမှ ထဆောက်ရင် အဆင်ပြေမှာကိုး။





''ချိုလိုအပ်ရင် ကိုယ့်ဆီက ယူထားပေါ့။ နောက် ဖြည်းဖြည်းချင်း ပြန်ပေးရင်ရတာပဲ''

''ဟုတ်သားပဲ၊ သားအကြံမဆိုးဘူး''

''အို! ဘာလို့ယူရမှာလဲ၊ သူစိမ်းဆီကနေ အောက်ကျနောက်ကျယူရမလား။ လိုရင် ချိုစုထားတဲ့ရွှေတွေ အကုန်ထုခွဲနိုင်ရတယ်။ မလိုဘူး''

''သြော်. . . ဒီကလေးမကတော့လေ''

တွေ့လား။ သူ့ချိုက အဲဒီလိုပါဆို။ ကိုယ်တိုင် စီးပွားလုပ်တတ်သူမို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တယ်ဆိုတာ အမှန်ပါလေ။ မာနလေး ထားတတ်တာကိုက လေးစားစရာပါပဲ။ မင်းဆီမှာ ကိုယ်သဘောကျရတဲ့အချက်တွေ တစ်ခုပြီးတစ်ခု တိုးတိုးလာတာပါလား ချို။ ကက်ကက်လန် ပြန်ပြောကျင့်တစ်ခုက လွဲရင်ပေါ့နော်။



## အခန်း (၁၈)

တော်တော်အလုပ်ရှုပ်နေပုံပါပဲ။ ဆိုင်ကိုတောင် ကောင်းကောင်းဖွင့်ပုံမရ။ အစတုန်းကဖြင့် သူ့လိုပဲ ရွှေဆိုင်အသေးလေးဖွင့်သည်ထင်ထားတာပါ။ တကယ်တမ်းမှာဖြင့် အရစ်ကျ ငွေချေးနေစ်နဲ့ ရောင်းသတဲ့။ ဒီကြားထဲ ငွေတိုးချတာ ရွှေအပေါင်ခံတာကို လုပ်လိုက်သေးတာလေ။

ကြဲကြဲဖန်ဖန် ငွေရှာတတ်တဲ့ချိုပါပဲ။ ငွေချေးတာက ငါးကျပ်တိုးနဲ့။ ပြီးတော့ ပိစိပိစိမျိုးချေးတာမဟုတ်ဘဲ လုံးခနဲ ပြန်ဆပ်နိုင်မယ့်လူမျိုးကိုပဲ ပေးတာလေ။ သဘောသားကတော်တွေနိုင်ငံခြားမှာ အလုပ်သွားလုပ်ကြတဲ့အိမ်သားမျိုးတွေကို ဘယ်နှသိန်းယူမှာလဲ၊ (၁၀)လား (၂၀)လား။ အနည်းဆုံး (၅)သိန်းက

စဈေးတာတဲ့လေ။

ငွေရှာတတ်ပုံကဖြင့် ညြချလောက်ပါရဲ့။ သူကဖြင့် အဲ ဒီလိုရွှေဆိုင်ပိစိလေးတွေက လာယူရင် ရွှေအခေါက်သားပဲ ဘယ် နှကျပ်သားဆိုပြီး ချေးတာ။ တစ်လပြည့်ရင် အခေါက်ရွှေအတိုင်း ပြန်ပေး။ ငွေချေးတာမျိုးမလိုချင်ဘဲ ကူညီတာမျိုးပါ။ အတိုးအဖြ တစ်လစာငွေကိုတော့ ယူတဲ့ Amount နည်းနည်းပေးခိုင်းတာ တော့ ရှိပါ၏။ သိပ်ကြီးမများလှပါ။ ရွှေဈေးအတက်အကျဈေး ကစားတာပဲ ရှိတာမို့ ရွှေယူသူရော သူပါ နစ်နာမှုမရှိပါလေ။

သူမကဖြင့် တစ်နေ့တစ်နေ့ လယ်ဂျာစာအုပ်သုံးထော အုပ်ကို လှန်လှောရင်း အလုပ်ရှုပ်နေတော့တာလေ။ အခုဆို ဆိုင် မှာ ရွှေမတင်ထားပေမယ့် ဝါဝါ့ကို လာထိုင်ခိုင်းပြီး အတိုးသိမ်း ခိုင်းတယ်ဆိုလားပဲ။ ဝါဝါပင် ချို့နဲ့ပေါင်းပြီး လည်လည်ဝယ်ဝယ် ရှိလာသလိုပင်။

ဟိုတလောက အန်တီပြောလိုက်လို့ ချို့အစ်ကိုအတွက် အိမ်ဆောက်ဖို့ အပူတပြင်းငွေရှာနေလေသလား။ မောင်နှမချ ယောက်ထဲမှာ အလတ်ဖြစ်ပြီး၊ အကြီးဆုံးလိုတာဝန်မျိုး ယူထား ရတာမို့ ချို့ကို သူသနားကရုဏာသက်မိတာ အမှန်ပါပဲ။ အဲ တော့ မရွှေချောက နည်းနည်းမှမသိတာ်သလိုပါလေ။





"တင်းတောင်!"

"ဟော..."

တံခါး Bell သံကြောင့် စာရင်းတွေပြန်စစ်နေရာမှ ထ ရပ်လိုက်ပါ၏။ သူ့အိမ်ကို ဒီလို ဘယ်သူမှ လာလည်ကြလေ့မရှိ ပါဘူး။ အန်တီထမင်းစားဖိတ်တုန်းကတောင်မှ Phone နဲ့ဆက် ပြီး ဖိတ်တာပါလေ။ တံခါးဖွင့်လိုက်စဉ် သူ့အခန်းရှေ့မှာ ကုပ် ကုပ်လေး ရပ်နေတာက ချို့အိမ်ကကောင်မလေး ဝါဝါဖြစ်နေ လေသည်။

"ဘာလဲ ဝါဝါ"

"ဦးကို မမက ပြောစရာရှိလို့တဲ့"

"ပြောလေ၊ ဘာပြောမှာမို့လို့လဲ"

"အဲလိုမဟုတ်ဘူး။ မမက အားရင် ခဏလောက် လာ ခဲ့ပါ့ မှာလိုက်တာပါ"

"ဩော်"

"အားရဲ့လား မေးလိုက်ပါသေးတယ်၊ အားမှလာပါတဲ့"

သူပြုံးလိုက်ပါ၏။ ပြောစရာရှိလို့ တွေ့ချင်တယ်ဆိုပဲ။ ဒီတောင် ထများပေါက်လေပြီလား။ ဒီကိုလာမပြောဘဲ သူမ ကိုခေါ်ခန်းကိုခေါ်ပုံက နည်းနည်းတင်စီးတာမှန်ပေမယ့် မိန်းမသား

တွေ့မှ သူနားလည်ပေးနိုင်ပါ၏။ သူ့အခန်းကိုတော့ ဘယ်လာချင် ပါ့မလဲလေ။

"ချို့ကိုပြောလိုက်ပါ၊ ကိုယ် အခုလုပ်လက်စအလုပ်ပြီး ရင် ခဏနေ လာခဲ့မယ်လို့"

"ဟုတ်ကဲ့ ဦး"

ကဲ! မမဖုရားက တွေ့ချင်တယ်ဆိုမှတော့ သွားတွေ့ရ တော့မပေါ့။ ဒီလိုအခွင့်အရေးက ရခဲပါဘိ။ အခုဆို ဆိုင်ဖွင့်ချိန် ပြန်ချိန်ပါ မတူတော့တာမို့ ဒီမျက်နှာလေးကို တွေ့ရခဲပါဘိ။ မမြင် ရတာ ကြာများကြာနေပြီလား။

စာရင်းစစ်နေတာကို နေရာသေချာမှတ်လိုက်ပြီး Lap Top ကို Save လုပ်ပြီး ပိတ်လိုက်ပါ၏။ သူ့စာရင်းဇယားက Computer ထဲမှာ ငွေစာရင်းအတိအကျဖြင့် လစဉ်သိမ်းထား တာပါ။ ဆိုင်ခွဲတွေရဲ့စာရင်းကိုလည်း သူကိုယ်တိုင် ကြီးကြပ်တာ မို့ ငွေကွာတာမျိုး ဘယ်တော့မှမရှိတတ်ပါချေ။

တံခါးကို Lock ချလိုက်ပြီး လေးလွှာပေါ် တက်ခဲ့ပါ၏။ သံဘာဂျာတံခါးကို စေ့ထားပေမယ့် သစ်သားတံခါးကိုတော့ ဟင်း လင်းဖွင့်ထားလေသည်။ ဒါက Welcome ဆိုတဲ့သဘောပေါ့ လေ။ ခါတိုင်းတော့ တံခါး Bell ကို သူအမြဲနှိပ်ပြီး ခေါ်ရတာ





ဟုတ်လား။ အန်တီနွယ်နဲ့သူ တော့တော့ဆိုင်ဆိုင်ဆုံပြီးကတည်း သူမနှင့် ပိုနီးကပ်မယ်ထင်ထားပေမယ့် တကယ့်တကယ် တော့ မျက်နှာချင်းဆုံဖို့တောင် ခပ်ခက်ခက်မဟုတ်ပါလား။

"မမရေ . . . ဦးလာပြီ"

ဝါဝါက သူ့ကိုမြင်သွားပြီး ဘာဂျာတံခါးစေ့ထားတာကို ဆွဲဖွင့်ပေးလေ၏။ ပြီးနောက် သစ်သားတံခါးကို စေ့ပိတ်လိုက် သည်။ ထောင့်ဆုံးခန်းမို့ ဘယ်အခန်းကို ဧည့်သည်လာလာ သတိမထားမိကြပါလေ။

"ခဏနော် . . . ဦး"

"ရပါတယ်"

သူမ ထွက်မလာတာမို့ ဝါဝါက သူ့ကို ဧည့်ခန်းဆက် မှာ ထိုင်ခိုင်းပြီး အတွင်းခန်းသို့ဝင်သွားလေ၏။ ပထမဆုံး ကြိမ် အန်တီဖိတ်တုန်းက ဒီတိုက်ခန်းကိုလာခဲ့ဖူးပေမယ့် လူ ရှေ့မှာမို့ အခန်းဝန်းကျင်ကို စေ့စေ့စပ်စပ်မကြည့်ဖြစ်ခဲ့။ အခု ဧည့်ခန်းပတ်လည်ကို သေချာကြည့်မိတာပါလေ။

"ရောက်ပြီလား"

အသံကြောင့် ဗီရိုပေါ်တင်ထားသည့် ဓာတ်ပုံမှန်ဘောင် လတ်လေးကိုင်ထားရင်း လှည့်ကြည့်လိုက်မိ၏။ ချို့တို့ကတော့

ထုံးစံအတိုင်း သနပ်ခါးမလိမ်းဘာမလိမ်း မျက်နှာပြောင်နဲ့ အိ
နေပုံစံပါပဲလေ။

"ကျွန်မတော်ပုံကို ဘာလုပ်တာလဲ"

"ကြည့်တာပဲလေ၊ တွန့်တိုရန်ကော"

Second year တက်တုန်းက သူငယ်ချင်းတွေနဲ့ အ
လိုက် ငါးပုံ၊ ပြီးတော့ တစ်ဦးချင်း တစ်ပုံစီ ရိုက်ဖြစ်ခဲ့တာ
တက္ကသိုလ်ဆိုင်းဘုတ်ပါအောင် ရိုက်ကြရင်း ချိုက မြက်ခင်း
ဒူးထောက်ထိုင်ချလိုက်စဉ် မိမောင်က ထီးဖွင့်ကာ အပြေးလာ
ပြီး ပဲခပ်များများဖြင့် Post ပေးစဉ်၊ 'ငါဟဲ့! Physics Quee
ထီးအကွင်းနဲ့နော်' ဆိုပြီး ဘေးကနေ စနေကြတာမို့ အားရပ
ရယ်မိတုန်း ဓာတ်ပုံဆရာက ဖျတ်ခနဲရိုက်ခဲ့တာပါ။ လန်းဆ
တက်ကြွတဲ့အပြုံးမျိုးနဲ့ ဆံပင်ကလည်း ခပ်ရှည်ရှည်မို့ အခု
မြင်ရရင် ချိုမှန်း ရုတ်တရက် မှတ်မိစရာမရှိပါလေ။

"ဘာပြောမှာလဲ"

"အင်း"

သူက ခုံမှာပြန်ထိုင်လိုက်သဖြင့် စကားစရန် ခက်
ပါ၏။ မေမေကတစ်ဆင့်ပြောရင် ရနိုင်ပေမယ့် ငွေရေးကြေး
ကိစ္စလောက်ကိုတော့ တိုက်ရိုက်ပြောလို့ရတာမဟုတ်လား။ ကြ





ထဲကနေ မေမေ့ကို ဒုက္ခမပေးချင်လို့ပါပဲ။

"အကူအညီတောင်းမလို့"

"အကူအညီ"

"အင်းလေ၊ ဟိုတလောကပဲ ကူညီမယ်ဆို။ ဘာလဲ! စိတ်ပြောင်းသွားပြီလား"

"မဟုတ်ပါဘူး ချိုရဲ့၊ ပြောပါ"

သူက ရွှေယူရင် အတိုးနည်းနည်းပါးပါးနဲ့ပဲ ပေးမှန်း ချိုကြိုသိထားပါ၏။ ငွေယူရမှာကိုတော့ နည်းနည်းနောက်တွန့်နေသလိုပါပင်။ သူစိမ်းတွေကို ငွေချေးတုန်းကဖြင့် ခပ်တည်တည် မျက်နှာနဲ့ 'ဘယ်နလ အကြွေးဆပ်နော်၊ အတိုးက ဘယ်လောက်' ဆိုပြီး ပြတ်ပြတ်သားသားလုပ်လေ့ရှိသော်ငြား ကိုယ့်အလှည့်မှာတော့ မျက်နှာပူရတာကိုး။

"ဟိုလေ"

"ဘာလဲ. . . ရွှေယူမှာလား၊ ဘယ်နှကျပ်သား ယူမှာလဲ၊ ရပါတယ် ချိုရဲ့"

"ရွှေမယူပါဘူး။ ရှင်ကလည်း"

"သြော်. . . ဒါဖြင့် ငွေလား"

"ဟုတ်တယ်"

"ယူလေ၊ ဘယ်နရော ယူမှာလဲ"

"အာ. . . ရာနဲ့ချီပြီး မယူပါဘူး။ ကိုယ်ပြန်မပေးနိုင်တဲ့ Amount မျိုး ယူစရာလားလို့"

ခုမှပဲ သဘောမနောကောင်းပြီး ရက်ရက်ရောရောကို ပေးနေတာပါလား။ ပြီးမှ လူကို အကြွေးနဲ့သိမ်းမှ ဒုက္ခလေ။ ဒီလောက်တော့ ချိုတို့က ကြိုမြင်ပြီး ရှောင်တတ်တိမ်းတတ်ပါတယ် မောင်မင်းကြီးသားရယ်။ စီးပွားရေးလုပ်နေတဲ့လူပါဆိုမှ ကိုယ့်သေတွင်းကို ကြိုမမြင်လို့ရမလား။

"ဒါဆို ဆယ်ဂဏန်းလား"

"ဟုတ်တယ်၊ (၃၀)လောက်။ အတိုးဘယ်လောက်ပေးရမလဲပါပြောနော်"

"ချိုကလည်းလေ"

"အတိုးမယူဘူးလို့ မပြောနဲ့နော်၊ အဲဒါဆို ရှင့်ဆီက ကျွန်မ မယူတော့ဘူး။ တခြားကပဲ ဆွဲလိုက်တော့မယ်"

"ဟာဗျာ! ဘယ့်နှယ်တုန်း ချိုရဲ့၊ ကိုယ်က ငွေတိုးချေးစားနေတဲ့လူမှမဟုတ်တာ။ အဲဒီအတိုးတွေဘာတွေ မတွက်တတ်ဘူး"

"ကျွန်မ သူများကိုငွေပေးရင် ငါးကျပ်တိုးပဲ ယူတာရှင့်၊





သိပ်ကြာကြာတော့ မထားဘူး။ နှစ်လသုံးလအတွင်း ငွေအကျေဆပ်နိုင်းတာ"

"အင်းလေ၊ ငါးကျပ်ဆိုတော့လည်း ငါးကျပ်ပေါ့"

သူက လက်လျှော့ပုံဖြင့် ဒူးပေါ်တံတောင်တင်လက် မေးကို လက်ထောက်ပုံစံမျိုးလုပ်နေလေ၏။ ရော် ! အတိုးပေးပြီး ငွေယူမယ့်ချိုက မျက်နှာငယ်မနေဘဲ ဘယ်လိုဖြစ်ပြီး သူက ဒီလို မျက်နှာမျိုးဖြစ်နေရတာပါလိမ့်။

"ကျွန်မ တစ်လပဲယူမှာ"

"ဘာဖြစ်လို့လဲ"

"လောလောဆယ် ငွေ လုံးခနဲ အရေးတကြီးလိုနေလို့ပေါ့ရှင့်။ ကျွန်မပေးထားတဲ့ငွေတွေက ဒီလထဲပြန်မရလို့ ခုလို အကူအညီတောင်းရတာ။ နို့မို့ အောက်ကျနောက်ကျပြောစရာတောင်မလိုဘူး"

တွေ့လား. . . အဲဒါပဲ။ သူတစ်ပါးဆီကလည်း ငွေယူသေးတယ်၊ လေသံက မိုးထက်ကကို မဆင်းတာလေ။ သူ့ဆီက ငွေယူတာများ အောက်ကျသတဲ့။ အာဂမိန်းမသားပါပဲ။ ဒီက ကူညီပါရစေလို့ စကားကြိုပလွှင်ခံထားတာကိုတောင်မှ မာနတစ်ခွဲသားနဲ့ ပြောနေတုန်းမဟုတ်ပါလား။

"ဒါဖြင့်လည်း ယူလေ"

"အခုရှိလို့လား"

"ရှိတာပေါ့ ချိုရဲ့၊ အခန်းမှာ လိုက်ယူလေ"

သူမ တွန့်ခနဲဖြစ်သွားလေ၏။ ဘာလဲ၊ သူ့စကားများ မှားနေလို့လား။ ဒီတစ်ပတ်သိမ်းထားတဲ့ငွေတွေကို မနက်ဖြန်မှ ဘဏ်မှာအပ်မှာမို့ လောလောဆယ် သူ့ဆီမှာ ရှိနေတုန်းပါလေ။

"အို! ဘာကိစ္စလိုက်ရမှာလဲ"

"ရော်! ငွေယူမယ်ဆို လိုက်ရပြီး ယူရမှာပေါ့ ချိုရဲ့၊ ဘာဖြစ်လို့လဲ"

"ရှင်လာပို့ပေးပေါ့လို့"

"ချို့အလှည့်မှာ ချိုက လိုက်ပေးရတာလား။ သူများက လာယူတာလား"

"ရှင်နော် . . . ကပ်ဖိုးကပ်ဖဲ့မပြောနဲ့"

"ကိုယ်ဘာပြောမိလို့လဲ"

"ကြည့်! ကျွန်မက ရှင့်တိုက်ခန်းထဲကို လိုက်ရမှာလား။ ပတ်ဝန်းကျင်ရှိတာကို"

"ဘာများကြာမှာမို့လို့လဲ ချိုရယ်၊ ငါးထောင်တန်လေး သုံးအုပ်လောက် ရေတာများကိုများ"





"ဦးမြွတ်ဘုန်းခေါင်"

သူမျက်လုံးကျယ်သွားရပါ၏။ သူမအော်သံနှင့်အတူ မျက်နှာလေးပါ ရဲနေပြီကို။ စတာများ လွန်သွားပြီလား။ တကယ် ဆို တွေတွေထူးထူး မတွေးမိရင် ဤမျှလောက်ထိ ရှက်စရာမှ မလိုအပ်တာလေ။

"ကဲကဲ . . . ကိုယ်ပဲလာပို့ပါ့မယ်။ စာချုပ်စာတမ်းနဲ့ လုပ်မှာလား"

"အင်းပေါ့"

"ကိုယ်က အဲဒီအရောင်းအဝယ်စာချုပ်မျိုးမှာ လက်မှတ် ထိုးချင်တာမဟုတ်ဘူး ချိုရဲ့"

မျက်စောင်းကြီး ဒိုင်းခနဲရောက်လာသည်နှင့် သူ အမြန် ထလစ်လာတော့၏။ ဝါဝါကတော့ သူနှင့်သူမကိုကြည့်ပြီး ရယ် နေတော့တာပါလေ။



## အခန်း (၁၉)

ကိုကို့အတွက် ဝယ်ထားသည့်ခြံထဲမှာ အုတ်တွေ သဲ
တွေ ကျောက်စရစ်တွေပုံပြီး ခြံစောင့်ကို သေချာမှာနေရပါ၏။
ခြံ
ည်းရိုးအရင်ကာရမှာကို။ ကျောက်တိုင်တွေ သံတိုင်တွေ သံ
ာတွေကအစ ဝယ်ရဦးမှာပါ။ ပစ္စည်းတွေဝယ်ပြီး ပုံထားမှ
ontract ကို တစ်ခါတည်းအပ်လို့ရမှာလေ။

လောလောဆယ် ခြံကာဖို့ကိုဖြင့် အင်ဂျင်နီယာ အပ်ဖို့
ပြီပါ။ ချို့အသိ ပန်းရံဆရာကိုအပ်ရုံဖြင့် နည်းနည်းပါးပါးသာ
ကျပြီး အချိန်တိုတိုနဲ့ပြီးမှာမဟုတ်ပါလား။ ခြံစည်းရိုးတိုင်းထွာ
ာအစ ကိုအေးမောင်ပင် လာတွက်ပြီး ဘာပစ္စည်း ဘယ်
ာက်ဝယ်ထားပါပြောလို့ အုတ်သဲကျောက် ဈေးကျတုန်း အမြန်

ပြေးဝယ်ထားဖြစ်တာပေါ့။

ဒါကြောင့်လည်း လက်ထဲငွေမရှိတုန်း အပူတပြင်းနဲ့ သူ့ဆီက ငွေယူလိုက်ရတာပါပဲလေ။ ကိုကိုကဖြင့် ရေဘူးပေါက်တာကို မမြင်၊ ရေပါတာပဲမြင်ချင်တာကိုး။ ကုန်ကျစရိတ်တွေအကုန် Vocher စာရွက်တွေနဲ့ စာရင်းဇယားလုပ်ပြီး ကိုကို့ကိုပြနိုင်မှသာ အခုအောင်းနေတဲ့ငွေတွေ ပြန်ရနိုင်မှာပါ။ မိန်းမယူသွားလို့ကတော့ ကျောက်ခဲရေမြုပ်ဖြစ်တော့မှာမဟုတ်ပါလား။

"ဟဲလို"

"ဒီနေ့ ဆိုင်မထွက်ပြန်ဘူးလား"

"ဆိုင်မှာ ဝါဝါစောင့်တယ်လေ မေမေရယ်၊ ဘာဖြစ်လို့လဲ"

"ဈေးမရောင်းဘဲနဲ့ ဘယ်ကဝင်ငွေနဲ့ စားနေလဲ မိချို"

"အမယ်လေး! မေမေပူစရာမလိုပါဘူးနော်၊ ချိုမှာ ...မှန်ဝင်ငွေရှိထားပြီးသား"

"ဘာတွေလုပ်နေပြန်ပြီလဲ"

"ဒီလိုပဲ တခြားစီးပွားရှိတာပေါ့၊ ဆိုင်မှာ ပစ္စည်းတင်မထားပေမယ့်၊ အပ်သူရှိရင် အတိုင်းလက်ခံပြီး စရံငွေယူ... ဘောက်ချာဖြတ်ပေးဖို့ ဝါဝါအကုန်လုပ်တတ်တယ်။ ပူမနေပါနဲ့"





"မောင်ဘုန်းဆီက ငွေယူထားတယ်ဆို"

"ဘာရယ်"!

ဒီလူ အတော်နှုတ်မလုံပါလား။ ချိုနဲ့သူနဲ့ပဲ သိထားသင့်...တဲ့ကိစ္စကို ဘာလို့ လူကြီးတွေအထိ သိရအောင် လုပ်ရပါသလဲ။ ...င်းနဲ့တော့ တွေ့ကြသေးတာပေါ့လေ။

"အဲဒါ မေမေ့ကို သူပြောတယ်ပေါ့လေ။ ဟုတ်လား"

"ဟယ်! တကူးတကပြောတယ်တော့ မဟုတ်ဘူးပေါ့။ ...ီလိုပဲ ဝေဝေနဲ့ Phone ပြောကြရင်း ပြောမိတာမျိုးပါ။ သမီး...တော်တော်များ ငွေလိုနေသေးလားတဲ့"

တောက်! သူ့မိဘတွေအဆင့်ထိပါ သိကုန်တာပါလား။ ...င်းတော့ အတော့်ကိုလွန်ချေပြီ။ လက်ထဲရှိတဲ့ (၄၀)မှာ (၂၀)ကို ...ိုးလက်ကျန်ငွေ ချေလိုက်ရတာမို့ ရှိတဲ့ကျန်ငွေ (၂၀)နဲ့ ပစ္စည်း ...ယ်လို့မှ မရတာကိုး။ ပြီးတော့ ချို့ကိုပေးစရာရှိတဲ့ သဘော်သား...တော် မဒေလီယာက နောက်လမှ သူ့ယောကျ်ားငွေပို့မည်ဆို... ဒီလအတိုးပဲ သတ်သွားတာမို့၊ သူ့ဆီက ငွေအလွယ် ဆွဲမိ...ိက်တာပေါ့။ ချိုငွေချေးရင် မိသားစုအကုန်သိမှ ငွေချေးခဲ့ပေ...ည့် ကိုယ့်အလှည့်မှာ တိုးတိုးတိတ်တိတ်ချေးလို့ မရပါလား။ ...ဆိုတာ လည်တတ်တဲ့အမျိုးပေကိုး။

"သူ့ဆီက တစ်လပဲ ယူတာပါမေမေရဲ့။ ဒီလကုန် ပြ
ဆပ်မှာပါ။ ဒင်းက အဲဒီလိုပဲ လျှောက်ပြောတယ်ပေါ့လေ။ တွေ
ဦးမယ်"

"ဟဲ့ ! သူများဆီက အကူအညီတောင်းသေးတယ်
အထက်စီးကနေ တင်တင်စီးစီးနဲ့။ ညည်း ဘယ်လိုဟာလေးလဲ"

"သူက မဂ္ဂဇာပ်တိုင် တက်ပြချင်တာကိုး မေမေရဲ့"

"ဟိုက စေတနာနဲ့ကူညီတာ ကျေးဇူးတောင် တင်ရဦး
မယ်"

"မတင်ချင်ပါဘူး။ တင်စရာမှမကောင်းတဲ့ဟာ။ အတိုး
နဲ့ငွေချေးတဲ့ချစ်တီးကိုများ"

"ကြည့် ! ပြောပြန်ပြီ တစ်တစ်ခွခွ။ ဟိုက အတိုးမယူ
ဘူးဆိုတာကို ညည်းပဲ အတင်းပေးတာဆို"

ဟော. . . လာပြန်ပြီ နောက်ထပ်တစ်မျိုး။ အကုန်အစေ
ကို ပြောတော့တာပါပဲလား။ လူကြီးတွေမသိအောင် ဘာမှမလုပ်
တတ်တဲ့ အပြစ်ကင်းစင်တဲ့ကလေးလိုပါပဲလား ကိုမြတ်ဘုန်းခေါ်
ကျွန်မက ရှင့်ကို လူကြီးလို့ထင်ထားတာ။ တကယ်တော့ ရှင်က
ကလေးပိစိလေးလို အသိဉာဏ်ပဲရှိတာပါပဲလား။

"စီးပွားရေးလုပ်တာပဲ မေမေရယ်၊ ပြတ်ပြတ်သားသား





ရှိမှာပေါ့"

"စီးပွားရေးအရထက် ညည်းနဲ့ပိုပြီးရင်းနှီးချင်လို့ သူက
ကူညီတာပါအေရယ်"

"ဟင်! ဘယ်သူကလဲ"

"ဘယ်သူရှိမလဲ၊ မောင်ဘုန်းပေါ့"

"ကျစ်. . . အဲဒါ ဘာအထာလဲ"

"ညည်းအတွက် သတို့သားလောင်း ရှာပေးနေတာလေ"

"အာ. . . လာပြန်ပြီ ဒီကိစ္စ"

"ဂရုမစိုက်ဘဲ မများနေနဲ့၊ ဒေါက်တာမင်းထက်ပိုင်နဲ့ သွား
တွေ့ကြည့်ဦး။ အဲဒါမှ သဘောမကျရင် ဒီတစ်ယောက်နဲ့ ပေးစား
ဦးမှာ"

"မေမေ"

"နှင့်အစ်ကို ဒီနှစ်ထဲယူဖြစ်ပြီးရင် နောက်နှစ် နှင့်အလှည့်
ပဲ မိချို။ အနားမှာရှိတုန်း ဆွဲထားဟဲ့။ နောက်မှ လွတ်တဲ့ငါး
ကြီးနေဦးမယ်"

ကျွန်မစိတ်တိုတိုဖြင့် Phone ကိုပိတ်လိုက်ရပါ၏။ ပြော
ကြ ကြည့်ပါဦး။ အနားရှိတုန်း ဆွဲထားတဲ့။ သူက ဘာမို့လို့လဲ။
ဘယ်လောက်များ တန်ဖိုးရှိတဲ့လူဖြစ်နေလို့ပါလဲ။ တကယ်ဆိုရင်

ကျွန်မ အားကျလေးစားရတဲ့ 'ဒေါက်တာမင်းသက်ပိုင်'လို လူကို သာ ခေါင်းညိတ်သင့်တာမဟုတ်လား။

အနီးဆုံးမှာရှိနေတဲ့လူ။ နေ့စဉ် မနက် နေ့လယ် ညပိုင်း အထိ အမြဲမြင်တွေ့နေရတဲ့လူ။ အရေးကြုံလာစဉ် ခဏလေးနဲ့ အရင်ဆုံးရောက်လာတဲ့လူ။ အကူအညီလိုအပ်နေချိန်မှာ အချိန် အခါမရွေး လာပေးနိုင်တဲ့လူဆိုပြီး မသိစိတ်က အမှတ်တွေ ပေး ထားမိတာကိုတောင်မှ အခုလိုဖောက်လာရတယ်လို့။

စိတ်ထဲမှာ အတော်လေး မကောင်းဖြစ်သွားရပါ၏။ ရင်း နှီးချင်တယ်ဆို။ တစ်လပဲယူမယ်လို့ပြောတဲ့ ဒီငွေကိစ္စကို လူကြီး တွေနားထဲထိပေါက်အောင် လျှောက်ပြောရသလား။ ကျွန်မဘက် က စိတ်လှုပ်ရှားရင်ခုန်နေတာမဟုတ်လို့ ရှင့်ကို မရွေးချယ်ချင် သလို စိတ်ပိုင်းဖြတ်ချင်နေတာပါ ကိုမြတ်ဘုန်းခေါင်။

ဒီ့ထက်ပိုနီးစပ်ချင်ရင် ပိုပြီးရင်းနှီးခင်တွယ်ချင်တယ်ဆို ရင် ကျွန်မရဲ့စိတ်ကို ပိုဖတ်တတ်ရမှာမဟုတ်လား။ အခုတော့ မိန်းမတစ်ယောက်ရဲ့အတွင်းစိတ်ကို ဘာတစ်ခုမှမသိဘဲ သူ့စိတ် သူ့သဘောနဲ့ပဲ ဆုံးဖြတ်ချက်ချကာ လုပ်ချင်သလိုလုပ် ပြောချင် သလိုပြောလို့ရမယ်များ ထင်နေတယ်ထင်ပါရဲ့။

လျှော့မတွက်လေနဲ့ ရှင်ရေ့။ ကျွန်မက နဂိုကတည်းက





အသည်းခပ်မာမာနဲ့မိန်းမပါ။ မိဘတွေက ဘယ်လိုပဲ အိမ်ထောင် ချပေးချင်တယ်ပြောပြော၊ ကိုယ်ခေါင်းညိတ်လက်သင့်ခံမှာသာ မင်္ဂလာခန်းမဆောင်မှာ ထိုင်လို့ရမှာမဟုတ်လား။

တွေ့ကြသေးတာပေါ့ ကိုမြန်ဘုန်းခေါင် . . .

''ဟဲလို . . . မဒေလီယာလား''

''ဩော် . . . ဟုတ်ပါတယ် မချို၊ အတော်ပဲ၊ မနေ့ကပဲ ကျွန်မအမျိုးသား ငွေပို့တယ် မချိုရဲ့။ အခုသွားထုတ်မလို့လေ''

''အင်း . . . အဲဒီကိစ္စပဲ ကျွန်မမေးချင်လို့''

''ကျွန်မမမေ့ပါဘူး မချိုရယ်၊ ရက်ပိုင်းလေးပဲ နောက် ကျသွားရတာပါ။ မချိုငွေသိပ်လိုနေလို့လား''

''ဆိုပါတော့၊ ဒီမှာ ကျွန်မ တိုက်ဆောက်ဖို့ပစ္စည်းစုတာ ငွေကုန်သွားရလို့ပါ။ နို့မို့ ကျွန်မ မလောပါဘူး မဒေလီယာ၊ လို့လည်း ပေးထားတာပဲကို''

''အင်းလေ၊ ကျွန်မလည်းသိပါတယ် မချိုရယ်။ အရေး ကြောင်းလိုလို့သာ မချိုဆီက အတိုးနည်းနည်းလေးနဲ့ ယူရတာ ကျေးဇူးအရမ်းတင်ပါတယ်မချို။ ဘယ်တော့လာပို့ပေးရမလဲ နက်ဖြန်လား''

မနက်ဖြန်တဲ့။ ကျွန်မက ကိုယ့်ကိစ္စကို အခုချက်ချင်း

ဖြေရှင်းတတ်တဲ့သူပါလေ။ အချိန်ဆွဲထားလေ ဒင်းကို ကြီးရှည် ရှည်နဲ့လှန်ထားသလို ဖြစ်နေမှာမဟုတ်ပါလား။ အချိန်ယူသင့်တဲ့ အလုပ်ရှိသလို အချိန်မဆွဲသင့်တာမျိုးလည်း ရှိတတ်တာပါလေ။

"ဒီညနေဖြစ်မလား မဒေလီယာ"

"ဒီညနေ ကျွန်မ မအားဘူး မချိုရဲ့။ အမျိုးအိမ်သွား စရာရှိလို့ပါ"

"ကျွန်မ လာဝင်ယူရင်ရော အဆင်ပြေမလား"

"အဲဒါဆိုရင်တော့ ပြေမယ် မချို၊ ကျွန်မက အမျိုးအိမ် ကို ညခြောက်နာရီသွားရမှာ။ ခြောက်နာရီမထိုးခင် ဝင်လာလိုက် လေ၊ ဟုတ်ပြီလား"

"OK! လေ၊ ဒါဆိုဖြစ်ပြီနော်"

"အင်းအင်း . . . မချို"

Phone ကိုပြန်ပိတ်လိုက်ပါ၏။ ညနေစောစော သွားမှုပါပဲ။ မဒေလီယာဆီက ဆယ်သိန်း၊ မချောဆီက ဆယ် သိန်းက တစ်နေ့ကတည်းက ရထားတာ။ ပြီးတော့ အိမ်မှာသိမ်း ထားတဲ့ ဆယ့်ငါးသိန်းထဲက ငွေယူဖြည့်လိုက်ရင် သူ့ကိုပေးဖို့ ငွေက ပြည့်ပြီလေ။

ဒီတော့ ရှင်နဲ့ကျွန်မ ဘာပတ်သက်စရာမှ မရှိတော့ဘူး





ပေါ့နော်။ ရှင်ရေးတဲ့ဇာတ်လမ်းကို ရှင်ပဲ ပြန်ဖျက်ပေတော့ ကို မြတ်ဘုန်းခေါင်။ ကျွန်မကတော့ ခပ်ရှင်းရှင်းပါပဲ၊ ညနေစောင်း တော့ အိမ်မပြန်ခင် မဒေလီယာနေသည့် ဘောက်ထော်ဘက် Taxi ဖြင့် လှည့်ဝင်ခဲ့ပါ၏။

"ဟော . . . မချိုက စောသားပဲ"

"တမင်ခပ်စောစောလာလိုက်တာ အစ်မရေ၊ မှောင်ရင် ပြဿနာဖြစ်မှာစိုးလို့ပါ"

"ဟုတ်တာပေါ့၊ ငွေရေလိုက်ဦးနော် မချို"

"ဟုတ်ကဲ့ပါ"

မဒေလီယာအိမ်ထဲဝင်ကာ ညှော်ခန်းမှာပင် ငွေပြည့်မပြည့် သွက်သွက်ရေတွက်လိုက်ပါ၏။ စိတ်ကပင် လောနေ၍လား ဆောင်တန်ငွေက မစေ့သလိုဖြစ်တာမို့ တစ်ထုပ်ကို နှစ်ကြိမ်ရေ တော့သည်။ စိတ်တိုရပါလားနော်။

"ဘဏ်ထုပ်မို့ ပြည့်ပါတယ် မချိုရဲ့။ ထုံးစံအရမို့သာ ပြောတာပါ"

"အင်းပါ"

"နောက်ငွေလိုရင်လည်း ကျွန်မကိုလှည့်ပေးပါဦးနော်"

"ဟုတ်ကဲ့၊ ကျွန်မ Phone ကိုပဲ ဆက်လိုက်လေ"

"ကျေးဇူးပဲ မချို"

"ရပါတယ်၊ ကျွန်မကလည်း အစ်မကိုကျေးဇူးတင်တာ ပါ။ ငွေလိုနေတဲ့အချိန် ပြန်ပေးနိုင်လို့"

"အချင်းချင်းတွေပဲလေကွယ်"

"ပြန်ဦးမယ် အစ်မ၊ လိုရင် Phone ဆက်လိုက်နော်"

"အေးပါ"

လမ်းကြားထဲမှ လမ်းလျှောက်ထွက်ခဲ့ပြီး လမ်းထိပ်မှာ ရပ်ကာ ကားစောင့်လိုက်ရပါ၏။ Taxi တစ်စီးကို လှမ်းတားကာ အိမ်ကိုပြန်ခဲ့ပြီး တိုက်ပေါ်သို့ ခပ်သုတ်သုတ်တက်လာခဲ့သည်။ တံခါး Bell မနှိပ်ရသေးခင် တံခါးက ပွင့်သွားပါ၏။

"ဟယ်! လန့်လိုက်တာ၊ ငါပြန်လာတာ ဘယ်လိုသိထဲ"

"စောစောကလေးတင် သမီး အမှိုက်အိတ်ဝယ်ပြီး တက် လာတာ မမရဲ့။ တံခါးဖွင့်ခါနီး အောက်ကိုတစ်ချက်ငုံ့ကြည့်တုန်း မမကိုမြင်လိုက်တာ။ မောနေပြီလား မမ"

"မောတာပေါ့၊ ဟိုမှာ ပစ္စည်းတွေ နေရာတကျဖို့ပြော ရတာ တစ်မျိုး၊ အကြွေးလည်း သွားဝင်သိမ်းရသေးတာ။ မေး ဘဲ ရှိပါ့မလား"

"ဦးတောင်မှ မမကိုမေးနေသေးတယ်"





"ဘာ"

"ရှောင်နေတာလားတဲ့"

"တောက်! ငါ့ကိုများ အထင်တသေးနဲ့။ တစ်အောင့် နေ သွားခေါ်လာခဲ့ချေ။ တွေ့ကြသေးတာပေါ့"

"မမရေချိုးပြီးလောက်မှနော်"

"အေး"

ဘယ်လောက်ဒေါသဖြစ်စရာကောင်းပါသလဲ။ ဒီ ငွေလေးလောက်နဲ့ ကျွန်မက သူ့ကိုရှောင်စရာလား။ တောက်! တွေးလေ တွေးလေ ဒင်းကို ဓရုတ်ဆုံထဲကို ထည့်ထောင်းချင် တယ်။ အဟုတ်ပဲ။ ပြောတော့ဖြင့် ကူညီချင်လွန်းလို့ဆိုပြီး လူ ကြီးတွေသိအောင် လျှောက်ပြောလိုပြော၊ ဝါဝါ့ကိုပါပြောတာဆို တော့ ကာယကံရှင်သိအောင် တမင်တကာလုပ်တာမဟုတ်လို့ ဘာသဘောလဲ။ ရှင်နဲ့ကျွန်မတော့ တစ်ပွဲတစ်လမ်းတွေ့ကြသေး တာပေါ့လေ။



## အခန်း (၂၀)

ရေအမြန်ချိုးကာ သူ့ကိုပေးဖို့ငွေတွေ ပုံရေလိုက်ပြီး အတိုးငွေကိုပါ တစ်ခါတည်းရောစည်းကာ ညောင်ခန်းစားပွဲပေါ် တင်သွားလိုက်ပါ၏။ ဆာနေသည့်ဗိုက်ပင် ဘယ်ပျောက်သွားမှန်းမသိ။ ဒင်းကြောင့်သာ ဒေါသတွေဆူပွက်ပြီး မေ့သွားရတာကို။

"တင်းတောင်!"

"ဟော"

"သွားဖွင့်ပေးလိုက်လေ"

ဝါဝါ့ကိုအသံမာမာဖြင့် ပြောလိုက်ပြီး ထိုင်ခုံမှာ ထိုင်ချလိုက်ပါ၏။ ကြိုနေတယ်လို့ ထင်ချင်သပ ဆိုလည်း ထင်စေတော့။ ကြွေးပြီးပြတ်ဖို့သာ အဓိကပါလေ။" နောက်ဆိုရင်တော့ တာ့တာ

ဘိုင့်ဘိုင်ပါ ဦးမြတ်ဘုန်းခေါင်။ တစ်ခါလေးပတ်သက်မိရုံနဲ့ ရှင့်အတွင်းစိတ်ကို သိလိုက်ရပါပြီ။ ဒါကြောင့်လည်း 'ပေါင်းကြည့်မှ အကြောင်းသိရတာ'လို့ ဆိုရိုးရှိတာမဟုတ်လား။ မှန်လိုက်တာမှ စစ်စစ်ကို မှန်နေပါရော။

"ချို ကိုယ့်ကိုခေါ်တယ်ဆို"

"ဟုတ်တယ်"

"ဘာပြောစရာရှိလို့လဲ"

သူက ဝင်လာလာချင်း ကျွန်မကိုနှုတ်ဆက်ပြောနေလေ၏။ ရုပ်ကြည့်ရင်တော့ သူမဟုတ်တာလုပ်ထားသလိုမျိုး မဟုတ်သလိုပါပဲလား။ ကြောင်လက်သည်းဝှက်ဆိုတာ ဒါမျိုးကိုပြောကြတာ ထင်ပါရဲ့။

"ဒီမှာ ရှင့်အကြွေးခေါ်ပေးဖို့"

"ဟာ! မြန်လှချည်လား ချိုရဲ့၊ ကိုယ်ပြောထားတယ်လေ။ ဖြည်းဖြည်းမှပေးလို့"

"ဘာဖြည်းဖြည်းမှပေးလဲ၊ အဲဒါဆိုရင် ဘာကိစ္စနဲ့ ကျွန်မငွေယူတဲ့ကိစ္စကို လျှောက်ပြောရတာလဲ"

"ဟောဗျာ! ကိုယ် ဘယ်မှာပြောမိလို့လဲ ချိုရဲ့။ ဒေါ်သက ကြီးပြန်ပါပြီ"





ကြည့်စမ်း! လူကို အပြစ်က တင်နေပြန်ပြီလေ။ ဟန်ဆောင်တာပဲလား။ ဒါမှမဟုတ် တမင်တကာပဲ မသိယောင်ဆောင်ပြီး ပြောတာများလား။ စိတ်ထဲရှိတဲ့အတိုင်း ထလုပ်လိုက်ရ။ ငါ နော်. . . စားပွဲပေါ်က အလှပန်းအိုးနဲ့ ဒင်းခေါင်းနဲ့တော့ One set ဖြစ်တော့မှာပဲ။

"ရှင်မပြောတဲ့နဲ့ ကျွန်မအမေရော ရှင့်အမေပါ သိမလား"

"ဪ. . . အဲဒါလား။ အဲဒါက ဒီလိုပဲ စကားပြောရင်း ကိုယ် လွှတ်ခနဲပြောမိသွားတာမျိုးဖြစ်မှာပါ ချိုရယ်။ တမင်ကြီး ပြောပါ့မလား"

တွေ့လား. . . ပုံစံက သူ့မှာပဲ အပြစ်မရှိသလို အေးတိအေးစက်နဲ့လေ။ ကျွန်မမှာသာ တစ်ယောက်တည်း ဒေါသတွေ ကျိတ်ဖြစ်ပြီး ရင်ထဲပူနေရတာမဟုတ်ပါလား။ ကိုယ်ကပဲ ဒေါသကြီးမိတာ အပြစ်ဖြစ်ရတယ်လို့။

"ရှင် ယောကျ်ားဖြစ်ပြီး ယောကျ်ားစကားပြောပါရှင့်"

"တကယ်ပြောရမှာလား"

"ဘာ!"

သူ့မျက်နှာက ပြုံးစိစိဖြစ်လာတာမို့ ကိုယ့်ပါးစပ်ကိုသာ အမြန် Break အုပ်လိုက်ရပါ၏။ ဗုဒ္ဓေါ! ဘာတွေဖြစ်ကုန်ပြီလဲ။

ကျွန်မပြောလိုက်ပုံက သူ့ကိုလမ်းဖွင့်ပေးလိုက်သလိုမျိုးများ ဖြစ်သွားသလား။ ဝါဝါက ကော်ဖီဖျော်ပြီးရောက်လာတာမို့ ကလေးရှေ့မှာ တစ်လွဲထင်ပြီး ဘာညာဘာညာသဘောမျိုး ပြောမိပြမိမှာကို ကျွန်မ အစိုးရိမ်ဆုံးပါလေ။

"ရှင်နော်"

"ရော်! ကိုယ် ဘာမှမပြောရသေးပါဘူး ချိုရယ်၊ စိုးရိမ်ကြီးရန်ကော"

မျက်လုံးပြူးပြီး အော်လိုက်ပုံကြောင့် သူ မနည်းကျွန်မဆည်လိုက်ရပါသည်။ ကြည့်ပါဦး။ ငွေယူတဲ့ကိစ္စကိုပဲ ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောနေလိုက်တာ။ ဒီငွေက ဘာများအရေးကြီးလို့လဲ။ ကြာကြာသာယူပြီး မပေးဖြစ်လေ၊ သူနှင့်သူမ ကြာကြာကြီး ပြောစရာတွေ့စရာအကြောင်းရှိနိုင်တာလေ။

"ပေါက်ကရပြောဖို့ မကြံနဲ့၊ ဒီမှာ ရှင့်ငွေရင်း (၃၀) ဒါက အတိုးငွေ တစ်သိန်းခွဲ၊ ရော့ပြီးမှယူ"

"အတိုးယူမယ်လို့ ပြောမိလို့လား"

"ကျစ်! ရှင့်ကို အစကတည်းက ပြောထားပြီးသားလေ ဘာလဲ . . . ငါးကျပ်တိုးမို့ မယူချင်တာလား။ ဒါဆိုလည်း (၂၀) တိုးပေးမယ်။ ခဏစောင့်"





"နေပါဦး ချိုရဲ့"

"ကြည့်စမ်း! ဒါဘာလုပ်တာလဲ"

သူက သူမ ဖျတ်ခနဲထရပ်လိုက်တာမို့ လက်ကိုလှမ်းဆွဲလိုက်ပါ၏။ နှုတ်ကလည်းမြန်၊ လူကလည်း သန်၊ လက်ကလည်း သွက်ပါဘိ။ သူ့လက်ကို တဖျတ်ဖျတ်ရိုက်လိုက်တာမှ ခါခါပါလေ။ ဘာကိုများ ဒီလောက်ထိ စိတ်တိုပြီး လူကို လေသံမာမာနဲ့ ခပ်ပြတ်ပြတ်ပြောရတာပါလဲ ချိုရယ်။

"ထိုင်ပါ ချိုရဲ့၊ ကိုယ် ငါးကျပ်တိုးပဲ ယူပါ့မယ်"

"အဲဒါဆို လျှာမရှည်ဘဲ ငွေချေပါတော့လား"

"ချိုကလည်းလေ၊ စိတ်ချည်းပဲ။ ကိုယ်က ချစ်လို့ စတာကို"

သူမမျက်လုံးက ပြူးပြီး သူ့ကို စူးခနဲကြည့်လိုက်လေ၏။ အလို! ဘာရယ်မဟုတ် လွှတ်ခနဲထွက်သွားမိတဲ့စကားလုံးတို့ကို သူဖမ်းမမိလိုက်။ ရဲခနဲဖြစ်သွားရမယ့်မျက်နှာက ရှက်ရဲရဲဖြစ်မသွားဘဲ အခုပဲ သူ့ကို ထကိုက်တော့မယ့် မြေခွေးမလေးနယ် ဒေါသကိုသာ မြင်နေရလေသည်။

"ရှင်တော့ ခေါင်းကွဲတော့မယ်"

"မဟုတ်ပါဘူး။ ကိုယ်က"

"လူကို ကလေးလိုလိုခွေးလိုလိုအထင်နဲ့ လိုက်မစချင်နဲ့။ ကျွန်မ ရှင့်အမေနဲ့တိုင်လိုက်မှာနော်။ မလုပ်ရဲဘူးမထင်လေနဲ့"

"ချို့သဘောပဲလေ"

"ဘာ"

"သြော်... ပြောချင်ပြောလို့ ပြောတာပါ။ မေမေကလည်း ချိုနဲ့စကားတွေ အများကြီးပြောချင်နေတာတဲ့"

အောက်နှုတ်ခမ်းကို သွားဖြင့်ကိုက်ကာ ဒေါသကို ထိန်းလေ၏။ ချိုရယ်... ချစ်တဲ့စိတ်နဲ့ကြည့်မိလို့ပဲလား။ ဘာမှမလိမ်းမခြယ်ဘဲ မျက်နှာပြောင်လေးနဲ့ နေတာကိုတောင် ကိုယ့်မျက်စိထဲမှာ ကြည့်ကောင်းနေတာလေ။ သတို့သမီးလေးလိုသာ ပြင်ဆင်ခြယ်သလိုက်ရင် ဘယ်လောက်များ ကြည့်ကောင်းလိုက်မလဲ။ တစ်နေကုန်ထိုင်ကြည့်နေချင်စိတ် ဖြစ်ကုန်တော့မှာလေ။

"ရှင် မြန်မြန်ပြန်သင့်နေပြီနော်"

"အင်းပါ... ဒီမှာ ကိုယ်ငွေရေတုန်းကို၊ ခဏလေးပါ၊ သြော်... မှားပြန်ပြီ"

သူက ငွေထုပ်တွေကိုဖြည်ကာ ရေတွက်ရင်း ပြီးသလိုမဖြစ်ဘဲ အစအထုပ်ကို ပြန်ရေလိုက်ပြန်ပါ၏။ သူမကိုယ်တိုင်





ရေတွက်ထားပြီးသားမို့ ပြည့်မည်မှန်းသိနေပေမယ့် တမင်အချိန်ဆွဲနေတာပါ။ ချိုနဲ့စကားမပြောရတာ အတော်ကြာနေပြီပဲကို။

"ပြည့်တယ်ရှင့်... ပြည့်တယ်၊ ကျွန်မကိုယ်တိုင် ရေထားတာ"

"မပြောနိုင်ဘူးလေ ချိုရယ်၊ နှစ်ထပ်ရှိတော့ ပိုမှန်တာပေါ့။ ပြီးတော့ အပြတွေအစုတ်တွေတွေ့ရင် လဲလို့ရအောင်လေ။ ကိုယ်ပေးလိုက်တုန်းက အသစ်လေးတွေချည်းမဟုတ်လား"

"ကြီးကျယ်လိုက်တာ"

"ကြီးကျယ်တာမဟုတ်ပါဘူး ချိုရဲ့၊ စေ့စပ်သေချာတာပေါ့။ အသေးအမွှားလေးကိုကအစ ဂရုတစိုက်ရှိမှ ဆုံးရှုံးနစ်နာမှုနည်းမှာလေ။ မဟုတ်ဘူးလား"

တောက်! ယောက်ျားကြီးဖြစ်ပြီး စကားက အတော်တတ်လိုက်တာနော်။ ဒီလူ တမင်ပေကပ်ပြီး ညစ်ကျယ်ကျယ်လုပ်နေတာမဟုတ်လား။ သိသိကြီးနဲ့ ငြိမ်နေရတာလောက် ခံရခက်တာမရှိတော့။ လူကို ရိသဲ့သဲ့နဲ့ ရည်းစားစကားပြောသလိုပြော၊ ပြီးတော့ သူမဟုတ်သလိုမျက်နှာမျိုးနဲ့ ခပ်တည်တည်နေပြနေပြန်ရော။ ဒင်းတော့ ဝါလက်စာမိတော့မှာပဲ၊ သို့သော် သူပြောနေတာတွေ မှားတော့ မမှားပါလေ။

ကျွန်မ အကြွေးသိမ်းလာတဲ့ငွေတွေက ငါးထောင်တန်
ချည်းမဟုတ်ဘဲ တစ်ထောင်တန်တွေပါ ရောသမမွှေပြီး ပါလာတာ
ကိုး။ အသစ်တွေချည်းမဟုတ်တာမို့ မျက်နှာပူမိပေမယ့် သူ့အပေါ်
ဒေါသဖြစ်တဲ့စိတ်က ပိုနေရတာမဟုတ်ပါလား။

"ချိုလည်း ငွေပြန်သိမ်းရင် ဒီလိုပဲလုပ်တာမဟုတ်လား"

"ဒီမှာ. . . ရှင် စကားမရှိ ရှာကြံမျှားမနေနဲ့။ နည်းနည်း
လေးမှ မကျေနပ်ဘူးမှတ်"

"ရော်! ကိုယ်က ဘာလုပ်မိလို့လဲ"

"ရှင်ပဲ ကျွန်မက ငွေမပေးနိုင်လို့ ရှောင်နေတာဆိုပြီး
ဝါဝါ့ကိုပြောတာလေ"

"ဩော်. . . အဲဒီသဘောမျိုးမဟုတ်ပါဘူး ချိုရဲ့။ ကိုယ့်
ကိုမတွေ့ချင်လို့ တမင်ရှောင်နေတာလား မေးမိတာမျိုးပါ"

"ဘာပဲဖြစ်ဖြစ် အတူတူပဲလေ၊ လူကို မယုံသင်္ကာနဲ့
ရှင့်ငွေကို လိမ်မယ်လို့များ ထင်နေသလား။ အထင်သေးခံရတာ
လောက် နာတာမရှိဘူးရှင့်။ သိရဲ့လား"

သူ့ကိုဒေါသနှင့်ပြန်ပြောတာမို့ လက်ထဲက ငွေထုပ်
ပြေကာ စားပွဲအောက်သို့ ပြန့်ကျဲကျကုန်လေသည်။ ကြော
တာတော့ မဟုတ်ပါ။ အဲဒီလိုဒေါသမျက်ခဏေးလေးနဲ့ ကြည့်





က်တိုင်း ရင်ထဲ ဒိတ်ခနဲဖြစ်သွားတဲ့ခံစားမှုက တစ်မျိုးကြီးဖြစ်
တာ မဟုတ်ပါလား။ ဒါကို မင်းသိပါရဲ့လား နှင်းစက်ချို။

"ကျစ်! ဒါလေးရေတာ ဒီလောက်ကြာနေရလား။ ဒါနဲ့
း စီးပွားလုပ်စားနေသေးတယ်"

"ဒါကတော့. . . အ!"

"အားလားလား"

သူမက ကော်ဇောထက်မှ ငွေတွေကို လှမ်းကူကောက်
ရင်း ခေါင်းပြန်မတ်လိုက်တာမို့ သူ့နဖူးနှင့်ဆောင့်မိတော့၏။
ကျင်သွားရတာထက် ရဲခနဲ ပန်းရောင်သန်းသွားသည့် မျက်နှာ
းကို ဖျတ်ခနဲ သူမြင်လိုက်ရတာက စိတ်ထဲကြည်နူးသွားရ
ပါလေ။ ရှက်တယ်လား နှင်းစက်ချို။ မင်းရင်ထဲမှာ ဘာမှန်း
တဲ့ခံစားမှုမျိုး ကိုယ်နဲ့ပတ်သက်ပြီး ရှိနေပြီလား။

"နာသွားလား. . . ဦးဖူ! ဦးဖူ!"

နဖူးကို သူအသာပွတ်ပေးစဉ် သူမရှောင်လိုက်လေ၏။
ပဲဖြစ်ရမယ်လေ။ မိန်းကလေးဆိုတာ ဘယ်လောက်ပဲ နူတ်
ပွား၊ အချိန်တန်တော့လည်း ရှက်တတ်တဲ့စိတ်နဲ့ မဝံ့မရဲ
ာမျိုးက ပေါ်လာတာမဟုတ်လား။

"မထိပါနဲ့"

"ဩော်. . . စေတနာနဲ့လည်း လုပ်ပေးရသေးတယ်"

"ဘာစေတနာလဲ၊ ရှင့်ပါးစပ်ကသာ စေတနာ စေတ
နဲ့၊ လူကြားကောင်းအောင် ပြောနေ၊ စိတ်ထဲမပါဘဲနဲ့များ"

"ဟောဗျာ! စိတ်ထဲကရော နှလုံးသားထဲကပါ ပါ
ပါ ချိုရယ်။ မယုံရင် မေမေတို့ကိုမေးကြည့်ပါ"

"ရှင်နော်၊ ပါလာပြန်ပြီလား လူကြီးတွေ"

"ဘာဖြစ်လို့လဲ ချိုရဲ့၊ ကိုယ်တို့နှစ်ယောက်စလုံး"

"ဦးမြွတ်ဘုန်းခေါင်"

"အာ. . . ဘာလဲ၊ ကိုယ်တို့က အခုထိ မိဘတွေ
ထိန်းမှုအောက်မှာ နေရတုန်းပဲလို့ ပြောမှာလေ။ ဘာကိုစိုး
တာလဲ"

"ပြီးရင်ပြန်တော့ရှင်"

"အတင်းကို နှင်နေတော့တာပဲ၊ အားနာစိတ်လေး
နည်းပါးပါးကိုမရှိဘူး။ အင်းပေါ့လေ၊ စေတနာသိရတာ
ထောင်တန်နဲ့ငါးရာတန်လေး လဲပေးပါလား။ နေနေ. . .
စေတော့၊ (၁၅၀၀)ဆို ပတြာတွေ ကျေကုန်ပါဦးမယ်"

"ရှင်တော့နော်"

သူက ကျွန်မကို ပြုံးမြမြကြည့်လိုက်ပြီး ငွေထုပ်





astic အိတ်ထဲ ကျုံးထည့်ကာ ထရပ်လိုက်လေ၏။ လူကို
နောင့်အသွားမလွတ်တဲ့စကားတွေပြောပြီး ထားသွားပြန်ပြီလေ။
ဒီလို မခံချိမခံသာဖြစ်အောင် သူမို့လုပ်တတ်ပြောတတ်တယ်။
တတ်ပညာတွေကို ဘယ်ကများ သင်ထားတာပါလိမ့်။ သူ
ပြင်ရောက်တာနဲ့ အခန်းတံခါးကို ဒုန်းခနဲပြည်အောင် မကျေ
စိတ်ကို ပြလိုက်မိ၏။

ကျေးဇူးတင်စကားကိုတောင် တစ်ခွန်းမှမပြောဖြစ်လိုက်
အထိပါပဲ။



# အခန်း (၂၁)

Taxi ကို ခြံရှေ့တည့်တည့်မှာ ရပ်နိုင်းလိုက်ပါ၏။ ဝါဝါက ကျွန်မပစ္စည်းတွေကိုကိုင်လျက် ကားပေါ်မှအရင်ဆင်းလိုက်တာမို့ ကားခထုတ်ရှင်းပြီးမှ ကျွန်မဆင်းလိုက်ပါသည်။ မိမောင်တောင် ရှိမှရှိပါ့မလား။

"ဟော! ခြံရှေ့ Taxi လာရပ်လိုက်လို့ ဘယ်သူများမှတ်တယ်။ လာလေ . . . ချို"

ခြံတံခါးဖွင့်ကာ ကြိုလိုက်တာမို့ တော်ပါသေးရဲ့။ နို့မို့ မိမောင်မရှိရင် ကျွန်မရင်မောရမှာလေ။ အိမ်ထဲမခေါ်ဘဲ ပန်းစင်ရှိနေသည့်မြက်ခင်းဘက် ဦးဆောင်ခေါ်လာတာမို့ လိုက်ခဲ့ရလေ၏။ မြက်ခင်းစပ်မှာ Plastic စားပွဲနှင့်ခုံတွေ ရှိနေတာကို။

“စာရေးနေတာလား”

“မဟုတ်ပါဘူး။ ဦးနှောက်ကို အနားပေးရင်း စာဖတ်နေတာ”

“စာဖတ်အားတယ်ပေါ့လေ”

“ဖတ်ရတယ်ချိုရဲ့၊ ငါတို့လိုစာရေးသူတွေအတွက် စာဖတ်မှုသာ ဗဟုသုတဝမ်းစာပြည့်တာမျိုး။ ငါက Internet သုံးလေ့မရှိတော့ စာပဲများများဖတ်တယ်။ ဝါသနာလည်းပါတာကိုး။ ပြော. . . ဘာကိစ္စ”

“နင် လော့ကတ်ကြည့်ချင်တယ်ဆိုလို့ လာပြရင်း ရင်ဖွင့်မလို့”

“တယ်ဆိုတဲ့စာပါလား။ လော့ကတ်က ငါအားတဲ့နေ့ လာကြည့်မှာပေါ့ ချိုရဲ့။ တကူးတက အားနာစရာကြီး”

“ရင်ဖွင့်ချင်လို့ပါဆို”

“ဟုတ်ပါပြီ. . . ဟုတ်ပါပြီ ပြောပါ၊ နားထောင်ပါ့မယ်။ ခဏနေဦး။ အပူသောက်မလား၊ အအေးသောက်မလား”

“ရေက ရိုးရိုးရေပဲ၊ အပူကတော့ ကော်ဖီ”

“OK! ခဏစောင့်”

မေသစ္စာမောင် အိမ်ထဲဝင်သွားသဖြင့် ခုံမှာ ဝါဝါနှင့်အတူ





ခြံထဲကို မျက်စိဝေ့ကြည့်လိုက်မိပါ၏။ သစ်ခွတွေရော၊ သနပ်ခါးပင်၊ စပယ်၊ နှင်းဆီ၊ ပန်းစကား။ စွယ်တော်၊ စက္ကူပန်း။ ခရေ ရွက်လှတို့ဖြင့် မိမောင်ခြံက လှပနေတာပါလေ။ ခြံထဲထိုင်ပြီး စိတ်ကူးယဉ်လို့ရသမျှ ဒင်းအတွက် အကုန်လုံး ကုန်ကြမ်းတွေ ချည်းပဲကိုး။ ခေါင်းထိုင်ရှင်းတယ်ဆိုပြီး ဖတ်လက်စ ‘ဆရာဖေမြင့်’၏ ‘လူသန်းပေါင်းများစွာတို့၏ဘဝကို ပြောင်းလဲစေခဲ့သူ’ စာအုပ်ရှည်တ ကတ်ထူစက္ကူပြားလေးညှပ်ကာ တင်ထားသလို ဗလာစာအုပ်မှာ ဘောပင်ညှပ်ထားတာနှင့်အတူ စာကြည့်မျက်မှန်ပါ ရှိနေလေသည်။

စပ်စုချင်စိတ်ဖြင့် ဗလာစာအုပ်ကို ဆွဲယူဖွင့်လိုက်စဉ် ဇာတ်လမ်းခေါင်းစဉ်များ။ ဇာတ်ကောင်နာမည်အချို့နှင့် ရေးလက်စ ကဗျာတို့က ဟိုတစ်ရွက်ဒီတစ်ရွက် ရှိနေလေ၏။ ဒါ သူ့အကြမ်းရေးတဲ့မှတ်စုစာအုပ်ပေပဲကိုး။ တစ်မျက်နှာခန့်ရေးထားသည့် ကဗျာခေါင်းစဉ်က ‘စိတ်စေရာ’တဲ့။ စကားလုံးလှလှလေးတွေကို ဘယ်လိုများ စဉ်းစားမိပြီး ဒီဦးနှောက်ထဲက ထွက်လာတာပါလိမ့်နော်။ ထူးဆန်းလေစွ။

“အံမယ်! စပ်စုနေပြန်ပါပြီ၊ ငါရေးတဲ့စာတွေ ကဗျာတွေကို စိတ်မပါဘဲ မဖတ်ပါနဲ့လို့ပြောထားတယ်မဟုတ်လား”

“ငါက ဒီလိုပဲကြည့်မိတာပါ မိမောင်ရယ်။ မဖတ်ပါဘူး”

“ကော်ဖီသောက်၊ မုန့်စား။ ဒါ ဝါဝါလား”

“ဟုတ်”

“စားနော် သမီး။ ကလေးဆိုတာ အလုံမစားတတ်ဘူး အဝပဲစားတတ်တာ။ ထမင်းစားပြီးပြီလား”

“ဟုတ်ကဲ့”

“ဆာရင် ထပ်စားမလား။ ဟင်းတော့ သိပ်အကောင်းကြီးမဟုတ်ဘူး။ ကြက်သားကာလသားချက်နဲ့ မရမ်းသီးငါးပိထောင်းရယ်၊ ပန်းပွင့်ကို ကြက်ဥနဲ့ခေါက်ကြော်တာရယ်ပဲ ချက်တာ”

ဝါဝါက အပြုံးဖြင့် ခေါင်းခါလိုက်လေ၏။ မိမောင်က အိမ်မှုကိစ္စဝါသနာပါသလို အချက်အပြုတ်လည်း စိတ်ရှည်လေ၏။ သူ့စာအုပ်တွေထဲမှာ ဟင်းချက်အတွဲတွေ ပါတတ်တာနဲ့ အသက် (၄၀)ကျော်အန်တီမမတွေ ကြိုက်တတ်ကြတာပင်။ ခုန မိမောင်ပြောသလို သူရေးတဲ့စာအုပ်ကို ဖတ်လက်စနဲ့ထားပြီး လျှောက်သွားလျှောက်လုပ်တာမျိုး မကြိုက်တာအမှန်ပါပဲ။

တကယ်အားလပ်ချိန်ယူနိုင်မှသာ အေးအေးဆေးဆေး ဖတ်စေချင်တာပါ။ သူကိုယ်တိုင်လည်း ရှေ့ကဆရာကြီးတွေ





Senior တွေရဲ့စာအုပ်ကို ယနေ့တိုင် အလေးထားဖတ်သလို အဲဒီလို ဖတ်လက်စထားမိရင် စာရေးသူကို မလေးစားရာကျသည့် စိတ်က စွဲနေတာကို။

“အရင်ပြောမှာလား၊ ပြမှာလား”

“အင်း. . . ငါ Catalogue ပဲ ယူလာပေးတာ။ နင်ကြိုက်တာရွေးလေ”

“အကြီးကြီးတွေ ငါမကြိုက်ဘူးနော်”

“အေးပါ၊ ပိစိလေးတွေလည်း ပါပါတယ်”

“အသည်းပုံဖောင်းဖောင်းလေး မရှိဘူးလား”

“မိန်းမ! ကလေးကလား ကြိုက်ပြန်ပြီ”

“အဲဒါမျိုးက သိပ်ပြူးတူးပြဲတဲမဖြစ်ဘူးလေဟယ်။ နင်ကလည်း”

မိမောင်က ကျွန်မယူလာသည့်စာအုပ်ထူကို လှန်လှောကြည့်နေလေ၏။ အပူအပင်ကင်းသူမို့ထင့်၊ သက်တူရွယ်တူ(အမှန်က ကျွန်မထက် တစ်နှစ်နီးပါးကြီးတာပါ)ဖြစ်ပေမယ့် ပိုနုပြီး အရွယ်တင်သလို ထင်ရပါသည်။

အင်းပေါ့လေ၊ ဆယ်ကျော်သက်တွေရဲ့ နှလုံးသားကို ကိုင်လှုပ်နိုင်တဲ့စာသားတွေ ဖန်တီးရေးသားတဲ့သူကိုး။ စိတ်ပျို

မှတော့ ကိုယ်နှုပြီပေါ့လေ။

"ဒါလေးလုတယ်နော်၊ အဲဒီပုံလေး လုပ်မယ်၊ ခပ်သေး သေးပဲ"

"ဖြစ်တယ်လေ၊ ရွှေဘယ်လောက် ထည့်ချင်လဲ"

"တစ်မတ်သားလောက်ပဲလေ၊ လေးရင် ငါမှမကြိုက်တာ။ ဘယ်လောက်ကျမလဲ"

"အပ်တော့မှပဲ ရွှေဈေးနဲ့တွက်ပြီး Phone ဆက်လိုက်မယ်လေ"

"အေး . . . ပြီးရော၊ နင် ဘာများရင်ဖွင့်စရာရှိလို့လဲ။ ပြောလေ"

"ပြောကိုမပြောချင်တော့ပါဘူးဟယ်"

မိမောင်ပြုံးချေပြီ၊ အဲဒီလိုစကားစပြောပြီဆိုရင် စိတ်ထဲသိမ်းထားသမျှ အကုန်ဖွင့်ပြောချင်မှန်း သိနေတာကိုး။ လူတွေအကြောင်း သိနေလို့လည်း စာတွေအများကြီးရေးနိုင်တာလေ။

"ဘာလဲ၊ နင့်အမေပြောတဲ့ တစ်ယောက်ကိစ္စလား"

"ဟုတ်ပ"

ဝါဝါက ဟီးခနဲရယ်ချလိုက်တာမို့ ကျွန်မက ဝါဝါ့ခေါင်းကို ဖျတ်ခနဲလှမ်းရိုက်လိုက်ပါ၏။ ဒင်းအကြောင်းကို ခရေစေ့တွင်းကျ အကုန်သိထားသူကိုး။ ဘာမှတောင်မပြောရသေးခင် ကြိုသဘောကျနှင့်ပြီး ရယ်တော့တာလေ။

"ဟိုဆရာဝန်နဲ့ရော တွေ့ပြီးပြီလား"

"ဟင့်အင်း"

"အခုတစ်ယောက်ကရော အခြေအနေဘယ်လိုရှိလဲ"

"ပြောကိုမပြောချင်ဘူး၊ လူကို ကလေးလို့များ ထင်နေသလားမသိ။ အရောဝင်ပြီးပြောသေးတယ်၊ တကယ်ပဲ စိတ်တိုလိုက်တာ မပြောပါနဲ့"

"အင်း . . . ဘာတဲ့လဲ"

"ဟဲ့! မရယ်နဲ့လို့ ငါပြောနေတယ်လေ။ ဒီကောင်မလေး ကတော့ နာတော့မယ်"

"ကလေးကို လှည့်မရမ်းစမ်းပါနဲ့၊ ပြောမှာသာ ပြောစမ်းပါ။ ဝါဝါက အကုန်သိထားလို့လား"

"အင်း"

"ဘာအင်းလဲ၊ နင်တော့နော်"

"ဘာလဲ၊ ဟိုလူကြီးက နင့်မမကိုဖွင့်ပြောလိုက်ပြီပေါ့ လေ။ အဲဒီလိုလား"

"ဟုတ်တယ်"




ရွှေပဒေသာစာပေ

"မိဝါ"

"ကဗျာမဆန်လိုက်တာ"

ဝါဝါက ပန်းကန်ထဲမှ Cake ချပ်ကိုယူစားကာ ကော်ဖီနှင့်မျှောလေပြီ။ ကျွန်မမှာဖြင့် ဒင်းအတင်းကိုပြောဖို့အရေး ရေကိုတောင် မနည်းမျိုချနေရတာမဟုတ်လား။

"ဘယ်နေရာမှာ date ပြီး ပြောတာလဲ"

"ဟီးဟီး . ... အိမ်မှာ"

"အိမ်မှာ . . . ဟယ်! ဘယ်လိုကြီးလဲ"

"ငါပြောပါ့မယ် မိဝါရယ်၊ မိမောင်"

"ပြော"

'ငါ့ကိုကြည့်ပါဦး"

"ရော် . . . ဒီလူနဲ့ဒီလူ ဘာများပိုထူးခြားလာတာ ရှိလို့လဲ။ (၃၀)လောက်မှ မျိုးရိုးလိုက်ပြီး ပြည့်လာကြမှာကိုများ။ နင့်အိုးကတော့ ခုထိမကျသေးဘူး မျို"

"သေဦးမယ်"

"ကဲပါ၊ ပြောမယ်ဆို ဆက်ပြော"

"ငါ့ကိုလေ"

တံတွေးကို ဂလုခနဲမျိုချလိုက်မိ၏။ ပြောရမှာ ရှက်ပါ





ဘိ။ ရှက်လည်းမရှက်ပါဘူး။ သူငယ်ချင်းအရင်းခေါက်ခေါက်တွေပဲဟာ။ ပြီးတော့ မိမောင်က ဒီလိုအချစ်အကြောင်းတွေ ဖွဲ့ဖွဲ့နွဲ့နွဲ့ရေးနေတဲ့စာရေးဆရာမပဲလေ။

"သူပြောပုံက ငါ့ကို စသလိုနောက်သလိုပုံစံမျိုးကြီးဟဲ့"

"ဟင်းဟင်း . . . ယုံရခက်ခက်ပေါ့လေ"

"ငါအနေအထိုင်ပဲ မတတ်လို့လားဟင်၊ ဒီလိုပဲ ပြောတတ်ဆိုတတ်တော့ ခက်တာပဲ"

"သူက ပေါ့ပျက်ပျက်ပုံစံမျိုး ပြောလို့လား"

"အဲဒါတော့ ငါလည်းမပြောပတတ်ဘူး။ ဒီလိုပဲ ချစ်လို့တောတဲ့"

အာရုံက သူ့မျက်နှာကို ကွက်ခနဲမြင်ယောင်လိုက်မိ၏။ အကြည့်ထဲမှာ အရည်ရွှန်းလဲ့လဲ့ပုံရိပ်တွေ မြင်နေရပေမယ့် ကျွန်မက သာမန်လူမို့ မိမောင်လို ဘာသာပြန်ပြီး နားမလည်တတ်ပါချေ။

မိမောင်ကတော့ ဘယ်လိုကြည့်ရင် ဘာ၊ ဘယ်လိုပြုံးရင် ဘာကိုရည်ညွှန်းတယ်ဆိုပြီး အဓိပ္ပာယ်သိတာမဟုတ်ပါလား။

"နင်ပြောတော့ သိပ်အရင်းအနှီးကြီးမဟုတ်ဘူးဆို"

"အေးဟယ် . . . ငါကိုက ရှည်မိတာပါ"

"ဘာကိုလဲ"

"ဟိုတစ်လောက ကိုကို ခြံဝယ်နိုင်းထားတာလေ"

"အင်း . . . အဲဒါ ငါသိတယ်လေ"

"အဲဒါ ငွေလက်ကျန်ရှင်းဖို့ ကျန်သေးတုန်း ကိုကိုက အိမ်ပါဆောက်ပေးဆိုပြန်ရော"

"ဟဲ့! အိမ်ဆောက်ရင် အနည်းဆုံး သိန်း (၅၀၀) (၁၀၀၀) လောက် ကုန်မှာမဟုတ်လား"

"သေချာတာပေါ့"

"အဲဒီတော့"

"အဲဒါနဲ့ ငါလည်း ခြံကိုပဲ အရင်ကာမယ်ဆိုပြီး အုတ်တွေ ကျောက်တွေ ဝယ်စုတယ်။ ငွေကလည်း လက်လွှန်နေတာနဲ့ သူ့ဆီက နည်းနည်းယူလိုက်မိတာ"

"ဘယ်လို! သူ့ဆီက"

"အင်း"

"ဘာလို့ သွားယူရတာလဲ ချိုရယ်။ သူစိမ်းဆီကနေ"

"ငါလည်း အဲဒါမှားမှန်း အခုမှသိလိုက်ရတာ"

မိမောင်က ပြုံးမြမြလေး ဖြစ်သွားလေ၏။ ကျွန်မက စိတ်ရှုပ်နေရသလောက် ဝါဝါကတော့ ကလေးပီပီ အိမ်ရှင်ညည်း





သမျှ မုန့်တွေ တစ်ခုပြီးတစ်ခု အစားမပျက်ပါချေ။ အပူအပင်ကင်းတဲ့အရွယ်လေးကို။

"သူက ဘာပြောလို့လဲ"

"လူကြီးတွေသိအောင် လျှောက်ပြောတယ်လေ၊ ငါကလည်း ဒေါသထွက်ထွက်နဲ့ ပိတ်ကောလိုက်တယ်"

"အခု အကြွေးက ဆပ်ပြီးပြီလား"

"အင်း"

"ကြာပြီလား"

"မကြာသေးဘူး။ တော်ကြာ ထပ်ပြောလာရင် ဘာလုပ်ရမှန်းမသိလို့ လာတိုင်ပင်တာ"

မိမောင်က ခေါင်းညိတ်လိုက်လေ၏။ ဘာသဘောပါလိမ့်။ နှုတ်က ပွစိပွစိပြောတတ်တဲ့အကျင့်က ကျွန်မဆီမှာသာရှိတာမဟုတ်ပါလား။

"အသေအချာတော့ ငါလည်းမပြောနိုင်ဘူး။ ယောက်ျားလေးအများစုအကျင့်က ရရင် အမြတ်၊ မရရင် အရင်း။ အရှုံးမရှိဘူးလို့ သဘောထားတတ်တာမျိုး။ ဟိုက နင့်ကို တံခါးခေါက်သံပေးနေပြီဆိုရင်တော့ သတိထားပြီး သေချာစဉ်းစားပြီးမှဖွင့်ပါ ပြီးတော့ နင့်နှုတ်ကနေ ယောက်ျားတစ်ယောက်အကြောင်း

ကို အခုလိုပြောလာတာ သူ့ဘက်ကို နင် (၆၀)ရာခိုင်နှုန်း ယိုင်ချင်နေလို့ပဲ''

* * *



## အခန်း (၂၂)

မျက်နှာကို သုန်မှုန်ထားမိ၏။ ဟုတ်တယ်၊ စိတ်တိုနေတာကို။ အကူအညီရမလားဆိုပြီး အကြံလေး သွားတောင်းမိပါတယ်။ ကျွန်မကပဲ သူ့ဘက်ကို (၆၀)ရာခိုင်နှုန်း ယိုင်ချင်နေတာတဲ့လေ။ အလကား မိမောင်၊ ဘာမှလည်းမသိဘဲနဲ့ လျှောက်ပြောနေတယ်။

ကျွန်မလား. . . ဒင်းကို စိတ်ဝင်စားနေတာ။ ဝေးလေစွ။ နည်းနည်းလေးမှ ကြည့်မရပါဘူးဆိုနေမှ။ ဘယ်လိုစိတ်ဝင်စားမှာတဲ့လဲ။ နေပါဦး. . . ယောကျ်ားတစ်ယောက်အကြောင်းကို ပြောမိလို့တဲ့။ ဟုတ်ပါရဲ့၊ ဟိုတစ်ယောက်နဲ့တုန်းက ဘာမှသိပ်မပြောမိပါဘဲ သူ့ကိစ္စကိုမှ ဂဃဏန ပြောမိတာကို။

ရှက်စရာကြီးနော်၊ ဟိုက 'ချစ်လို့'ဆိုပြီး ပြောင်သလို နောက်သလို ပေါ့ပေါ့လေးပြောလိုက်တာကို အဟုတ်ထင်ပြီး အခု လိုဖြစ်ရလား။ ဆယ်ကျော်သက်တွေလို အကြည့်ချင်းဆုံရုံနဲ့ ရင်တွေခုန်သောစရာအကြောင်းမှ မရှိတာလေ။ သတိ! နှင်းစက် ချို၊ သတိ! ဘာမဟုတ်တာလေးကို ရေးကြီးခွင်ကျယ် မလုပ်ချင် ပါနဲ့။

"မမ"

"ဟဲ့. . . ပလုတ်တုတ်! လန့်လိုက်တာ၊ ဘာလဲ"

"ကြီးကြီးက မသွားသေးဘူးလားတဲ့"

"ကျစ်! "

တွေ့လား. . . ဒီမနက် Hand Phone မဖွင့်သေးတာ ကိုတောင်မှ အိမ် Phone ကိုဆက်ပြီး သတိပေးနေပြန်ပြီ၊ မေမေ ကတော့ မလွယ်ပါဘူး။

"Phone တင်ထားလို့လား"

"ဟင့်အင်း. . . မသွားသေးရင် မြန်မြန်လုပ်တဲ့။ ဟိုက အချိန်ရှိတာမဟုတ်ဘူးလို့မှာလို့ လာပြောတာပါ"

"ငါသိပါတယ်ဟဲ့၊ ပြီးပါပြီ"

မျက်ခုံးကို brush ဖြင့် နာနာဂေးတိုက်လိုက်ပြီး အည်





ရောင် ဆွဲလိုက်မိ၏။ အနက်ရောင်က လူကိုရင့်စေပြီး အညိုခြယ် မှ နုတာတဲ့။ အသေးစိတ် ဂရုစိုက်တာမျိုးမဟုတ်ပေမယ့် ကိုယ့် ကိုယ်ကိုယ် လှတပတလေးဖြစ်အောင်တော့ ပြင်ဆင်တတ်ပါ၏။ ခုံမှထရပ်ကာ ခန္ဓာကိုယ်ကို လှည့်ပတ်ကြည့်မိလိုက်ပါသည်။ အဖြူ ရောင်ဝတ်ထားတာမို့ သိပ်ပြီးများ လွင်နေမလား။ အိုလေ၊ ဟိုက ဆရာဝန်ဆိုတော့ ဒီလိုသပ်သပ်ယပ်ယပ် သန့်သန့်ရှင်းရှင်းလေး ဝတ်သွားမှ တင့်တယ်တော့ပေမပေါ့။

"ခုနဘာစားချင်တယ်လို့ ပြောတာလဲ"

"ဟင်! မမပဲ ခေါက်ဆွဲကြော် ဝယ်လာမှာဆို"

"သြော်. . . ဟုတ်သားပဲ။ သိပ်မကြာဘူးသိလား။ နေ့ လယ်(၂)နာရီလောက် ပြန်ရောက်မယ်။ ညနေစာ ချက်မထားနဲ့"

"ဟုတ်ကဲ့မမ"

ဆိုင်ကိုတောင် သိပ်မထိုင်ဖြစ်။ ဝါဝါ့ကိုသာလွှတ်ပြီး ပစ္စည်းအပ်မှသာ ကျွန်မ သွားဖြစ်တာပါ။ ဒီတော့ သူနဲ့လည်း သိပ်မဆုံဖြစ်တော့ပါချေ။ မိမောင်ပြောလိုက်ကတည်းက သူနှင့် မျက်နှာချင်းဆိုင်ရန် စိတ်ထဲမှ မပုံမရဲတော့သလိုနှယ်။ နားထဲမှာ ပဲ့တင်ထပ်ပြီး ကြားယောင်မိနေတတ်တဲ့ 'ချစ်လို့စတာ'ဆိုသည့် စကားသံက ကျွန်မကို ဒေါသဖြစ်စေပြီး မကြာခဏ ကြားယောင်

မိနေတဲ့ဒုက္ခက ညတိုင်းမဟုတ်ပါလား။

မဖြစ်နိုင်ပါဘူး။ ဟိုကလည်း ဘာရယ်မဟုတ် လွှတ်ခနဲ ပြောမိတာမျိုးပဲ ဖြစ်မှာပါ။ ကျွန်မဘက်ကလည်း ဒီလို ရိသဲ့သဲ့ ပြောတဲ့စကားကို မခံချိမခံသာဖြစ်ပြီး အမှတ်ရနေသလိုမျိုးပဲ ဖြစ်ပါစေတော့။

"အမေ့!"

လှေကားမှ ခြေချော်ကျမလိုဖြစ်သွားရတာမို့ လှေကား လက်ရမ်းကိုဆုပ်ကိုင်ရင်း ခဏမျှရပ်လိုက်ရပါ၏။ ဘုရား! စိတ်နဲ့လူနဲ့မကပ်သလိုဖြစ်နေပြီလား။ ဘယ်လိုဖြစ်ရတာပါလိမ့်နော်။

"ကျွတ်! ကျွတ်!"

မျက်စိမှိတ်ကာ စုတ်သပ်ရင်း သက်ပြင်းငွေ့ငွေ့ ချလိုက်မိပါ၏။ ဒီနေ့သွားရမယ့်အစီအစဉ်လေး ပြေလည်ပါစေတော့။ ကိုယ်တိုင် ဆရာဝန်ဖြစ်ချင်ခဲ့ပေမယ့် မိသားစုအခြေအနေအရ ငဲ့ကွက်ပြီး ဆေးကျောင်းမတက်ဖြစ်ခဲ့သလို duty coat ဝတ်ထားသည့်ဆရာဝန်တွေကိုမြင်တိုင်း လေးစားအားကျစိတ်ဖြစ်ခဲ့တဲ့ချိုပါ။ ဒီတော့ အခုသွားတွေ့ရမယ့် 'ဒေါက်တာမင်းထက်ပိုင်' ကိုမြင်ရင် စိတ်ထဲနှစ်သက်မိမှာ အမှန်ပါပဲ။ သွားစို့ ချို။ တွေ့ကြရုံပေါ့။





Taxi လုပ်းတားကာ၊ သွားရမည့်နေရာကိုညွှန်ရင်း တက်စီးခဲ့၏။ 'စိမ်းလန်းစိုပြည်'တဲ့။ ဘွဲ့ယူတုန်းက Main ထဲ ရောက်ခဲ့သလို ဒီပန်းခြံမှာလည်း တစ်အုပ်စုကြီး လျှောက်သွားပြီး ဓာတ်ပုံရိုက်ကာ အပျော်ကြီးပျော်ခဲ့တာပါလေ။ ဆရာဝန်ဖြစ်ပြီး ဆိုင်တစ်ဆိုင်ဆိုင်မှာ သီးသန့်မတွေ့ဘဲ ဘယ့်နှယ်ကြောင့် ဒီပန်းခြံက ဆိုင်ကို ချိန်းရပါသလဲ။

ကားပေါ်မှဆင်းရင်း လက်မှနာရီကို ငုံ့ကြည့်လိုက်ပါ၏။ နံနက်(၁၀)နာရီတိတိပါပဲ။ ပန်းခြံဝင်းထဲသို့ဝင်စဉ် ဝင်ကြေးပေးလိုက်ရပြီး အစိမ်းရောင်သစ်ရွက်ပုံနှင့် Sticker ကို ဘယ်ဘက်ပခုံးအောက်နား အသာကပ်ပေးလိုက်ခြင်းကို ခံရလေ၏။ ရင်ထိုးမထိုးပါဘဲ ဒီအရာလေးက ကျွန်မရင်ဘတ်မှာ နေရာယူနေပါရောလား။

ကော်ဖီဆိုင်ထဲမှာ လူသိပ်မရှိလှပါ။ စုံတွဲသုံးတွဲလောက်သာ ထိုင်နေပြီး ကြည်ကြည်နူးနူးဖြင့် တီးတိုးကျိတ်ရယ်နေကြလေ၏။ ထောင့်နေရာလေးမှာ ဝင်ထိုင်ရင်း ကော်ဖီတစ်ခွက်မှာလိုက်ပါ၏။ တစ်ယောက်တည်းထိုင်နေရတာမို့ အနည်းငယ်တော့ အူကြောင်ကြောင်နိုင်လှပါသည်။ စောင့်ရဦးမှာထင်ပါရဲ့။

ကော်ဖီတစ်ငုံမျှ ငုံလိုက်၊ ဝန်းကျင်ကိုကြည့်လိုက်ဖြင့်

ခြေထောက်ပါ ကျဉ်လာရလေ၏။ ခွက်ကိုမော့လိုက်စဉ် ကော်
က မရှိတော့ပါချေ။ နာရီက (၁၀)နာရီ(၃၀)မိနစ်။ နာရီဝက်တော
ရှိနေပါရောလား။ ဆရာဝန်မို့ အလုပ်ရှုပ်နေတယ်ဆိုပြီး ပညာ
ချင်လို့များလား ဒေါက်တာမင်းထက်ပိုင်။

"ဟော"

အုတ်လှေကားမှဆင်းလာသည့် လူရည်သန့်တစ်ဦးကို
လှမ်းမြင်လိုက်ရပါ၏။ သပ်သပ်ရပ်ရပ်ပါပဲ။ Sport shirt အဖြူ
ကို Style pants အနက်ရောင်နှင့် တွဲဝတ်ထားတာမို့ ထင်းခနဲ
မြင်သာနေတာပါလေ။ ဓာတ်ပုံထဲမှာထက် အပြင်မှာ ပို၍အသား
ဖြူဝင်းနေတာက မနာလိုစရာကြီးပါပဲ။ ကိုမြတ်ဘုန်းခေါင်ကဖြင့်
အသား ဤမျှမဖြူလှပါချေ။ ကြည့်စမ်း! သူ့ကိုတွေးမိပြန်ပါပြီ
သေတော့မှာပဲ။

"နှင်းစက်ချိုများလား"

"ဟုတ်ပါတယ်"

"တောင်းပန်ပါတယ်. . . အခုလေးတင် အရေးတကြီး
Operation ဝင်ခဲ့ရလို့ နောက်ကျသွားရတာပါ"

"ရပါတယ်"

"တော်တော်စောင့်လိုက်ရလား"





"နာရီဝက်ရှိပြီ"

အားနာပြုံးကို မြင်ရလေ၏။ ဆေးရုံက တန်းပြီးလာခဲ့
ပေမယ့် နွမ်းနယ်ပုံမရပါချေ။ ကော်ဖီမှာပြီး အိတ်ကပ်ထဲမှ ချွေး
သုတ်ပဝါအသေးလေးကိုယူကာ မျက်နှာကို အသာအယာသုတ်
လိုက်လေသည်။ လက်ချောင်းသွယ်သွယ်လေးတွေက အနုပညာ
သမားတို့ရဲ့လက်လို ကြည့်ကောင်းနေပါ၏။

'အားနာလိုက်တာ"

"မေမေလွှတ်လိုက်လို့ လာခဲ့ဘာ"

"ဗျာ! ဪ. . . ဟုတ်တယ်၊ ကျွန်တော်ရောပဲ ဆို
ပါတော့"

ဒါပဲလား။ ဟိုတစ်ယောက်နဲ့တုန်းကဖြင့် ချို့ကို ခိုးသဲ့သဲ့
နဲ့ပြောတာမှ ပေါက်ပေါက်ကို လှော်နေတာပါပဲ။ ဒီလူကဖြင့် ပြော
စရာရှိတာပဲပြောပြီး လိုရင်းတိုရှင်းပါပဲလား။ ဘာဆက်ပြောရမှာ
လဲ။ 'ကျွန်တော့်မှာ ရည်ရွယ်ထားတဲ့သူ ရှိပါတယ်'ဆိုရင်တော့
ဖြင့် နှင်းစက်ချိုတို့ အရှက်နစ်ခါကွဲပြီး လဲသေရုံသာ ကျန်တော့
တာပါလေ။

"ဒီကိုလာတွေ့တာဆိုတော့ ညီမမှာ ရည်ရွယ်ထားတဲ့
သူ မရှိဘူးပေါ့နော်"

'ညီမ'တဲ့။ အခေါ်အဝေါ်က ညက်သားပါပဲ။ အစ်ကိုနဲ့ ညီမဆိုရင်တော့ မောင်နှမသဘောမျိုးနဲ့ဖြစ်ပြီး ပွဲသိမ်းပြီပေါ့လေ။ ကဲ! ညီမဆိုတော့လည်း ဒီက အစ်ကိုခေါ်ရုံပဲပေါ့။ ဘာများဆန်းလို့လဲ။

"အစ်ကိုကရော"

"အင်း. . . ကျွန်တော်ကတော့ မိဘစကားကိုပဲ အငြိမ်နားထောင်တတ်တဲ့လူဆိုတော့ ညီမလိုပဲပေါ့"

ကောင်းရော။ ကျွန်မကိုယ်ကျွန်မ လိမ္မာလှပြီထင်နေတာ၊ အခုမှ သားလိမ္မာတုံးနဲ့ ထိပ်တိုက်တိုးပါရောလား။ အမှတ်ပေးချင်တဲ့စိတ်က ဖျတ်ခနဲပျက်ပါရောလေ။ အဲဒီလို မိဘစကားမြေဝယ်မကျနားထောင်နေမှတော့ မိန်းမစကားကို ဘယ်လိုနားဝင်ပါတော့မလဲ။ ကြဖန်ကြုံရတဲ့ကံကြမ္မာနယ်နော်။

"ကျွန်မကတော့ သမီးလိမ္မာရယ်လို့ မဟုတ်ဘူး"

"ဒါဖြင့် ဆိုးတယ်ပေါ့လေ"

ပန်းကို အသာတွန့်ပြလိုက်မိ၏။ အထင်သေးသွားလည်း မတတ်နိုင်ပါချေ။ လူပုံကိုကြည့်ရုံနဲ့ သိသာနိုင်တာပဲမဟုတ်လား။ ချိုကိုယ်တိုင်က မိဘကိုငွေရှာပေးနိုင်တဲ့သမီးဖြစ်ပေမယ့် စကားနားထောင်သည့်သမီးလိမ္မာမျိုးတော့ မဟုတ်ပါလေ။





"ကျွန်တော်နဲ့ လာတွေ့ရတာကရော"

"အဲ. . ."

"ညီမပုံစံက သိပ်အဆိုးကြီးဟုတ်ပုံမရပါဘူး။ ဟုတ်တယ်မဟုတ်လား"

သေစမ်း! ကိုယ့်စကားနဲ့ကိုယ် ချောင်ပိတ်အရိုက်ခံရတာပါလား။ အပြောတခြား အလုပ်တခြားတော့ ဖြစ်နေပြီ နှင်းစက်ချို။ စကားပြောတာ ဆင်ခြင်ပေတော့။

"အဲဒါက"

"ကိုယ်ပိုင်စီးပွားရေးလုပ်တယ်ဆို"

"ဟုတ်"

"အဆင်ပြေရဲ့လား"

"ပြေတယ်ဆိုပါတော့"

"မာမီကတော့ ပြောပါတယ်၊ နှင်းစက်ချိုက အိမ်မှုကိစ္စမနိုင်နင်းပေမယ့် အပြင်ထွက်စီးပွားရှာတာတော့ အရမ်းတော်တာတဲ့"

"အဲဒီလောက်လည်း မဟုတ်ရပါဘူး"

နဂိုကတည်းက လေးစားမှုရှိရတဲ့ကြားထဲ ကိုယ့်ကို ချီးမွမ်းသလိုပြောလာတာကိုဖြင့် မျက်နှာပူရပါ၏။ အမှန်က ပြတ်ပြတ်

ပြော မြန်မြန်ပြန်မယ်ဆိုပြီး လာခဲ့တာပါ။ လက်တွေ့မှာဖြင့် စကား ပြောကောင်းဟန်ရှိသည့် ဆရာဝန်၏လေကြောမှာ မျောတော့မယ့် ပုံပါပဲလား။

''အမှန်က ကျွန်တော့်အတွက် အလိမ္မာအိမ်ပါနဲ့ အိမ်မှုကိစ္စနိုင်နင်းမယ့်အိမ်သူမျိုး မာမီလိုက်ရှာနေတာ''

''ဩော်''

အံ့သြပြရုံပဲပေါ့။ အဲဒီအချက်တွေက ကျွန်မနဲ့ နည်းနည်းမှ မပတ်သက်တာကိုး။ ရှင်ရှာနေတဲ့စံနှုန်းနဲ့ ကျွန်မက တစ်ချက်တောင် မကိုက်ညီပါဘူး ဒေါက်တာမင်းထက်ပိုင်။ ဝမ်းနည်းစရာပါပဲ။

''တွေ့မယ့်တွေ့တော့လည်း နှင်းစက်ချိုနဲ့မှပဲ ဆုံရတော့တယ်''

''အင်း''

''ကျွန်တော့်ကို လက်သင့်ခံနိုင်ရဲ့လား''

''ရှင်! ''

အခုမှ မျက်စိကျယ်သွားရတာပါ။ လမ်းကြောင်းက ဘယ်လိုချော်ပြီး ဒီဘက်ကို မြားဦးလှည့်လာရပါသလဲ။ ထင်မထားသည့်စကားတို့က ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားရစေလေ၏။





အလို! ဒါဖြင့် ကျွန်မကို သူလက်ခံတယ်ပေါ့။ အငြင်းစကားပဲ ပြင်ဆင်လာတာမို့ ရုတ်တရက် ဘာပြန်ပြောရမည်မှန်းမသိဘဲ အူကြောင်ကြောင်ဖြစ်သွားရတာအမှန်ပါ။

''ဒါဆို မာမီတို့ကို ကျွန်တော်ခေါင်းညိတ်လိုက်တော့မယ်လေ။ ဖြစ်တယ်မဟုတ်လား''

''ရှင်! အဲဒါ. . . အဲဒါက''


''ညီမလည်း အစ်ကိုကိုမငြင်းဘူးမဟုတ်လား။ ဒါဖြင့် ဘာများပြောစရာလိုသေးလို့လဲ''

''ပြောစရာမလိုတော့ရင်လည်း မြန်ကြစို့ ချို''

''ဟင်! ''

ရုတ်တရက် ဘေးသို့ရောက်လာသည့် လူရိပ်ကြောင့် မော့ကြည့်လိုက်ရင်း အံ့သြသွားရပါ၏။ ဘုရားရေ! ဘယ်ကနေ ဘယ်လိုဖြစ်ပြီး ဒင်းက ဒီနေရာကိုသိပြီး ရောက်လာရတာပါလိမ့်။ နှုတ်က ပြောလိုက်သလို လက်မောင်းကိုပါ ဆွဲထူနေပုံက ပိုင်စိုးပိုင်နင်းဆန်လွန်းနေလေ၏။

ခက်ချေပြီကော နှင်းစက်ချို . . .



# အခန်း (၂၉)

''အို! ဒါဘာလုပ်တာလဲ''

''လာခေါ်တာလေ''

''ဘယ်သူများလဲမှတ်တယ်၊ ဘုန်းခေါင်ကိုး''

''အေး . . . ဟုတ်တယ်''

''ဒါက''

''ဒါ ငါ့ချစ်သူလေ''

''ဘယ်လို''

ကြည့်စမ်း! ပြောပုံကိုက အပိုင်ပါပဲလား။ ဒေါက်တာ
ပိုင်က အံ့သြသွားသလို သူ့လက်ထဲမှ ကျွန်မ ရုန်းထွက်

လိုက်ပါ၏။ စိတ်ရှုပ်ရပါလားနော်။ ဆိတ်ငြိမ်ရပ်နေရာမှာမှ ဒင်းက ပြဿနာလာရှာရတယ်လို့။

"ရှင် မဟုတ်တာ မပြောနဲ့နော်"

"မဟုတ်တာပြောတာမှမဟုတ်ဘဲ၊ ဟုတ်တာကိုပြောနေတာ"

"နေကြပါဦး။ ညီမပြောတော့ ရည်းစားထားတဲ့သူ မရှိဘူးဆို"

"ဟုတ်တယ်"

"ဒါဖြင့် ဘုန်းခေါင်က"

"ဘာလို့မရှိရမှာလဲ၊ ငါရှိတယ်။ ငါတို့နှစ်ယောက်ကို နှစ်ဖက်မိဘတွေ သဘောတူထားပြီးသား"

"ဘာရယ်. . . မာမီပြောတာက လွဲနေပါလား"

"ရှင်နော်. . . တော်တော့"

"ဘာလို့တော်ရမှာလဲ၊ မတော်နိုင်ဘူး။ လောလောဆယ် ငါ့ကို သူစိတ်ကောက်နေလို့ အခုလိုဖြစ်ကုန်တာ။ လူကြီးချင်း Peace သလို လူငယ်ချင်းလည်း ငြိပြီးသား"

"ကိုမြတ်ဘုန်းခေါင်"

"ဟာ! တိုးတိုးလုပ်ကြလေ၊ ဆိုင်ထဲမှာ အားနာစရာကြီး"





ပွဲလန့်တုန်း ဖျာခင်းတာလား။ ဒါမှမဟုတ် ချော်လဲလို့ ရောယိုင်တာများလား။ ဒီလိုမှမသုံးရင် အကြံကုန် ဂဠုန်ဆားချက် ဘဲ့ပုံမျိုးနဲ့ပဲ ဖန်တီးလေသလား။ ငါတော့ ဘယ်စကားပုံ ယူသုံးရမယ်မှန်းမသိတော့ဘူး မိမောင်ရေ့။ ဆူးကြားက ဗူးခါးဖြစ်နေတာတော့ အမှန်ပါပဲ။

"ရန်ဖြစ်ချင်ရင် အိမ်ရောက်မှ ဆက်ဖြစ်"

"ဘာ!"

"Sorry!... ပါ ဘုန်းခေါင်၊ ငါက မာမီလွှတ်လို့ သူနဲ့ လာတွေ့ရတာပါ"

"အဲဒါ ငါသဘောပေါက်ပါတယ်။ မင်း ဘာပဲပြောပြော သူ့ဘက်က ငြင်းရမှာလေ။ အခုတော့ ငါ့ကိုရွဲ့ပြီးငြိမ်နေလို့ ငါ ဒေါသဖြစ်နေတာ"

"ဘာပြောတယ်"

"တခြားကိစ္စ အလိုလိုက်ချင်လိုက်မယ် ချို။ ဒီကိစ္စကိုတော့ ကိုယ်လုံးဝလက်ပိုက်ကြည့်မနေနိုင်ဘူး။ ဒါပဲ"

"ရှင် . . . ရှင်"

တခြားစားပွဲဝိုင်းများမှ စုံတွဲတွေ ကွက်ကြည့်ကွက်ကြည့် ငြိုး ကြည့်နေကြပြီး၊ ပြုံးကုန်ကြချေပြီ။ ဘယ်လိုဖြစ်ကုန်ပြီလဲ။

သူလုပ်ပုံက ချိုကပဲ ရည်းစားနှစ်ယောက် ပြိုင်ထားမိလို့ အခုလို တည့်တည့်တိုးပြီး ပြဿနာကြီးတဲ့ပုံမျိုးနဲ့လေ။ အရှက်တွေတော့ ဟက်တက်ကွဲချေပြီကော။

''ရှင့်ကို ဒီလိုလုပ်ဖို့ ဘယ်သူက ခွင့်ပြုနေလို့လဲ''

''ချို့မေမေ ခွင့်ပြုတယ်လေ''

''ဘာ!''

''ဟုတ်တယ်၊ အန်တီပြောလိုက်လို့ ဒီနေရာကို ကိုယ် လိုက်လာတာပေါ့။ ဘာလဲ. . . မယုံဘူးလား။ မယုံရင် Phone ဆက်ပြီး မေးကြည့်လိုက်''

''ဟင်!''

ဇဝေဇဝါဖြစ်သွားရပါ၏။ မေမေပြောလိုက်တာတဲ့၊ မဖြစ်နိုင်တာ။ အဲဒါဆိုရင် ဒီဒေါက်တာနဲ့ကျွန်မ လာတွေ့စရာမှမလို တာလေ။ ဘာတွေဖြစ်ကုန်ပြီလဲ။ မေမေပဲမေ့ပြီး ပြောလိုက်တာ များလား။ ဒုက္ခတော့ များချေပြီ။

''မင်းတို့ကိစ္စ ဆက်ရှင်းကြပါကွာ၊ ငါပြန်တော့မယ်။ ရွတ်! ရွတ်! . . . ချာတိတ်၊ ရှင်းမယ်''

ဒေါက်တာမင်းထက်ပိုင်က ကျွန်မတို့နှစ်ယောက်ကြား ပြဿနာဖြစ်နေတာကိုရှောင်ပြီး ပြန်လေပြီ။ ကျွန်မမှာ ဟိုဆရာ





ဝန်ကိုလည်း မတားရဲသလို သူပြောတာကိုလည်း မယုံရဲဘဲ ကျန် ရစ်ခဲ့ရပါ၏။ မယုံရင် မေမေ့ကို Phone ဆက်တဲ့။ ကျစ်! ဒီနေ့ မှပဲ Phone က မေ့ကျန်ခဲ့ရတယ်လို့။

''ပြန်ရအောင်''

''ရှင် အသားကိုမထိပါနဲ့''

''တော်သေးတာပေါ့၊ အချိန်မီလို့''

''အံမာ! ရှင်ပြောပုံက ကျွန်မကပဲ အဲဒီဆရာဝန်နောက် ကောက်ကောက်ပါအောင် လိုက်သွားတော့မလိုနဲ့''

''မဟုတ်လို့လား။ ဟိုက အလံဖြူပြတာနဲ့ ဒီက (၆၀) ဒီဂရီလောက် ပါနေပြီဟာကို''

''ဘာပြောတယ်''

''အဲဒါတွေကြောင့် စိတ်မချတာပေါ့. . . ပြောတော့ဖြင့် ယောကျ်ားတွေကို စိတ်မဝင်စားဘူး၊ ရင်မခုန်ဘူးဆိုပြီး ကြီးကြီး ကျယ်ကျယ်နဲ့ အော်နေသေးတယ်။ တကယ်တမ်းကျတော့ ဟို က. . .''

''ရှင့်ပါးစပ်ပိတ်နော်၊ တော်တော်လွန်နေပြီ။ တကယ် ပဲ''

ကားတားဆီးလို့ရမယ့်နေရာအထိလျှောက်ရင်း ရန်ဆက်

ဖြစ်နေမိ၏။ ခင်းလုပ်ပုံတွေက နည်းနည်းမှကို မဟုတ်တာလေ။ လမ်းပေါ်မှာမို့ စိတ်ကိုထိန်းနေတာတောင်မှ ထုရိုက်ချင်အောင် လာဆွနေရတယ်လို့။

"အိမ်ရောက်လို့မေးပြီးမှမဟုတ်ရင် ရှင်သေပြီမှတ်။ လူကို ဒီထိလာပြီး အရှက်ခွဲရတယ်လို့။ ကျေကိုမကျေနပ်ဘူး"

"ဘယ်သူပြောပြော အချိန်မီရောက်ဖို့က အဓိကမဟုတ်လား"

"ဘာ!"

"Taxi လာနေပြီ၊ ဒေါသကိုလျှော့"

"မလျှော့နိုင်ဘူး၊ ရှင် အတော်ကလိမ်ကျတဲ့လူပါလား။ မေမေပြောတာဆိုပြီး ရှင့်ကို ဝါဝါပြောလိုက်တာမဟုတ်လား"

သူက ဘာမှပြန်မပြောဘဲ Taxi ပေါ်တွန်းတင်နေပြီမို့ တက်ထိုင်လိုက်ရလေ၏။ ကျွန်မတို့နောင်ကျိန်ပွဲကတော့ ဆက်ရှိနေသေးသည်ပဲ။ ကားဒရိုင်ဘာကို အားနာပြီး စကားဆက်မပြောဖြစ်ပေမယ့် သူ့ကိုမျက်စောင်းတခဲခဲဖြင့် တစ်လမ်းလုံး ကျွန်မ ဒေါသတွေ အလိပ်လိုက်ထွက်နေတော့တာပါလေ။

"ဘယ်လောက်လဲ"

"ခြောက်ထောင်ပါ"





သူ ကားခရှင်းနေစဉ် ကျွန်မခြေဆောင့်ကာ လမ်းထဲဝင်လိုက်ပါ၏။ တွေ့ကြသေးတာပေါ့ ဦးမြတ်ဘုန်းခေါင်။ ကိုယ့်အိမ်ရောက်ရင် ကိုယ့်စိတ်ကြိုက် အော်လို့ရပြီမဟုတ်လား။ ဘယ်သူ့ကိုမှ ဂရုမစိုက်ပါလေ။

"ရှင့်အကြံအစည်တွေကို ခုကတည်းက လက်လျှော့လိုက်ပေတော့"

"ဘာကိုလျှော့ရမှာလဲ၊ ဘာမှမလျှော့နိုင်ဘူး"

"ရှင် ကလိမ်စေ့ ငြိမ်းဆင်လုပ်နေတဲ့ကိစ္စကို ကျွန်မက ငြိမ်နေမယ်များ ထင်နေလား။ ဝေးပါသေးတယ်"

"တိုင်ချင်တိုင်ပေါ့၊ ကိုယ်က ဂရုစိုက်လိမ့်မယ်ထင်နေလား"

"တိုင်မှာ. . . တိုင်ဦးမှာ၊ ကျွန်မအမေရော ရှင့်အမေပါ အကုန်လုံးကို တိုင်ပြောပါ"

"တိုင်လေ၊ ချိုတိုင်လည်း ကလေးလိုသဘောထားပြီး လူကြီးတွေ ရယ်ကြရုံပဲရှိမှာ"

"ဘာ!"

"ရှူး. . ."

တိုက်လှေကားကိုတက်နေပြီမို့ ကျွန်မအသံက အတော်

ကျယ်သွားပါ၏။ သူကသတိပေးလိုက်သလို လက်ညှိုးထောင်ကာ အချက်ပြတာမို့ ဒေါသက ပိုဖြစ်ရတော့တာပါ။ တွေ့လား။ သူကတော့ ပြောချင်ရာပြောပြီး ကျွန်မကိုတော့ နှုတ်ဆိတ်ခိုင်းတာပေါ့လေ။ အတော်တရားတဲ့လူပါပဲ။

"ဘာတိတ်လဲ၊ မတိတ်နိုင်ဘူး"

"တိုးတိုးမပြောရင် ကိုယ်တို့နှစ်ယောက်ကိစ္စကို တစ်တိုက်လုံး သိကုန်မှာပေါ့ ချိုရဲ့"

"အံမာ!"

"အင်းပေါ့လေ၊ တစ်မျိုးတော့ ကောင်းသားပဲ။ ကြော်ငြာပြီးသား ဖြစ်သွားတာပေါ့။ မဟုတ်ဘူးလား"

"ကဲ!"

စိတ်တိုတိုဖြင့် သူ့ကျောကို အုံးခနဲထုလိုက်မိတာမို့ အသံကျယ်ကျယ်ထွက်သွားပါ၏။ နာသွားသလားပင်မသိ။ ကျွန်မ ဒေါသကြီးမှန်းသိသိကြီးနဲ့ လိုက်ပြောနေတာကိုး။

"အားပါး. . . နာလိုက်တာ ချိုရာ။ မယူခင် ခုကတည်းက နိုင်စားလုချည်လား"

"ရှင်နော်၊ ဒီလောက်ပြောနေတဲ့ကြားက အသားယူပြန်ပြီလား"





"ချိုက အသားဘယ်မှာပေးလို့လဲ၊ အားအားရှိ မျက်စောင်းတစ်ဒါဖင်နဲ့ နှုတ်က စက်သေနတ်ကျည်ဆန်အကပ်လိုက်ပဲ နေ့တိုင်းပေးနေပြီးတော့များ"

"အဲဒီလိုဖြစ်အောင် ရှင်ပဲလုပ်နေတာလေ"

"ဟုတ်ပါတယ်၊ ကိုယ်က ချစ်နေရတဲ့သူဆိုတော့ ချိုဆိုးသမျှကို ကိုယ်ပဲသည်းခံပါ့မယ်"

ဟော! ပြောပြန်ပြီ ဒီစကားမျိုး။ အစက နောက်တာဆိုပြီး ခပ်အေးအေးနဲ့ငြိမ်သက်နေတဲ့ရင်ကို နောက်တစ်ကြိမ်လှုပ်ခတ်လာအောင် သူပြုမူပြန်ချေပြီ။ ရှင်ဘယ်လိုလူပါလဲ ကိုမြတ်ဘုန်းခေါင်။ လူကို ကယောင်ချောက်ချားဖြစ်အောင် မလုပ်ပါနဲ့။

"ရှင့်ကို ဘယ်သူက ယူမယ်ပြောနေလို့လဲ"

"ယူရမှာပေါ့၊ မယူလို့ဖြစ်မလား။ လွန်နေပြီဟာကို"

"ဘာ. . . ဘာကိုလွန်တာလဲ"

"ဩော်. . . စကားတွေလွန်နေပြီလို့ ဆိုလိုတာပါ ချိုရဲ့။ တစ်လွဲမထင်ပါနဲ့"

"ဘာစကားမှ မလွန်ထားဘူး။ ရှင့်ကို အစကတည်းက ငြင်းထားပြီးသား။ နောက်ထပ် ဘာစကားမှ ထပ်ရှည်မလာနဲ့။ မကြားချင်ဘူး"

သူ့ရှေ့မှကျော်တက်ကာ ဆက်တက်လာခဲ့၏။ သူက သုံးလွှာမှာ မကျန်ရစ်ဘဲ ကျွန်မနောက်မှ ဆက်လိုက်လာလေ၏။ ဒီနေ့မှ ဒင်းအတော်သတ္တိရှိနေပါရောလား။ ဒီလောက် ကျောကော့အောင် အထုခံရတာတောင်မှ မကြောက်မရွံ့နဲ့ နောက်ကနေ လိုက်လာရတယ်လို့။

"ဒါက ဘာလို့လိုက်လာရတာလဲ"

"ယောက္ခမကြီးခေါ်ထားလို့"

"ဘာပြောတယ်"

"အန်ကယ်ရော အန်တီပါ ကိုယ်တို့ပြန်လာရင် လာခဲ့လို့မှာထားတယ်လေ"

"ရှင်နော် . . . နောက်တစ်ဆင့် တက်ချင်ပြန်ပြီလား။ သေတော့မယ်"

"တက်တော့ဘာဖြစ်လဲ၊ ကိုယ်တို့ကိုသဘောတူထားပြီးသားပါဆိုနေမှ။ ထပ်ခါထပ်ခါပြောနေရပါလား"

"ရှင့်ကို ဘယ်သူက ခေါင်းညိတ်နေလို့လဲ"

"မင်းပဲညိတ်ရမှာပေါ့ ချိုရဲ့"

"သွားသေလိုက်"

အပေါ်ဆုံးထပ်ကိုရောက်နေပြီမို့ သူ့ပခုံးကိုတမင်တိုက်





ကာ ရှေ့ကိုဆက်လျှောက်လိုက်ပါ၏။ အပြောက ကြီးပါ့။ ဖေဖေ မေမေပါ အိမ်မှာရောက်နေသတဲ့လေ။ ဘာကိစ္စနဲ့ရောက်နေရာ ရှိလို့ပါလဲ။ မထင်ပေါင်။

"နေဦး"

"ကြည့်! လူကို ပိုင်စိုးပိုင်နင်းနဲ့ လုပ်ပြန်ပြီ"

"ပြောစရာရှိလို့ပါ ချိုရဲ့"

"မပြောနဲ့၊ မကြားချင်ဘူး"

"မကြားချင်လည်း ပြောရမှာပဲ၊ ဒီမှာ ချို၊ မင်းဘက်က ဘယ်လိုပဲ ငြင်းဆန်ငြင်းဆန်၊ ဘယ်လောက်ပဲ ခေါင်းခါခေါင်းခါ ကိုယ်တို့နှစ်ဦးရဲ့လက်ဆက်ခွင့်က မိဘတွေရဲ့လက်ထဲမှာပဲ ရှိနေတာပါ။ ကိုယ်သာလျှင် မင်းကိုပိုင်ဆိုင်ရမယ့်လူပါ နှင်းစက်ချို"

လက်မောင်းနှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်ထားရင်း သူပြောနေတဲ့စကားသံက ခပ်တိုးတိုးပါပဲ။ ကျွန်မနားထဲမှာကတော့ အကျယ်ကြီးကြားနေရသလိုမျိုးနဲ့ လေသံတရှိုးရှိုးထွက်နေသလို နှလုံးသားဆီမှ တဒုန်းဒုန်းမြည်ဟီးသံက ကျယ်လောင်နေသလိုမျိုးပါလေ။ သွေးခုန်နှုန်း တဒုတ်ဒုတ်မြည်သံကပါ ခါတိုင်းထက် ပိုပြီးများ မြန်ဆန်ကျယ်လောင်နေလေသလား။

ဘုရားရေ! ကျွန်မတော့ . . . ကျွန်မတော့ အချစ်ဆိုတဲ့

အရာကို မျှော်လင့်မထားမိပါဘဲ သူ့မျက်ဝန်းထဲကတစ်ဆင့် မျက်ဝါးထင်ထင် မြင်ခွင့်သိခွင့်များ ရချေပြီလား။ ထူးဆန်းလေစွ။



## အခန်း (၂၄)

"ဟောတော့်!"

ချပ်ခနဲတံခါးမြည်သံကြောင့် သူက ကျွန်မကို အသာလှတ်လိုက်ပါ၏။ ရဲခနဲဖြစ်သွားရသည့်မျက်နှာကို အချိန်မီမပြင်လိုက်ဖြစ်ပါချေ။ တံခါးဖွင့်လာသည့်ညည့်သည်ကိုမြင်တော့ ပိုအံ့သြမှုဖြစ်ရလေ၏။

"မေမေရောက်နေတာလား"

"အေး. . . သားဖေဖေလည်း ပါတယ်"

"ဒါဖြင့် လူစုံတက်စုံပဲပေါ့လေ"

"ဟုတ်ပါ့ရှင် . . . ဟုတ်ပါ့"

"သမီးတို့ပြန်လာကြပြီလား"

အိမ်နောက်ဖေးမှ မေမေထွက်လာလေ၏။ အဟုတ်ကို တကယ်ပဲ ကျွန်မမိဘတွေပါမက သူ့မိဘတွေပါ ရောက်နေလေသည်။ အလို! ဒါဖြင့် သူညာပြောတာမဟုတ်ဘူးပေါ့လေ။ ကျွန်မထင်တာ လွဲပြန်ပြီလား။

"ပြန်လာတာ အိမ်ထဲ တန်းမဝင်သေးဘဲနဲ့ အပြင်မှာ အလွမ်းသယ်နေကြတာ နွယ်ရေ့။ ဝေက ကလေးတွေ မရောက်သေးဘူးလားဆိုပြီး တံခါးဖွင့်ကြည့်လိုက်တာ တန်းမိတာပဲ"

"ဟယ်! ဟုတ်လား"

"မဟုတ်ပါဘူးမေမေ. . . မဟုတ်ဘူး။ အန်တီ အထင်မှားတာပါ"

"အလိုတော်! အထင်နဲ့ပြောနေတာမှမဟုတ်တာ၊ အမြင်နဲ့ပါရှင်"

"ကျစ်! ခက်တော့တာပဲ၊ အဲဒါ ရှင့်ကြောင့်ဖြစ်ရတာ။ ရှင်. . . ရှင်"

ဘေးမှာရပ်နေသည့် သူ့လက်မောင်းကို ဖျတ်ခနဲထုမိစဉ် မေမေက ကျွန်မကိုမျက်ရိပ်ပြကာ တားလေ၏။ သူက ဘာမှမတုံ့ပြန်သလို နှုတ်ပိတ်လျက်ငြိမ်နေပုံက ကျွန်မတို့ကိစ္စကပဲ ဟုတ်နေသလိုလို ဝန်ခံပုံဖြစ်ပါလေ။





"ဘယ့်နှယ်ကြီးခေါ်ပြန်ပြီလဲ၊ ဒီကောင်မလေးကတော့လေ"

"နည်းနည်းပါးပါးသင်ပေးပါဦး အန်တီ၊ ချိုက ကျွန်တော့်ဆို သိပ်နိုင်လွန်းတယ်"

"အဲဒါလေးကိုပဲ မင်းက သဘောကျနေတာဆို"

"အာ. . . မဟုတ်ပါဘူးလို့ အခါခါပြောနေလည်း မရပါလား။ စိတ်ညစ်လာပြီ"

လူကြီးတွေက ဘာကိုသဘောကျမှန်းမသိ ရယ်ကြချေပြီ။ စိတ်ရှုပ်လိုက်တာနော်.. သူ့လုပ်ပုံကြောင့် အထင်လွဲသွားတဲ့ကိစ္စကို ဘယ်လိုမှရှင်းပြလို့ မရတော့ပါလားနော်။

"ကြီးကြီးရေ ကြက်သွန်နီ ကျက်နေပြီ"

"အေး. . . လာပြီသမီးရေ့၊ လာပြီ။ ဟိုကောင်မလေး အပျင်းထူမနေနဲ့။ ခေါက်ဆွဲကြော်စားချင်တယ်ဆိုလို့ ကြော်ဖို့လုပ်နေတာ၊ လာဝိုင်းကူချေ"

"ချိုမှမလုပ်တတ်တာ"

"ညည်းလုပ်တတ်တာ ဘာများရှိလို့လဲ၊ အချဉ်လုပ်ဖို့လေးဘာလေးတော့ ကူမှပေါ့။ တကတည်း. . . ငါမပြောလိုက်ချင်ဘူး"

ပြောကိုမပြောချင်တော့ပါလေ။ လူကြီးတွေအရှေ့မှာပဲ အရှက်ကွဲရတာကိုး။ အခန်းထဲဝင်ကာ အဝတ်အစားလဲရင်း ဒင်းကို ပိုပြီးဒေါသထွက်နေမိပါ၏။ ရှင်းပြပါလား။ မဟုတ်ဘူးဖြင့် မဟုတ်ဘူးလို့။ ခုတော့ ချိုကပဲ တစ်ဖက်သတ်ငြင်းနေပြီး သူက ရေငုံနှုတ်ပိတ်နေတော့တာကိုး။ တောက်! ဒင်းနဲ့တော့ တွေ့ဦးမှာပါလေ။

"မိချို"

"လာပါပြီ"

ထမင်းစားခန်းကျဉ်းကျဉ်းလေးမှာ အမေနှစ်ယောက်နဲ့ မိဝါနဲ့ပါ ကျုပ်နေပါတယ်ဆိုမှ ဒင်းကပါ ခုံဆွဲပြီးထိုင်နေတာလေ။ ရှုပ်ကိုရှုပ်တဲ့လူပါပဲ။ မေမေက ကျွန်မလက်ထဲသို့ ကြက်သွန်နှင့် ဂေါ်ဖီထုပ်ထည့်ထားသည့်ဇကာလေးကို လှမ်းပေးလိုက်ပါ၏။

"အဲဒါဘာလုပ်ရမှာလဲ"

"ဒါတောင်မသိဘူးလား။ ညည်းသိတာ ဘာရှိတုန်း ငါနော်... မပြောလိုက်ချင်ဘူး။ ဒါနဲ့များ ယောကျ်ားရဦးမယ်"

"ယောကျ်ားမယူချင်ဘူးလို့ ဒီလောက်ပြောထားတာတောင် မေမေပဲ ရှာပေးနေပြီးတော့"

"ရှာပေးရတာပေါ့၊ ငါရှာမပေးရင် ဒီတစ်သက် ညည်း





ယောကျ်ားရဖို့လမ်းမှ မရှိတာ။ ယူမယ့်သူရှိတာပဲ ကျေးဇူးတင်"

သူက လှစ်ခနဲပြုံးလိုက်တာမို့ ဇကာထဲမှ ကြက်သွန်ဖြင့် ကောက်ပေါက်လိုက်မိ၏။ သူက အသာရှောင်လိုက်တာမို့ သူ့နောက်မှာရပ်ပြီး အန်တီတို့ကိုကူပေးနေသည့် ဝါဝါ့ကျောကို သွားမှန်လေသည်။

"အ!"

"ဟဲ့! ကလေးတွေလည်းမဟုတ်၊ ဆော့နေပြန်ပြီ။ ကြက်သွန်နွှာ၊ အကွင်းလိုက်လေးလှီး။ ဂေါ်ဖီကို ပါးပါးလေးလှီး။ သခွားသီးကို အစေ့စင်အောင် ဖင်ပိုင်းဖြတ်ပြီး နွှာပြီးရင် အကွင်းလိုက်လေးလှီးပြီး အချောင်းလေးတွေဖြစ်အောင်လုပ်စမ်း"

"မလုပ်တတ်ပါဘူးဆိုနေမှ"

"လာလာ... အန်တီသင်ပေးမယ် သမီး"

ကောင်းရော။ ဒယ်အိုးထဲကြော်လှော်နေသည့်အန်တီက မေမေနှင့်နေရာလဲကာ ကျွန်မနားရောက်လာချေပြီ။ ဝါသနာမပါပါဘူးဆိုနေမှ သင်ရတော့မှာပါလားနော်။

"မိန်းကလေးဆိုတာ ချက်တတ်ပြုတ်တတ်ချုပ်တတ်ရတယ်သမီးရဲ့"

"ပြောမနေနဲ့ မေမေရေ၊ သူက ဘာမှကိုဝါသနာပါတာ

မဟုတ်ဘူး။ သူ့အဝတ်အစားတွေကိုတောင်မှ ဝါဝါချည်းလျှော်ရတာ။ သိပ်ညစ်ပတ်တယ်''

''ရှင်နော်! အဲဒါ ရှင့်အပူလား''

''ဟဲ့! မိုက်မိုက်ရိုင်းရိုင်းပြောပြန်ပြီလား။ မိချိုနော်. . . ဟိုက အလိုလိုက်နေတာနဲ့ ရောင့်မတက်နဲ့''

''ဟင်းဟင်း. . . သားကလည်း အစသာနိုင်လို့ပါ နွယ်ရယ်ကိစ္စမရှိပါဘူး''

နေနှင့်ဦးပေါ့လေ။ တစ်ကွေ့မဟုတ် တစ်ကွေ့တွေ့ကြသေးတာပေါ့။ ရေခပ်မကြု ထင်းခွေတော့ကြုဦးမှာပါ ဦးမြတ်ဘုန်းခေါင်ရယ်။ လောလောဆယ်တော့ လူကြီးသင်သမျှ မလုပ်ချင်လည်း လုပ်ရဦးမှာပါပဲ။

အနီတီလုပ်သွားပုံက အကျွမ်းတကျင်ပါလေ။ ကျွန်မမှာဖြင့် နည်းနည်းပါးပါးတော့ လုပ်တတ်ပေမယ့် ကြက်သွန်လှီးတော့ ထူ၊ ဂေါ်ဖီလှီးတော့မပါး၊ သခွားသီးလှီးတော့လည်းအတုံးအတစ်ငါတော့ မျက်နှာမရ ခြေထောက်ရကိန်းပါလားနော်။

'' Phone လာနေတယ်သမီးရေ့''

''လာပြီဖေဖေ''

အိမ်ရှေ့မှလှမ်းအော်လိုက်တာမို့ နံရံကပ်ဗီရိုပေါ်မှာ အား





သွင်းထားသည့် Phone ထံလျှောက်လာခဲ့၏။ Plug ဖြုတ်လိုက်မှပင် Phone သံက ပိတ်သွားလေသည်။ အဝင် Call ကိုကြည့်လိုက်စဉ် မိမောင် Phone ဖြစ်နေလေ၏။ ဘာအကြောင်းများရှိလို့ပါလိမ့်။

''ဟော!''

ကလုံခနဲမြည်သံကြောင့် Message ပို့နေတာပါလား။ Phone မကိုင်လို့ စာလှမ်းပို့တယ်ပေါ့လေ။

*ချို...*
*ဝါခြောတာရှန်နေပြီတော့လား...*
*ပြောတော့ဖြင့် No ဆိုပြီး တစ္စတော့ ရှူထည့်ထို*
*90 % စောင်းပြီး ထိုင်လဲသွားပြီဝေါ့လေ။*
*မိန်းမ! ဝါစိတ်ဆိုးတယ်ဖှတ်...*
*နစ်တို့ထို Taxi ပေါ်တတူစီးသွားတာ ဝါမြင်လိုက်တယ်....*
*ဖိတ်စာဝှိရှစ် ထိန်းကျော်တန်ထုတင်ပြီး လထ်ဖွဲ့မှာဝါ....*

*မိမောင်*

သေစမ်း! တိုက်တိုက်ဆိုင်ဆိုင် ဘယ်လိုမြင်ပြီး အခုလို ရေးပို့လိုက်တာပါလဲ။ ခါတိုင်း English လို ရေးနေကျမမက အခုမှ ထူးထူးဆန်းဆန်း မြန်မာလိုပို့ရတယ်လို့။ စာလုံးတွေက Screen အပြည့်အကြီးကြီးမို့ ထင်းခနဲပေါ်နေတာပါလေ။

"ဘာလဲဟင်"

"ကျစ်! ပါပြန်ပြီ၊ ရှင်တော့လား"

သူက နောက်ဘက်မှ ကပ်မေးလိုက်တာမို့ Phone ကို ပိတ်ရန်မြင်လိုက်မိစဉ် ဖျတ်ခနဲလုလိုက်ခြင်းခံရလေ၏။ ကြည့်စမ်း! မိမောင်စာကိုမြင်သွားရင်တော့ ပွဲသိမ်းပါပဲ။

"မိမောင်ဆိုတာ ဟိုတစ်ခါလာတဲ့သူငယ်ချင်းလား"

"ရှင်သိစရာမလိုပါဘူး"

"Message ပြန်ပို့လိုက်လေ၊ ကုဝင်နဲ့မရဘူး။ မွေ့ယာ ထူထူပါ ဝယ်ပေးလို့"

"အားလုံးစားလို့ရပြီ အဖေကြီးတို့ရေ၊ လာကြတော့။ ဟိုကလေးနှစ်ကောင် လူကြီးတွေရှိနေတာတောင်မှ ဆင်ခြင်ကြစမ်း။ အမြင်ရှက်အောင် မနေကြစမ်းနဲ့"

"အာ. . . မေမေကလည်း"

နှစ်ဦးသား Phone လုနေတာမို့ သူက ကျွန်မကျောမှ





သိုင်းဖက်ထားသလိုနယ် ဖြစ်သွားတာပါလေ။

မေမေ့အပြောကြောင့် ကျွန်မက ရှက်သွားပေမယ့် သူကတော့ ပြုံးလျက် ငုံ့ကြည့်နေလေ၏။ အဲဒါ ဒင်းကြောင့်၊ ပြီးတော့ မိမောင်ကြောင့်ဟု စိတ်ထဲမှကြုံးဝါးမိစဉ် သူက မိမောင်ထံ Message ပို့လိုက်လေသည်။

***Thanks! Mg.***

ကဲ ! ဘယ်လောက်များ စိတ်တိုစရာကောင်းလိုက်ပါသလဲ။ ငါယောက်ျားရရင် နင့်ကြောင့်ပဲ သိရဲ့လား 'မေသစ္စာမောင်' တရားခံက နင်ပဲနော်။ ။

**လေးစားလျက် ....**

မသဒ္ဒါမောင်
24th Dec: 2013
AM 1:20

ဤစာမူဖြစ်မြောက်ရေးအတွက် ကုန်ကြမ်းပေးသည့် သူငယ်ချင်း "ချိုသဲ"(ခေါ်) သီတာ ("သီဂီကြိုင်"ရွှေဆိုင်) အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

## နောက်လထွက်မည့်စာအုပ်

## မောင့်ပါးပေါ်က သွေးကြောလေး

## မေတ္တာရပ်ခံခြင်း

(2013) ခုနှစ် November တွင် "မာန်ထက်ချို" ရုပ်ရှင်နှင့်ဗီဒီယိုဖြန့်ချိရေးမှ "ဒါရိုက်တာမိုးကြိုး" ရိုက်ကူး ဖြန့်ဝေခဲ့သော သရုပ်ဆောင် "ဟိန်းဝေယံနှင့် "မိုးယုစံ"တို့ ပါဝင်သရုပ်ဆောင်ထားသည့် "ခပ်မိုက်မိုက်ချစ်မယ်" 'DAD' ဇာတ်ကား Cover နှင့် 'DAD' ချပ်ပေါ်တွင် စာရေးသူ၏ ဇာတ်လမ်းမဟုတ်ပါဘဲ ကလောင်အမည်ကို ဖော်ပြ သုံးစွဲခဲ့ပါသည်။

သို့ပါ၍ ၎င်းဇာတ်ကားသည် စာရေးသူ၏ စာမူဇာတ်လမ်းမဟုတ်ကြောင်း စာဖတ်ပရိသတ်များအား ဖြေရှင်းချက်နှင့်အတူ နောက်နောင်သတိထားဖော်ပြပေးပါရန် သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

မမသဒ္ဒါမောင်